www.burmeseclassic.com

# ဇော်ဇော်အောင်



# သံသယနှင်းဆီ

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်

၃၁၆/၂၀၀၄ (၃)

မျက်နှာဖုံးခွင့်ပြုချက်အမှတ်

၃၉၅/၂၀၀၄ (၄)

ထုတ်ဝေသူ

ဒေါ်ဆွေဆွေအောင်

ဆွေဆွေအောင်စာပေ

၁၅၀၊ ဘိုလိမ်းလမ်း၊ မင်္ဂလာတောင်ညွန့်

ပုံနှိပ်သူ

ဦးမောင်မျိုး

ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

ထုတ်ဝေခြင်း

ပထမအကြိမ် ၂၀၀၄ ခုနှစ် အောက်တိုဘာလ

အုပ်ရေ ၅၀၀ ၊ တန်ဖိုး (၃၀) ကျပ်

www.burmeseclassic.com

www.burmeseclassic.com

အနန္တောအနန္တငါးပါးအပါအဝင် မိဘနှစ်ပါး ဖြစ်သူ ဖေဖေနှင့်မေမေအား ရုပ်နဲ့နာမ်တည်မြဲသရွေ့ သန့်ရှင်းစွာ ရှာဖွေရအပ်သောငွေဖြင့် ထောက်ပံ့ကူညီ ကျွေးမွေးပြုစုနိုင်သည့် သမီးကောင်းရတနာဖြစ်ရပါလို၏။

BURMESE CLASSIC

ဤဝတ္ထု၊ အမည်၊ ဇာတ်လမ်းနှင့် ဝတ္ထုတွင်းပါ ဇာတ်ကောင်များသည် စာရေးသူ၏ စိတ်ကူးယဉ်မျှသာ ဖြစ်ပါသည်။

မည်သူ့ကိုမျှ မရည်ရွယ်ပါ။
တိုက်ဆိုင်မှုရှိလျှင် ခွင့်လွှတ်ပါ။

ဆွေဆွေအောင်



www.burmeseclassic.com

www.burmeseclassic.com



# ၁

BURMESE CLASSIC

"ဟော... မမ လာပြီကွ... လာကြည့်ကြ... ဒီနေ့ စတိုင်လ်က ပိုတောင်မိသေးတယ်... ဆံပင်ကို ကလစ်နဲ့ညှပ်ပြီး ခရမ်းရောင်သစ်ခွ ပန်ထားတယ်... ခရမ်းရောင် ဇာဝမ်းဆက်နဲ့ လက်ပွေ့အိတ်က အဖြူ... ခုံမြင့်ဖိနပ်က အဖြူ... လှလိုက်တာ မမရယ်"

ဝရံတာတွင် ရပ်နေသော ကောင်လေး လေးယောက်က ကားထဲမှဆင်းလာသော အမျိုးသမီးတစ်ယောက်ကို ကြည့်ရင်း ပြောနေခြင်းဖြစ်၍ ယနေ့မှ သင်တန်းတက်ဖို့ ဆောက်နေသော 'မောင်မောင်ခင်' ကလည်း ငေးကြည့်လိုက်မိပါသည်။

ဟုတ်ပါသည်။

လက်ပွေ့အိတ်က ဖြူဖြူလုံးလုံးလေး၊ သူမ အိတ်ကလေးဆွဲ၍ ဖိုင်တွဲလေးပိုက်၍ လမ်းလျှောက်လာပုံက အတော်ကြည့်၍ ကောင်းပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာကွာ… အကြွေတူနေပြန်ပြီ"

ဆောဆောက ကောင်လေးက ဝရံတာလက်ရန်းကို ထုရင်း ဒေါပွနေပါသည်။ မမ ဆိုသူကို ခပ်ချောချော လူတစ်ယောက်က နောက်က အပြေးအလွှားလိုက်ရင်း နှင်းဆီပန်းတစ်ခက်၊ လိုက်ပေးနေခြင်းဖြစ်သည်။

မမက ရုတ်တရက် အံ့ဩသလို ဖြစ်သွားပြီး လှပစွာရယ်မောရင်း ပန်းကိုယူခဲ့ပါသည်။ ပန်းပေးသူ ကောင်လေးက သစ်ပင်အောက်တွင် ရပ်နေကြသော သူ့အပေါင်းအသင်းများကို ဝမ်းသာအားရ လက်မထောင်ပြရင်း တွစ်စ်ကပြလိုက်သေးသည်။

ဆရာမကို ပန်းပေးသည့်အကျင့်မှာ ကွန်ပြူတာသင်တန်းမှာလည်း ရှိနေဆဲပါလားဟု 'မောင်မောင်ခင်' အံ့ဩနေမိပါသည်။

ဝရံတာတွင် ဒေါပွနေသော ကောင်လေးက လှေကားဝတွင်လာစောင့်ပြီး ပန်းစည်းနှင့် စောင့်နေကြသဖြင့် မိမိတို့ ဒုတိယထပ်ကို မမ ရောက်လာမည်ထင်သည်။

ကောင်လေးပုံစံက တကယ့်ကို ပျော့ရှော့။

ဘောင်းဘီက ဖွပွကားကား။

အကျီက စပို့ရှပ်ကိုယ်ကျပ် လက်ပြတ်။

ဆံပင်ကို တိုတိုလေးညှပ်ပြီး နားကပ်တစ်ဖက်က ပန်ထားသေးသည်။ ပလက်တီနမ် ဆွဲကြိုးတွေ လက်ကောက်တွေနှင့်။

သူ့အဖော်တွေလည်း သူ့ပုံစံမျိုးပါပဲ။

'မောင်မောင်ခင့်' မျက်စေ့ထဲမှာတော့ သူတို့ကို ကြည့်လို့မတတ်။ ဂြိုဟ်သားတွေလို ဖြစ်နေသည်။

လူရောက်မလာခင် သင်းပျံ့သော ရေမွှေးနံ့ကို အရင်ရှူရှိုက်လိုက်ရပါသည်။ မမက ခပ်ပြုံးပြုံး တက်လာပါသည်။

"အရမ်းကို လှတာပါပဲလားဗျာ… ရုပ်ရှင်မင်းသမီးလားထင်



www.burmeseclassic.com

www.burmeseclassic.com



ရတယ်... "

'မောင်မောင်ခင့်' စိတ်ထဲမှ စကားလုံးများ ဖြစ်ပါသည်။

မမက လှေကားဝတွင် ပန်းစည်းဖြင့် ရပ်နေသော ဟော့ရှော ကို ခပ်ပြုံးပြုံးကြည့်သလို၊ 'မောင်မောင်ခင့်' ကိုလည်း လှမ်းကြည့် ပါသည်။

သည်လို ဆရာမနှင့်သာ စတိုတ်မှာတုန်းက စာသင်ခဲ့ရလျှင် စာတတ်မည် မထင်။ အနီးကပ်ကြည့်လေ ပိုလှလေဖြစ်နေသည်။

မျက်နှာမှာ ကြွေသားလို ဖြူစင်ချောမွတ်နေပြီး မျက်ခုံး မျက်လုံး၊ နှာတံတွေလှသည့်အပြင် ပန်းပွင့်လေးလို ဖူးအိနေသော နှုတ်ခမ်းနှစ်လွှာကိုလည်း နှင်းဆီရောင် နှုတ်ခမ်းနီဆိုးထားသေး သည်။

"မမ မလာတာကြာပြီနော်... 'ညီညီ' နေ့တိုင်း မျှော်နေတာ"

"ဟုတ်လား... မမ အလုပ်ကိစ္စနဲ့ ခရီးထွက်နေလို့ မောင်လေး ရဲ့"

"ရော့ မမ အတွက်"

"အိုကွယ်... ဒီပန်းစည်းက တစ်ထောင်လောက်ပေးရကော ဟုတ်လား... မမ မယူတော့ဘူး... အိမ်မှာပဲ အလှထားလိုက်"

"ဟာ မမ အတွက်ဝယ်လာတာ... မမ အိမ်က ပန်းအိုးမှာ ထည့်ထားစေချင်လို့ပါ... ဒီပန်းကိုမြင်ရင် 'ညီညီ' ဆိုတဲ့ ကော လေးကို သတိရမယ်ထင်တာပဲ"

မမက ရယ်ရင်း...

"ဒီသင်တန်းက သူငယ်ချင်းတွေကို မမ နေ့တိုင်း သတိရ တယ်ကွယ်"

သူငယ်ချင်းဆိုပါလား။ ဒါဆို ဆရာမ မဟုတ်ဘူးပေါ့။ လည်း သင်တန်းသူပဲပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"ဒီသင်တန်းမလာခင်က မမ အိမ်မှာ တစ်ယောက်တည်းပျင်းနေတာ... ခုဆို သူငယ်ချင်းတွေ အများကြီးရပြီး အပျင်းကိုပြေလို့"

"တွေ့ရင် မမ သည်လိုပဲပြောပြီး အိမ်ရောက်တော့ မေ့သွားတာပါဗျာ... ဖုန်းဆက်ရင်ဖြင့် ဘယ်တော့မှမကိုင်ဘဲနဲ့ ဆဲလ်ဖုန်းကိုလည်း ပိတ်ထားပြီးတော့"

'ညီညီ' ပုံစံက မျက်နှာကိုလက်သီးဖြင့် ထိုးချင်စရာကောင်းလောက်အောင် ရှုံ့ပြစ်နေသည်။

"အိမ်ရောက်ရင် ဖွားဖွားက အနားမှာ အမြဲကပ်နေတာ... ဖုန်းသံကြားရင် သူ လန့်လန့်သွားတယ်တဲ့... ဒါကြောင့် ဖုန်းပိတ်ထားတာလေ"

'ညီညီ' ပေးသော ပန်းစည်းနှင့် စောစောက ကောင်လေးပေးသော ပန်းခက်ကို ရောကိုင်ထားသော မမကို အံ့ဩမိသည်။ ဘယ်သူပေးပေး ယူတာပဲလား မမရယ်။

"ဟယ် မမ ဒီနေ့မှ သင်တန်းလာတာနော်... 'တူးမာ' က ဟော့ဒီ သော့ချိတ်လေးကို ပေးချင်လို့ နေ့တိုင်းမျှော်နေတာ သိလား... သော့ချိတ်လေးမှာ 'တူးမာ' ရဲ့ ဓါတ်ပုံပါတယ်... မေ့သွားမှာစိုးလို့ မမကိုပေးတာ"

'တူးမာ' က ပြောရင်းဆိုရင်း မမကို လှမ်းဖက်ရင်း ရွှတ်ကနဲနမ်းလိုက်သေးသည်။

'ညီညီ' က မျက်မှောင်ကြုတ်ရင်း...

"တွေ့တိုင်း နမ်းနေတာပဲ... နင့်ရည်းစား နင် နမ်းပါလား"

"နင့်အပူလား... ကာယကံရှင်က ကျေနပ်နေတာပဲ... နင် မ နမ်းရတိုင်း မနာလိုဖြစ်မနေနဲ့... သနားတယ်"

'တူးမာ' က ပြောင်ပြသဖြင့် 'ညီညီ' ဒေါပွနေပါတော့သည်။

"ကဲ ကဲ... မောင်တွေညီမတွေနဲ့ တွေ့လိုက်ရရင် လောဘ



www.burmeseclassic.com

www.burmeseclassic.com



ဒေါသ မောဟတွေအားလုံး မေ့ပျောက်ပြီး ပျော်စရာလေး ဖြစ်ဖြစ် သွားတတ်လို့ အရမ်းကို ကျေနပ်မိတယ်... လာ အခန်းတွေသွားပြီး ဒီ ဆန်းဒေး ပရိုဂရမ်လေး ပြောပြအုံးမယ်"

ပြောရင်း မမ၏ ရယ်ပြုံးနေသော မျက်နှာလေးက 'မောင်မောင်ခင့်' ကိုလည်း ခင်မင်ပါသည်ဆိုသော အပြုံးဖြင့် ပြုံးပြသွားပါသေးသည်။

ပြုံးရယ်လိုက်သောအခါ အလှတွင် အယဉ်ဆင့်ပြီး၊ မျက်တောင်မခတ်ချင်လောက်အောင် ဆွဲဆောင်မှု ရှိလွန်းနေပါတော့သည်။

ရုတ်တရက်လည်းဖြစ်ပြန်၊ မိမိနှင့်လည်း တစ်ခါမျှ မခင်ဘူး မမြင်ဘူးသဖြင့် ယခုလို ခင်မင်စွာ ရယ်ပြသွားလိမ့်မည်မထင်သဖြင့် 'မောင်မောင်ခင်' က မျက်မှောင်ကြုတ်ရင်း စူးရှသော မျက်လုံးများဖြင့် ပြန်စိုက်ကြည့်နေလိုက်မိပါသည်။

သူမ စိတ်ထဲတွင် မိမိကို ပြန်ပြုံးပြဖော် မရသဖြင့် ရိုင်းသည်ဟု ထင်သွားလေမလား မသိ။

"ကောင်တွေ ကောင်မတွေကလည်း ပိုက်ဆံရှိတဲ့လူဆို ဖားနေတာ မျက်စေ့နောက်စရာ... နားကလောစရာကွာ"

'မောင်မောင်ခင့်' နောက်ဘက်မှ ခပ်စွာစွာ ပြောလိုက်သော ကောင်မလေးတစ်ယောက်၏ အသံဖြစ်သည်။

"ဟုတ်ပါ့... 'မသကြာန်' ကလည်း... လုပ်ကြည့်တော့သာ မာနကြီးမယ့်ပုံနဲ့ လူတကာကို ရှောနေတော့ သူများတွေ အထင်သေးပြီး ခွေးလေးအရောဝင် ပါးလျှက်နားလျှက် လုပ်ကုန်တာပေါ့ ဘယ်သူပန်းပေး,ပေး ယူလိုက်တာပဲ... ကြည့်ရတာ သူကိုယ်တိုင် ကလည်း ဒီလို မြှောက်စားခံရတာကို ပီတိဖြစ်နေတာပေါ့ပါရဲ့... ကျေနပ်နေတာ ထင်ပါရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ... ဒီပုံအတိုင်းသာ နေရင်တော့ ဒီသင်တန်းက တစ်ယောက်ယောက်နဲ့တော့ ညိမှာသေချာတယ်"

အတင်းပြောနေသူ နှစ်ယောက်ကို အနားတွင် ရှိနေသော နောက်ထပ် ကောင်မလေးတစ်ယောက်က...

"နင်တို့ကလည်းဟယ်... မမက ပိုက်ဆံချမ်းသာပြီး ရုပ်ချော ပေမယ့် မာနမကြီးတတ်လို့ နေမှာပေါ့... တချို့ ပိုက်ဆံလည်း ချမ်းသာတာလည်း မဟုတ်... ရုပ်လည်း ချောတာမဟုတ်ဘဲ အလ ကား ဘဝင်မြင့်နေပြီး ခပ်တည်တည်နေတဲ့ လူတွေကမှ အမြင်ကတ် ဖို့ကောင်းတာ"

" 'မိကြူ'ရယ်... နင်လည်း 'မသကြန်' ကို ရောချင်နေတာ ငါတို့ သိပါတယ်နော်... ဟိုက တစ်ပတ်တစ်ခါ အိမ်ခေါ်ပြီး ဟို ဟာကျွေး ဒီဟာပေးတာကို နင်လည်းလိုချင်လာပြီ ထင်တယ်... 'မာမာ' တို့ကတော့ 'မာမာ' ပဲ... လူ့လူချင်း အောက်မကျို့ဘူး ကိုယ့်လူ"

ဤဝရံတာလေးတွင် ထိုင်နေသည့် အချိန်တိုတိုလေးအတွင်း လူတွေ၏ စိတ်သဘောထား အမျိုးမျိုးကို အံ့သြစွာ တွေ့ကြုံလိုက် ရပါသည်။

မမ၏အလှနှင့် မမ၏ဓနကို မိန်းကလေးအချင်းချင်းပင် မနာလို ဖြစ်နေပါကလား။

အခန်းခြင်း မတူသဖြင့် သင်တန်းဆင်းချိန်တွင် သူတို့နှင့် မကြုံတော့ပါ။

နောက်တစ်နေ့ 'မောင်မောင်ခင်' လည်း မျှော်တတ်လာပါ သည်။

ဝရံတာတွင် 'ညီညီ' စောင့်နေသလို ပလက်ဖောင်းပေါ်တွင် လည်း 'အောင်ကျော်ထွန်း' ဆိုသူက မနေ့ကလိုပင် နှင်းဆီတစ်ခက်



www.burmeseclassic.com

www.burmeseclassic.com


ဖြင့် စောင့်နေပါသည်။

မနေ့က မမ စီးလာသောကားကို ဘာကားမှန်းမသိလိုက်သော်လည်း အဖြူရောင် အသစ်စက်စက် တံခါးလေးပေါက် ဇိမ်ခံကားမှန်းသိသည်။

ယနေ့ မမ ဆင်းလာသောကားက တိုယိုတာ လန်ခရိုဆာပါဂျရိုး။ ဒီလိုကားမျိုးက တော်ရုံလူ မစီးနိုင်ဘူးဆိုတာ သိသည်။

မနေ့က ကားသော့လေးကိုင်လာပြီး ယနေ့ တစ်စုံတစ်ဦးက လိုက်ပို့ပုံရသည်။

ဟော ကားမောင်းသူ ဆင်းလာပြီး မမနှင့်စကားပြောနေပါလား။

ပုံစံကိုကြည့်ရတာ ဒရိုင်ဘာမဟုတ်။ ပေါ့ပါးပြီး သားနားသော ရှပ်လက်ရှည်ကို နက်ကတိုင်တပ်၍ ဝတ်ထားသည်။ ဘောင်းဘီပွပွ ရှူးဖိနပ်ကလည်း ပြောင်လက်နေသည်။

အရပ်မြင့်သည်ဟု ထင်ရသော မမသည် ထိုလူနှင့်ယှဉ်သောအခါ ပုသွားခဲ့သည်။ ထိုလူပုံစံက အချောစားမဟုတ်သော်လည်း နှာတံပေါ်ခြင်း၊ မျက်ခုံး မျက်လုံးများကောင်းခြင်း၊ သန်စွမ်းနက်မှောင်သော ဆံပင်များကို ခပ်တိုတိုညှပ်ပြီး နောက်ဖက်သို့လှန်ဖြီးထားပါသည်။ ကြည့်၍ ကောင်းပါသည်။

သစ်ပင်အောက်မှ ပန်းတစ်ခက်ကိုင်ထားသော 'အောင်ကျော်ထွန်း' တစ်ယောက်၊ အကဲခတ်သလို ကြည့်နေပါသည်။

မမ ပုံစံက ယနေ့ ပေါ့ပါးသော အဝတ်အစားများနှင့် သွက်လက်နေသည်။

ဗွီရှိတ်အနက်ရောင် စပို့ရှပ်လက်က ခပ်တိုတို၊ ခပ်ကျဉ်းကျပ်ခါးကလည်း အထက်ဆင်ဖုံးရုံဖြစ်သည်။ အပြာရောင် ဗိုးလျှုစကပ်ထမီနှင့်။


www.burmeseclassic.com

www.burmeseclassic.com



ခေါင်းလျှော်လာပုံရသည်။ ပခုံးအထိသာရှည်သော ဆံပင်ဖွာဖွာများကို ကျောက်ကလစ်ဖြင့် တစ်ဖက်စီ သိမ်းတင်ထားသည်။ အနက်ရောင် သားရည်အိတ်နှင့် အနက်ရောင်ကွင်းထိုးဖိနပ်နှင့်။ ဖြူဖွေးသောလည်တိုင်တွင် ဆွဲကြိုးမှျင်မှျင်နှင့် လက်မခွံလောက်ရှိသော စိန်လော်ကက်ကို ဆွဲထားသည်။ စိန်လက်စွပ်ကို ဝတ်ထားသည်။

"မမ ရည်းစားထင်တယ်"

ဝရံတာမှ 'ညီညီ' က သဝန်တိုသလို ပြောနေသဖြင့် အဖော်ဖြစ်သူက...

"ဖြစ်နိုင်တယ်... ရွယ်တူတန်းတူလည်း ဖြစ်... ဂုဏ်ရည်ခြင်းလည်းတူမယ့်ပုံပဲ..."

"ဟာကွာ... မောင်နှမ ဖြစ်ချင်ဖြစ်မှာပေါ့... ဆွေမျိုးဖြစ်ချင်ဖြစ်မှာပေါ့"

"စိတ်ကူးယဉ်မနေနဲ့ 'ဖိုးညီ'... မင်းကို မမက ကလေးတစ်ယောက်လို ချစ်တာခင်တာ... အသက်ခြင်းလည်း အများကြီးကွာတယ်"

'ညီညီ' ပုံစံက ဆွေးနေသလိုပါပဲ။

မမကို အတူပါလာသူက လှေကားဝအထိ လိုက်ပို့သဖြင့် 'အောင်ကျော်ထွန်း' ရက္ခစိုးဖြစ်ပြီး ကျန်ရစ်ခဲ့ရှာသည်။

'ညီညီ' က ဒေါနှင့်မောနှင့် ဆီးကြို၍ မေးခြင်းဖြစ်သလို 'အောင်ကျော်ထွန်း' ကလည်း အပြေးအလွှားလိုက်လာရင်း...

"အဲ့ဒါ မမ လူလား"

"ဟင်... အင်း... ငယ်ငယ်လေးတည်းက တစ်ယောက်အိမ်တစ်ယောက် ဝင်ထွက်နေကြ... ငယ်ပေါင်းတွေဆိုလည်း ဟုတ်လူကြီးချင်း သဘောတူထားကြတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ယူရမှာပေါ့"

"ဒါတော့ ပြောလို့မရဘူးလေ... ဖူးစာပါရင်တော့ ယူဖြစ်ကြမှာပေါ့"

'အောင်ကျော်ထွန်း' က မျက်မှောင်ကြုတ်၍ ကြည့်ရင်း...

"ကျွန်တော် သိပါတယ်ဗျာ... ကျွန်တော် နေ့တိုင်းစောင့်ပြီး ပန်းပေးတာကို ရပ်တန့်သွားစေချင်လို့ တမင် လူငှားလာခဲ့တာ မဟုတ်လား... ရပါတယ်ဗျာ... မကြိုက်ရင်လည်း မပေးတော့ပါဘူး"

မျက်ရည်တွေဝဲပြီး အသံတွေပင် တုန်နေသည်အထိ 'အောင်ကျော်ထွန်း' က ဖီလင်တွေတက်နေခြင်းဖြစ်သည်။ လက်ထဲတွင် ကိုင်ထားသော ပန်းကို လုံးချေပစ်ပြီး ခြေသံပြင်းပြင်းဖြင့် ပြန်ဆင်းသွားခဲ့ပါသည်။ မမက ခွင့်လွှတ်သောအပြုံးဖြင့် ခေါင်းခါရင်း အခန်းတွင်းဝင်ဖို့ ခြေလှမ်းပြင်နေစဉ် 'ညီညီ' က...

"သူ ပြောတာ ဟုတ်လား မမ"

"ငှားလာတာ မဟုတ်ဘူး 'ညီညီ' ရဲ့... အပိုင်ကို ရထားတာ သူက လုံးဝအလုပ်မအားလို့ အမြဲလိုက်မပို့ နိုင်ရှာဘူး... ဒီနေ့တော့ အိမ်ကကားပျက်နေလို့ ကားငှားစီးမယ်လုပ်နေတုန်း သူရောက်လာတာနဲ့ လိုက်ပို့ပေးရှာတာ"

"ကိုယ့်မှာ ရည်းစားရှိနေလျက်နဲ့ ဘာလို့ ကျွန်တော်တို့ကို စိတ်ကူးယဉ်ခိုင်းထားတာလဲ"

"မယူတော့လည်း မာနကြီးတယ် ရိုင်းတယ်ထင်ပြီး ရန်လုပ်ကြ နာမည်ဖျက်ကြအုံးမယ် မဟုတ်လားကွယ်... မမ ပုံစံက ကလေးမန့်ပေးကြိုက်တဲ့ ပုံစံမျိုးမဟုတ်တော့တာ သတိထားမိတဲ့ လူတွေ ရှိကြမှာပါ... 'ညီညီ' တို့ကို ခင်သလို 'တူးမာ' တို့ကိုလည်း ခင်တာပဲ... တစ်ဦးတည်းသောသမီးဆိုတော့ အဖော်မင်တာတော့ အမှန်ပဲ...



www.burmeseclassic.com

www.burmeseclassic.com



မမ အကျင့်က ငယ်ငယ်တည်းက ခင်ခင်မင်မင်နေချင်လို့ ကိုယ့်ကို လာခင်လို့ကတော့ ပါလာသမျှ ကုန်အောင်ကျွေးယုံတင် မဟုတ်ဘူး... အိမ်ခေါ်ပြီး ကျွေးရမှ ဆော့ရမှ... အဲ့ဒီအကျင့်က ခု ချိန်ထိ ရှိနေတုန်းပဲ"

"တော်ပါပြီဗျာ"

'ညီညီ' က ကလေးဆိုးကြီးလို ရန်လုပ်ဆောင့်အောင့်ပြီး ထွက်သွားခြင်းဖြစ်သည်။

ထုံးစံအတိုင်း မမက ရှက်သလိုရယ်ကျဲကျဲလေးဖြင့် ပတ်ဝန်း ကျင်ကို ဖေ့ယမ်းကြည့်ပြီး ထွက်သွားခဲ့ပါသည်။

သူမ၏အကြည့်ကို 'မောင်မောင်ခင်' ရော၊ 'မာမာ' တို့ အဖွဲ့ ပါ ခံလိုက်ရပါသည်။

" တွေ့တယ်မဟုတ်လား... ဒီအရွယ်ရောက်လို့ အမြီးမ ပေါက်မှတော့ ဘာမျောက်လဲကွာ... ဘွဲ့ကလည်း ရပြီးသား... ရုပ် ကလည်း ချော ပိုက်ဆံကလည်း ကျိကျိတက်ချမ်းသာနေမှတော့ ကြိုက်ကြိုက်တဲ့လူဝိုင်းဝိုင်းလည် နေမှာပေါ့... ဒီကောင်တွေကို ကြောင်ကြီးက ကြွက်ကလေးနဲ့ကစားသလို အပျင်းပြေကစားနေ မှန်း ငါသိပြီးသား... ကောင်းတယ်... ပိုက်ဆံရှိတဲ့မိန်းမမှ မှန်းချင် တဲ့ကောင်တွေ ခံပေါ့"

"နင် ပြောပုံကလည်း ငါတို့က ဆင်းရဲလို့ သူတို့မကြိုက် လို့ ဒေါပွတဲ့ပုံစံကြီး ဖြစ်မနေဘူးလား"

"အေး ငါကလည်း ဒီလိုကောင်မျိုးတွေကို စိတ်တောင်မကူး ဘူး... အိပ်မက်ထဲတောင် ထည့်မမက်ဘူး... နှုတ်ခမ်းပဲ့ခြင်း မီးမှုတ် လို့ကတော့ တောက်မှာမဟုတ်ဘူး... ကိုယ်ပိုင်အိမ်လေး ကားလေး စီးပွားရေးလုပ်ငန်းလေး မရှိရင်မယူဘူး"

" 'မာမာ' ရေ... ဒါဆို အပျိုကြီးသာလုပ်တော့... အားလုံးက



www.burmeseclassic.com

www.burmeseclassic.com



ခပ်မွဲမွဲကြီးပဲ… နင်ပြောတဲ့လူမျိုးက ယောကျ်ားတစ်ထောင်မပြောနဲ့ ယောကျ်ားတစ်သောင်းမှာတောင် မရှိဘူး… ရှိပြန်ရင်လည်း ယောကျ်ားတွေက မိန်းမတွေထက် လိမ္မာတယ်… သူတို့ထက်သာတာကိုပဲ လိုက်ရှာနေကြတာ…

အခုပဲကြည့်လေ… ‘မသကြင်န်’ လို မိန်းမမျိုးနဲ့ စကားပြောနေရတဲ့ ယောကျ်ားတွေရဲ့ မျက်နှာဆို ပျားရည်လူးထားသလို ချိုပြီး ပြောင်လက်နေတာပဲ”

သူမတို့ စကားကို နားထောင်နေသော ‘မောင်မောင်ခင့်’ ခမြာ…

ခန္ဓာကိုယ်လေး ပိုပိန်သွားသလို ကြုံ့ဝင်သွားသလို ခံစားလိုက်ရသည်။

မိမိလို ကောင်မျိုးကို သူမတို့မျက်လုံးထဲတွင် မြင်မည့်ပုံပင်မပေါ်။ မိမိက မနေ့ကလည်း ဤအင်္ကျီအဖြူ၊ ဤလုံချည် ခရမ်းရောင်။ ဖိနပ်ဆိုလျှင် ကြိုးပြတ်နေသဖြင့် တစ်ဘက်ကို ပြန်ချုပ်ထားရသေးသည်။ လွှင့်ပစ်ရအောင်လည်း နှစ်ခါသာစီးရသေးသည်။ ခလုပ်တိုက်ပြီး ပြုတ်သွားခဲ့ခြင်းဖြစ်သည်။

“ဟော့ ဟော့… ဟိုတစ်ယောက်ပုံစံကတော့ သနားစရာလေးနော်… ကြည့်လိုက်ရင် အားငယ်သလိုလို ရှက်သလိုလိုနဲ့ ရုပ်ကတော့ နုချောနေတာပဲ”

“ ‘မိကြူ’ နော်… တော်ကြာ ကုပ်ကမြင်းနဲ့ တွေ့နေမယ်… အဲ့ဒါမျိုးတွေက ပိုကြောက်ရတယ်”

ထိုစကားကြောင့် ‘မောင်မောင်ခင့်’ ရင်ထဲ ထောင်းကနဲဒေါ်သွားပါတော့သည်။ ဤအမျိုးသမီး သုံးယောက်သည် သူတို့မျက်ဝန်းထဲ မြင်သမျှ အကောင်းမမြင် တတ်သူများပါလား၊ မြင်သမျှကိုလည်း ကိုယ့်ကိစ္စ မဟုတ်ဘဲ စပ်စုလွန်းလှပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤမိန်းမများနှင့် ကင်းဝေးဖို့အတွက် နောက်ရက်ကျလျှင် ဤဝရံတာတွင် မစောင့်တော့ဟု ဆုံးဖြတ်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၂

ကားဂိတ်ရှိရာ သွားနေစဉ် ရုတ်တရက် မိုးရွာချသဖြင့် 'မောင်မောင်ခင်' ပြေးခဲ့ရသည်။ သစ်ပင်အောက်ရောက်ဖို့ ကားဂိတ် အလှူရှင်များ၏ အမိုးအောက်ရောက်ဖို့ အတော်ဝေးဝေး လိုသေးသဖြင့် လွယ်အိတ် မိုးမစိုစေရန် ပြေးနေစဉ်မှာပင် ဖိနပ်သဲကြိုးက ပြတ်သွားခဲ့သဖြင့် နောက်ဘက်တွင် ဖိနပ်ကျွတ်၍ ကျန်ခဲ့ပါသည်။ ဖိနပ်ရှိရာ ပြန်လာပြီး ပြန်စွပ်ကြည့်နေစဉ်...

"တီ တီ..."

ပလက်ဖောင်းနားကပ်ပြီး ကားတစ်စီး ရပ်လာသလို ဟွန်းတီးသဖြင့် လှမ်းကြည့်မိသည်။

"မမ"

ရင်ထဲမှ ခေါ်မိခြင်းဖြစ်သည်။

အံ့ဩသောမျက်နှာဖြင့် လှမ်းကြည့်နေသော 'မောင်မောင်ခင်' ကို 'မေသကြိန်' က အားရပါးရရယ်ရင်း...



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါ့… မိုးက မပြောမဆို ရွာချတော့ အားလုံးအပြေးအလွှားဖြစ်ကုန်တာပေါ့… မမတောင် ကားထဲရောက်အောင် မနည်းပြေးရတာ… ထီးကလည်း ပါမလာဘူးလေ… ပါလာရင် မင်းကိုပေးသွားလို့ရသေးတယ်… ကဲ ဘယ်ကိုပို့ပေးရမလဲ… ဖိနပ်အရင်သွားဝယ်မလား"

ထိုစကားကြောင့် 'မောင်မောင်ခင့်' ရင်ထဲ ဒိန်းကနဲပင်မြည်သွားခဲ့သည်။ ဖိနပ်ဝယ်ဖို့ ပိုက်ဆံ အပိုမပါ,ပါ။ ဖိနပ်တစ်ရံ တစ်ထောင် ဤဖိနပ်က မဟောင်းသေးပါ။ ပြန်ချုပ်စီး၍ ရသေးသည်။

"ရတယ်ဗျ… မမ သွားစရာရှိတာ သွားပါ"

"မဟုတ်တာ… ဒုက္ခရောက်နေတာ မြင်လျက် ထားမသွားရက်ပါဘူး… နေ့တိုင်းမြင်နေကြပေမယ့် မခေါ်မပြောဖြစ်ကြဘူး… ခုတော့ ခင်သွားပြီပေါ့ကွာ… ကဲ မိုးတွေသည်းလာပြီ… ဝင် ဝင် မြန်မြန်ဝင်"

ရှေ့ဘက်တံခါး ဖွင့်ပေးခြင်းဖြစ်သော်လည်း 'မောင်မောင်ခင်' နောက်ဘက်တံခါးကို ဖွင့်၍ ဝင်ထိုင်လိုက်ပါသည်။

ထိုအပြုအမူကြောင့် 'မသေကြာန်' က ကျေနပ်စွာရယ်မောနေပါသည်။ 'မာမာ' ပြောသလို ကြွက်ကလေးကို ကစားချင်လို့ ချော့ခေါ်နေတာလားဗျာဟု နောက်ကြည့်မှန်ထဲမှ မသိမသာခိုးကြည့်ရင်း တွေးလိုက်မိပါသည်။

"ဖိနပ်ဝယ်မှာလား"

"မဝယ်တော့ဘူးဗျ… ဟိုရှေ့က ကားဂိတ်မှာသာ ရပ်ပေးလိုက်ပါ"

"ဟင် ဖိနပ်အပြတ်ကြီးနဲ့ ကားပေါ်တက်ရခက်မှာပေါ့… သွားရခက် ဆင်းရခက်မှာပေါ့… မဝယ်တော့ဘူးဆိုရင်လည်း မမအိမ်အထိလိုက်ပို့ပေးမယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



* * *

"ဟာ နေပါစေ... ကျွန်တော့်အိမ်က အဝေးကြီး"

"ဘယ်မှာ နေတာမို့လဲ"

"ဟို အင်းစိန်"

"ရပါတယ်... အပျင်းပြေ ကားမောင်းရင်း လိုက်ပို့ပေးလို့ ဖြစ်ပါတယ်... ခါတိုင်းလည်း သင်တန်းပြီးရင် မမ မြို့ထဲကဆိုင် တွေ လျှောက်ဝင်ကြည့်နေတာ"

ခက်ပါလား။ ကိုယ့်လွတ်လပ်မှုပင် ကိုယ်မရတော့ပါလား။ ဤအမျိုးသမီးကလည်း ဖွတ်ပါပဲလား။ ဖြစ်နိုင်လျှင် ငှက်တ ကောင်လိုသာ ထပြန်ပြေးချင်နေပါတော့သည်။

"ရပြီ မမ... ဟိုရှေ့ကသာ မှတ်တိုင်မှာသာ ရပ်ပေးပါ"

"ဘာဖြစ်လို့လဲ... မမကို အားနာနေတာလား... ဒါမှမဟု မမ စေတနာနဲ့ ကူညီတာကို နှောင့်ယှက်တယ်လို့ ထင်နေ လား"

ကားရပ်ပြီး စိတ်တိုသလိုလေး မေးလာသဖြင့် [illegible]င်မေ ခင်' အားနာသွားမိပါသည်။

"ဖိနပ် မဝယ်တာက ပိုက်ဆံအပိုမပါလို့ပါ... အိမ်အထိ မပို့ခိုင်းတာကလည်း အရမ်းခင်မင်နေတဲ့ လူဆိုရင်တောင် ပို့ ရက်ပါဘူး... ဝေးကလဲဝေး... လမ်းကလဲဆိုးနဲ့မို့ပါ... တ ယင်ပါနဲ့ဗျာ"

'မောင်မောင်ခင့်' ပုံစံလေးကိုကြည့်ပြီး 'သကြီန်' ခ လိုက်မိပါသည်။

"ဩော် ဆောရီးကွာ... မင်းရဲ့ အခက်အခဲကိုမသိဘဲ က ဖွတ်အနိုင်ယူသလို ဖြစ်သွားပြီပဲ... ကဲ ဒီလိုလုပ်... စေချင်ဘူးဆိုရင်လဲ မပို့တော့ဘူး... ဖိနပ်ဆိုင်မှာ ဖိနပ်ဝ ပေါ့"

www.burmeseclassic.com



...မျက်နှာ ပျက်သွားပြန်သဖြင့်...

"အလကားပေးတာကို မယူချင်ဘူး မဟုတ်လား... ဒါဆို ...တ်ပြန်မှ ပိုက်ဆံပြန်ဆပ်ကွာ ဟုတ်ပြီလား"

'မောင်မောင်ခင်' အရမ်းကို စိတ်ညစ်နေပါသည်။

မည်သူနှင့်မျှ မခင်ချင်သဖြင့်၊ ကွန်ပြူတာစတက်ကတည်းက ...ထီးကျန်စွာ နေခဲ့သူပါ။ အပေါင်းအသင်း လုံးဝမထားသဖြင့် အ...န်းထဲမှ အတင်းပြောပါသည်။ အဆုံ့မရှိ၊ သောက်စားကြီးတယ်တဲ့ ...မရှိဘဲ၊ ဝိလုပ်တယ်တဲ့။ ပိုက်ဆံမရှိဘဲ၊ ဟန်များ၊ မာနထားတယ် ...တဲ့။

"ဟော ဒီလိုလဲ မဟုတ်ပြန်ဘူးလား... ဒါကြောင့် မင်းကို ...ပါင်းရသင်းရခက်တယ်လို့ ပြောကြတာကို... အကြောင်းတစ်ခုခု ...လို့ မင်းတစ်ယောက်တည်း အားငယ်နေရှာတာပဲလို့ မမ ထင် ...းမိခဲ့တယ်... မင်းကို မခေါ်ကြ မပြောကြလို့ မမက စိတ်မ ...ကောင်းဖြစ်နေတာ"

ဒုက္ခပါပဲ။ ဝရံတာတွင် ထိုင်တုန်းက အတင်းပြောခံရသဖြင့် ...က်ပိုင်း သစ်ပင်အောက်တွင် သင်တန်းမစမချင်း၊ တစ်ယောက် ...း စာထိုင်ဖတ်နေခဲ့သော မိမိကို ဘယ်သူတွေက ဘာတွေပြော ...ပြန်ပြီ မသိ။

...အများအမြင်တွင်၊ ဘဝင်မြင့်နေသူဟု အထင်ခံရသော မိမိ ...မြင့်စရာ ဘဝင်မရှိရှာတာ သူတို့မသိကြပါ။ မိမိလိုကောင်ကို ...ခင်ဖို့၊ ကူညီဖို့ကြိုးစားနေသော မမ၏ ခင်မင်မှုသည် ရိုးမှ ...လေစ။ သင်တန်းတစ်ဝိုက်မှ ကောင်လေးများ၏ စိတ်ဝင်တ ...ကြည့်ခြင်း၊ အရေးပေးခြင်း၊ ပန်းပေးခြင်း၊ လက်ဆောင်ပေး ...ကို နေ့စဉ်ခံနေရပါလျက် သူမကို စိတ်မဝင်စားသလို မ ...ချင်သလို ခပ်ကင်းကင်းနေတတ်သော မိမိကို အမြင်ကတ် ...င်နှင်း...

...ကောင်စာအုပ်တိုက်

www.burmeseclassic.com

သဖြင့် တမင်လာရောပြီး ခင်ပြီဆိုမှ ဟိုကောင်နှစ်ကောင်လို ဒေါပွ အောင်၊ မျက်ရည်ကျအောင်များ လုပ်မလို့လား။

မလုပ်ပါနဲ့ဗျာ။ ဆင်းရဲသား ငမွဲတစ်ယောက်ကို အသည်းခွဲ နိုင်တော့ရော၊ မမ မှာ ဘာအကျိုးရှိမှာမို့တုန်း။

"ဟေး ဘာတွေစဉ်းစားနေတာတုန်း... ကဲ ကဲ သိပ်လဲစိတ် ဆင်းရဲမနေပါနဲ့ကွာ... စေတနာတွေ ဝေဒနာတွေ မဖြစ်ပါရစေနဲ့ မင်းစိတ်ချမ်းသာအောင် ရေ့ကကားဂိတ်မှာပဲ ရပ်ပေးလိုက်တော့ မယ်... မင်းသိထားဖို့က ဖိနပ်ပြတ်တဲ့ မိန်းမလှလေးတွေကို သနား တဲ့ကိုကိုတွေ များပေမယ့် ဖိနပ်ပြတ်တဲ့ ကောင်လေးတွေကိုတော့ ကိုကိုတွေက ဟားမှာနော်...

ကောင်မလေးတွေကလည်း သနားသလိုလို ပြုံးသလိုလိုနဲ့ ကြည့်ကြမှာနော်... ဒီက မေခလာက မနေနိုင်လို့ဆင်းကယ်တာကို လက်မခံတော့လည်း မတတ်နိုင်ဘူးလေ... တစ်ခုတော့ ပညာရသွား တယ်... လူတိုင်း မမကို မခင်ဘူး... အထင်မကြီးဘူး... မပတ်သက် ချင်ဘူး ဆိုတာကိုပေါ့"

ကားပေါ်က ဆင်းဖို့သာရှိတော့သဖြင့် ဆင်းလိုက်ရပါသည်။ ကားတံခါး ပြန်ပိတ်နေရင်း မျက်နှာငယ်ဖြင့်...

"ကူညီတတ်တဲ့ မမကို ကျေးဇူးတင်နေမှာပါ... သူများပေးတဲ့ အကူအညီကို ယူပြီးရင် ကျွန်တော့်ဘက်က ဘာမှ ပြန်မကူညီနိုင် ဘူးဆိုတာ သိပြီးသားမို့ ဘယ်သူဆီက အကူအညီမှ မယူရဲလို့ပါ"

"ဟုတ်ပါပြီ... သဘောပေါက်ပါပြီ... တို့များဘဝမှာတော့ ဒါသင်ခန်းစာပါပဲနော်... လူတကာကို ခင်ချင်လို့ အထင်သေးခံရ တာလဲ ရှိခဲ့ဘူးပြီ... ကိုယ့်ကို မခင်ချင်လို့ ကိုယ့်အကူအညီကို ကျေး ဇူးမတုန့်ပြန်နိုင်လို့ ငြင်းတာလည်း ခံရဘူးပါပြီရှင်... ဘာ စိတ်အ နှောင့်အယှက် ဖြစ်အောင်လုပ်မိခဲ့ရင်လည်း ခွင့်လွှတ်ပါနော်...


www.burmeseclassic.com

www.burmeseclassic.com



တောင်းပန်ပါတယ်"

'မေသကြိုန်' က အလေးပြုသလို စလံပေးရင်း ရယ်ကြဲကြဲ မျက်နှာဖြင့် ကားစက်နှိုးပြီး ထွက်သွားခဲ့ပါပြီ။

'မောင်မောင်ခင်' က ကားကလေး ပျောက်ကွယ်သွားသည် အထိ မိုးရေထဲတွင် လက်ပိုက်ကြည့်ရင်း ကျန်ရစ်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ကိုသာ ရောက်လာသည် ပျူနှင့်စိတ်က သိပ်မကပ်လှ။

မမ၏ စေတနာကို ဘာကြောင့် စော်ကားမိပါလိမ့်။

ဘာကြောင့် ငြင်းမိပါလိမ့်။

သူမလို မိန်းကလေးနှင့် ပတ်သက်ရ၍ ခင်မင်ရင်းနှီးရ၍ မိမိအတွက် ဘာမျှနစ်နာစရာ မရှိပါ။

အားနာပြီး၊ စိတ်မကောင်းဖြစ်ပြီး၊ သံပါတ်ပေးထားသော စက်ရုပ်တစ်ရုပ်လို အိမ်ပြန်ရောက်လာခြင်း ဖြစ်သည်။

" ဟယ် 'ကိုကိုမောင်' ပြန်ရောက်နေပြီကိုး... ဘာသံမှ မကြားလို့ ဘယ်သူမှ မရှိဘူး မှတ်နေတာ... မှန်ရှေ့မှာထိုင်ပြီး ဘာလုပ်နေတာလဲ 'ကိုကိုမောင်' ရဲ့... တို့ကိုကိုက ချောပြီးသားပါ"

'ကေခိုင်' က အံ့ဩသလို ရယ်သံလေးဖြင့် ပြောရင်း ကြောင်းပေါက်ကို ကျောမှီရပ်ရင်း အစ်ကိုဖြစ်သူကို ပြုံးပြုံးလေး ကြည့်နေ



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။

မှန်ကြည့်နေတုန်း လူမိသွားသဖြင့် 'မောင်မောင်ခင်' ရှက်ပြီး မျက်နှာကြီး နီသွားပါသည်။ ပြီးတော့ ပြတင်းပေါက်ကို မှီ၍ရပ်နေသော 'ကေခိုင်' ကို မျက်တောင်မခတ် စူးစိုက်ကြည့်နေပါသည်။

'ကေခိုင်' ပါးပေါ်က ပါးကွက်ကလေး ဝိုင်းစက်နေသလို သူမ၏ မျက်လုံးဝိုင်းဝိုင်းလေးများကလည်း တောက်ပနေပါသည်။ နဖူးပေါ်မှ ဆံပင်ဘုတ်သိုက်နှင့်၊ ဘေးနှစ်ဖက်ခွဲ၍ ကျစ်ထားသော ကျစ်ဆံမြီး တိုတိုတုတ်တုတ်လေးများကြောင့် ဆယ့်နှစ်နှစ်သမီး လောက်သာ ထင်ရသည်။

'ကေခိုင်' က ပိန်ပိန်ညှက်ညှက်၊ အရပ်ကလဲ ငါးပေခန့်သာ ရှိသဖြင့် ပုပြီးနုနေသည်။ တကယ်တော့ 'ကေခိုင်' အသက် ဆယ့်ငါးနှစ်ထဲမှာ။ မိမိနှင့် ဆယ်နှစ်တိတိကွာသည်။

မျက်ခုံး မျက်လုံးလှပြီး၊ နှာတံပေါ်သဖြင့် 'ကေခိုင်' လည်း မိန်းမချောလေး ဖြစ်သည်။

မဆီမဆိုင် 'မသကြိန်' အလှကိုလဲ မျက်လုံးထဲတွင် စွဲထင်နေသေးသည်။ မမလည်း အတော်လှပါသည်။

'ကေခိုင်' လည်း မိန်းမလှ စာရင်းဝင်သူ တစ်ဦးပင်။ မိမိ ညီမလေးကို ဘွဲ့ယူပြီးလျှင် တကယ့် သူဌေးကြီးတွေနှင့် ရပါစေဟု မကြာခဏ ဆုတောင်းမိသည်။

"အမေရော..."

"ကြီးကြီးဆီက အခေါ်လွှတ်လို့ လိုက်သွားရတယ်"

"ဟာ ခဏခဏ ခေါ်နေတာပဲကွာ... ဘယ်သူနဲ့သွားတာလဲ ဟိုလူကြီးနဲ့ပဲလား"

"အင်းပေါ့... သူပဲ လိုက်ပို့ပေးမယ့်သူပဲ ရှိတာပဲ"

"ဟာကွာ... ငါ သိပ်စိတ်ပျက်တယ်ကွာ... အတ်စိကားနဲ့



www.burmeseclassic.com

www.burmeseclassic.com



သွားလဲရတာပဲ"

"အရေးကြီးလို့ အမြန်လာခဲ့ပါဆိုပြီး ဘေးအိမ်ကို ဖုန်းလာလို့ အကူအညီသွားတောင်းရတာပါ 'ကိုမောင်' ရယ်"

"တောက်"

အလိုမကျသော ပုံစံကြောင့် 'မောင်မောင်ခင်' ၏ ချောမွတ်နေသော မျက်နှာမှာ ခက်ထန်သွားခဲ့ပါသည်။

"အမေ တစ်ယောက်နဲ့တော့ သိပ်ခက်တာပဲ… မုဆိုးမနဲ့ မုဆိုးဖို တွဲသွားတွဲလာလုပ်နေရင် ပတ်ဝန်းကျင်က ဘာပြောမလဲ…၊ ပြီးတော့ ကိုယ့်မှာလည်း သမီးပျိုနဲ့… ဒီလူကြီး အိမ်ထဲဝင်တာထွက်တာ ငါ မကြိုက်ဘူး"

"အိမ်ထဲ မဝင်ပါဘူး… အပြင်မှာပဲ နေတာပါ"

"နင် ရှေ့က ကားဆီးကာဆီး လုပ်မနေနဲ့… အမေ ဒီလူကြီးနဲ့ ယူရဲယူကြည့်… နှစ်ယောက်စလုံးကို သတ်ပစ်မှာ"

အံတကျစ်ကျစ်ကြိတ်ရင်း ဒေါသထွက်နေသော အစ်ကို ဖြစ်သူရှေ့တွင် 'ကေခိုင်' တစ်ယောက် မျက်လုံးပြူးလေးဖြင့် ကျောက်ရုပ်လို ရပ်နေပါသည်။

"သွားစမ်း… သွားစမ်း… နင်လည်း သွားတာလာတာ နေတာထိုင်တာ ဆင်ခြင်နေ… ဘယ်သူစိမ်း ယောက်ျားနဲ့မှ မရောနဲ့— အဖေအရွယ်ဆိုပြီးလည်း မရောနဲ့… ပညာတတ်ဖြစ်အောင်လုပ်— ဘွဲ့ရရင် နင်ကြိုက်တာရှိရင် ငါ့ကိုပြ… ငါ သေချာစုံစမ်းသေးတယ်— ငါ သဘောမတူတာနဲ့ ယူလို့ကတော့ အသေပဲ ကြားလား"

"ဟုတ်"

'ကေခိုင်' က ခေါင်းလေးတညိတ်ညိတ်ဖြင့် အစ်ကိုစိတ်ပြေ့မြဲ သာအောင်ပြောရင်း…

"'ကိုမောင်' ထမင်းစားတော့မလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"မဆာသေးဘူး"

"ဪ မေ့နေလိုက်တာ... 'မမနွယ်' က စာတစ်စောင်ပေး လိုက်သေးတယ်... သွားယူလိုက်အုံးမယ်နော်"

မောင်မောင်

နေကောင်းတယ်နော်...
သင်တန်းရော မှန်မှန်တက်ရဲ့လား...
အလုပ်အတွက်တော့ ဘာမှ စိတ်မပူနဲ့နော်... ရစေရ မယ်... ဆယ်တန်းအောင်ရင်တောင် ရတယ်... ဘွဲ့ရ တော့ ပိုမျက်နှာရှိတာပေါ့ မောင်မောင်ရယ်...ကွန်ပြူတာ ကောင်းကောင်းနှိပ်တတ်ရင်ကို ကိုယ်ပိုင်စီးပွားရေး လုပ်ငန်းတွေမှာ အများကြီး ဝင်လုပ်လို့ရတယ်...
တစ်နှစ်ခွဲလောက် ဝင်လုပ်ရင်း မောင်မောင်လည်း အ ဝေးသင်ဘွဲ့လက်မှတ် ရမှာနဲ့ အတော်ပါပဲ...
ပြီးခဲ့တဲ့အပတ်က မောင်မောင် လာသွားသေးတယ်ဆို နွယ်က အလုပ်များတယ်... လစာလည်း ကောင်း ကောင်းရတော့ အလုပ်လည်း ပိုလုပ်ပေးရတာပေါ့... မောင်မောင်ရယ်... နယ်ထွက်ရတဲ့ အခါလည်း ဂိုတယ် လမ်းကြုံရင် နွယ် ဝင်ခဲ့ပါ့မယ်...
မောင်မောင် မလာနဲ့နော်... ခရီးက တောင်နဲ့မြောက် ဖြစ်နေတဲ့အပြင် လာပြီးမတွေ့ရတော့ မောင်မောင် စိတ်ပျက် စိတ်တိုပြီး အားငယ်မှာစိုးလို့ပါ...

စာဖတ်စဲတုန်းက စိတ်ဝင်တစား ရှိသော်လည်း ဖတ်ရင်းဖတ် ရင်း အံကြိတ်သလိုလုပ်နေကြောင်း တွေ့ရသည်၊ ဆုံးအောင်မဖတ် ဘဲ လုံးခြေပြီး ပြတင်းပေါက်မှ လွှင့်ပစ်လိုက် ကြောင်း တွေ့ရသဖြင့် 'ကေခိုင်' အသံမကြားအောင် သွားကောက်



www.burmeseclassic.com

www.burmeseclassic.com



ဖတ်မိသည်။

ဖတ်ပြီး 'ကေခိုင်' လည်း ခံစားရပါသည်။

'ကိုမောင့်' ဘဝတွင် 'မတင်လေးနွယ်' သည် နွယ်တစ်ပင်ဖြစ်ခဲ့ပါလျှက် ထိုနွယ်ပင်က ရှောင်ဖယ်တိမ်းချင်၍လားမသိ၊ သူ့အိမ်ကို မလာဖို့သာ ချော့မော့ရေးသား ထားခြင်းပါလား။

'ကိုမောင့်' ထက် ရစ်ရည်မချောမွေ့သည့်တိုင်၊ ဥစ္စာဓနဩကြွယ်ဝသူနှင့် ထပ်တွေ့ပြီထင်ပါရဲ့။

" 'ကေခိုင်' ငါ အပြင်သွားအုံးမယ်… အိမ်ကလူမဟုတ်ရင် တံခါးမဖွင့်နဲ့ကြားလား"

"ဟုတ်"



www.burmeseclassic.com

www.burmeseclassic.com



## ၃

'တင်လေးနွယ်' တို့ အိမ်နားရောက်ခါနီးကြမှ မိုးက ဝေါကနဲ ရွာချလိုက်သဖြင့် သစ်ပင်အောင် ပြေးခိုနေလိုက်ရသည်။ အိမ်မှာစီးသည့် ရာဘာဖိနပ်ကလဲ ခပ်မြန်မြန်လျှောက်ယုံဖြင့် ပြုတ်ထွက်သွားတတ်သည်။ ရာဘာဘုသီးလေးကို လက်မဖြင့်ဖိ၍ ပြန်ထိုးထည့်နေစဉ် ကားတစ်စီး ခပ်ကြမ်းကြမ်းမောင်းထွက်သွားသဖြင့် 'မောင်မောင်ခင့်' အင်္ကျီအဖြူတွေ ရွှံ့စင်ကုန်ပါတော့သည်။

ဒေါသဖြင့် ထိုကားကို လှမ်းကြည့်သောအခါ အံ့ဩစိတ်ကြောင့် ဒေါသပင် ပျောက်သွားခဲ့သည်။

ဒါ မမကို ကွန်ပြူတာသင်တန်း ကျောင်းရှေ့သို့ လာပို့ပေးသောကားနှင့် အရောင်အဆင်းပုံစံ အားလုံးတူနေပါလား။ ကားနံပါတ်တော့ မမှတ်မိတော့။

“ဟင်”

ပို၍အံ့ဩသွားသည်ကတော့ ထိုကားသည် 'နွယ်' တို့အိမ်



www.burmeseclassic.com

www.burmeseclassic.com



ရှေ့တွင် ရပ်သွားပါကလား။ လူလုံးကွဲအောင် မြင်နိုင်သဖြင့် ကားပေါ်မှ ဆင်းသူများကို သေချာလှမ်းကြည့်နေမိသည်။

ထီးကလေးဖွင့်၍ ဆင်းလာသူက 'နွယ်' ပါလား။

'မောင်မောင်ခင့်' ရင်တွေ အရမ်းခုန်နေပါပြီ။

'နွယ်' က ကားမောင်းသူကို ထီးဖြင့်မိုးရင်း အိမ်ယဲသို့ခေါ်သွားခဲ့သည်။ ထိုလူသည်၊ ထိုလူသည် မမရဲ့လူမှ မမရဲ့လူအစစ်။ ဆံပင်ခပ်တိုတို ညှပ်ပြီး နောက်ဖက်သို့လှန်ဖြီးထားသည်။ ဖြူဖွေးနေသော စပို့ရှပ်လက်တို၊ ဂျင်းဘောင်းဘီအပြာရောင်နှင့် ဂေါက်ဖ်ရိုက်လျှင်ဆောင်းသော ဦးထုပ်ကိုဆောင်းထားသည်။

သူတို့နှစ်ယောက် အိမ်ထဲဝင်သွားသော ပုံစံက တရင်းတနှီးကြီးပါလား။ 'နွယ်' တော့ ဒုက္ခရောက်တော့မှာပဲ။ ဒီလူ့မှာ 'နွယ့်' ထက် ချောသော လှသော၊ ချမ်းသာသော၊ ဘွဲ့သုံးလေးခုရထားသော မမရှိနေပြီးသားဆိုတာ 'နွယ်' မသိသေးဘူး ထင်ပါရဲ့။

စောစောက မိုးခဏခဏမိပြီး အချမ်းတက်ချင်နေသလို ဖြစ်နေခဲ့သော်လည်း ယခုတော့ မိုးသီးမိုးပေါက်များနှင့်ရောပြီး ချွေးသီးချွေးပေါက်များပင် ကျနေပါပြီ။ ဖိနပ်က ရွှံ့စေးများနှင့်ကပ်ပြီး သုံးလေးလှမ်းတစ်ခါ ပြန်ပြုတ်ထွက်နေသဖြင့် နှစ်ဘက်လုံးချွတ်၍ လက်ထဲတွင်ကိုင်ပြီး 'နွယ်' တို့ အိမ်ရှေ့ရောက်အောင် ဆက်လျှောက်ခဲ့ပါသည်။

နာရီဝက်သာ ကြာသွားသည်။

မိုးသာတိတ်သွားသည်။ ကားပိုင်ရှင်က မပြန်သေး။

မီးထွန်းချိန်ပင် ရောက်ခဲ့ပြီ။

"ဟင်"

ထိုလူပြန်သောအခါ 'နွယ်' က လက်ဆွဲအိတ်သေးသေးလေး လွယ်၍ ကားနှင့် ပြန်ပါသွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးချုပ်ကြီး ဘယ်ကိုလိုက်သွားခဲ့တာလဲ။

သူ့မိဘတွေက ထည့်လိုက်တာပဲလား။

" 'အန်တီနု'... 'အန်တီနု' "

မရည်ရွယ်ဘဲ 'နွယ်' တို့ခြံတံခါးကို ဖွင့်ဝင်ခဲ့သလို အိမ်ရှေ့တံခါးကိုလည်း ခေါက်မိပါပြီ။

"ဟဲ့ 'မောင်မောင်'... မိုးတွေလဲ ရွှဲလို့... မိုးကြီးချုပ်မှ ဘာစိတ်ကူးပေါက်ပြီး ရောက်လာတာလဲ"

'ဒေါ်တင်နု' က အံ့ဩသောပုံစံဖြင့် မျက်လုံးကြီးပြူး၍ မေးခြင်းဖြစ်သည်။ ခိုက်ခိုက်တုန်အောင် ချမ်းနေသော 'မောင်မောင်ခင့်' ကို အိမ်ထဲဝင်ထိုင်ဖို့ပင် ခေါ်ဖော်မရပါ။ ဝင်မှာကြောက်၍ တံခါးကို လက်နှစ်ဖက်ဖြင့်ကိုင်ပြီး ခန္ဓာကိုယ်ဖြင့် ကာ စည်းထားသေးသည်။

" 'နွယ်' တောင် ခုလေးတင်ပဲ သူ့အလုပ်ရှင်နဲ့ မန္တလေးသွားဖို့ ပါသွားခဲ့တယ်"

"တစ်ယောက်တည်း ထည့်လိုက်တာပဲလား"

"ဘုတာရုံမှာ 'နွယ့်' လို ဝန်ထမ်းကောင်မလေးတွေ စောင့်နေကြတယ်... 'နွယ်' က အိမ်ဝေးလို့ ပိုင်ရှင်ကိုယ်တိုင် လာအကြောင်းကြားပြီး ခေါ်သွားတာ"

"ဘယ်လောက် ကြာမှာလဲ မသိဘူး"

"မန္တလေးမှာလဲ ဆေးကုမ္ပဏီခွဲရှိတာဆိုတော့ အတိအကျတော့ ပြောလို့ မရဘူးပေါ့"

"ပြန်လာရင် အရေးကြီးတဲ့စကား ပြောစရာရှိလို့ ကျွန်တော့်ဆီ အမြန်ဆုံးလာခဲ့ဖို့ ပြောပေးပါ... ဒါမှမဟုတ် သူ ဟိုမှာနေမည့်လိပ်စာရှိလား... ဖုန်းနံပါတ် ရှိလား"

'ဒေါ်တင်နု' က သက်ပြင်းချရင်း...



www.burmeseclassic.com

www.burmeseclassic.com



"အလုပ်ကိစ္စနဲ့ သွားတာဆိုတော့ တစ်နေရာထဲမှာ အကြာကြီး နေမယ်မထင်ပါဘူးလေ"

ထိုစကားကြောင့် 'မောင်မောင်ခင့်' မျက်လုံးများ ခက်ထန်သွားပြီး 'ဒေါ်တင်နု' ကို မကျေနပ်သလို၊ မျက်လုံးလှန်ကြည့်နေသဖြင့် 'ဒေါ်တင်နု' က ရယ်ရင်း...

"ငါ့တူကတော့ လှုပ်ကြည့်တော့ ပျော့စိစိ... မကျေနပ်တာနဲ့ လှုမိုက်ရုပ်ပေါက်အောင် လုပ်ပစ်တာပဲကိုး... ကဲ အရမ်းတွေ့ချင်နေရင်လည်း ဘူတာရုံလိုက်သွားလေ... အရမ်းချမ်းမြေ့ရင်လည်း ကာဖိပူပူလေး ဝင်သောက်သွားလိုက်အုံးလေ"

စိတ်မပါဘဲ ဟန်လုပ်ခေါ်နေမှန်းသိသဖြင့် 'မောင်မောင်ခင်' လှည့်ထွက်ခဲ့ပါသည်။ ခြံဝရောက်မှ ဖျတ်ကနဲပြန်လှည့်ပြီး တစ်ခုခုပြောမည်လုပ်နေသော 'မောင်မောင်ခင်' တစ်ယောက် 'ဒေါ်တင်နု' ၏ မဲ့ရွဲ့စောင်းချိတ်နေသော မျက်နှာကြီးဖြင့် တန်းတိုးပါတော့သည်။ 'ဒေါ်တင်နု' က ချက်ခြင်း ရယ်သွမ်းသွေးရင်း...

"ဟဲ ဟဲ ဟဲ... ဘာပြောမလို့လဲ 'မောင်မောင်' "

"ခင်ဗျားသမီး မပျက်စီးစေချင်ရင် တိတ်တိတ်ပုန်းမဖြစ်စေချင်ရင် အဲ့ဒီလူနဲ့ မထည့်နဲ့လို့ စေတနာနဲ့လာပြောတာ"

"မင်း ပတ်စန်းကျင်အထင်သေးအောင် လျှောက်မပြောနဲ့ ဆောနောက်တစ်ခါ ထပ်စော်ကားရင် ငါရပ်ကွက်ကို တိုင်မှာနော်"

"ဟော့ 'မတင်နု'... ဘာဖြစ်နေတာလဲ... ဘယ်သူလဲ— ဘာစောစော်ကားနေလို့လဲ"

အိမ်ထဲမှ 'ဦးဝင်းမောင်' ၏ ခေါ်သံကြီး အော်သံကြောင့် 'မောင်မောင်ခင်' မှောင်ရိပ်ထဲတွင် ပျောက်ကွယ်သွားခဲ့ပါသည်။

စေတနာနှင့် လာပြောခြင်းကို ကျေးဇူးတင်ဖော်မရဘဲ၊ အ



www.burmeseclassic.com

www.burmeseclassic.com



ချုပ်ခန်းထဲပို့မည် အခြေအနေမျိုးအထိ ဖန်တီးနိုင်သဖြင့် အံကြိတ်ပြီး ထွက်ခဲ့ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် 'ကိုကိုမောင်' သင်တန်းသွားမလို့လား"

"အေး"

"ဟာ ကိုယ်တွေ ဒီလောက်ပူနေတာ... တစ်ရက်လောက်နား လိုက်ပါလား... နောက်ရက်သက်သာမှ သွားပေါ့"

'မောင်မောင်ခင်' က မျက်မှောင်ကြုတ်၍ကြည့်ရင်း...

"သေလောက်တဲ့ ရောဂါမဟုတ်ဘူး... နင်သာ အမေမရှိရင် အိမ်မှာတစ်ယောက်တည်း မနေနဲ့... သူငယ်ချင်းအိမ် သွားနေရင် နေ... ဒါမှမဟုတ် လိုက်သွား"

"ဒီနေ့ 'ကိုကိုမောင်' ကိုပါ ခေါ်ခဲ့ဖို့ ကြီးမေက မှာလိုက်တယ် တဲ့... မေမေ အစောကြီးတည်းက ထွက်သွားခဲ့ပြီ... ကြီးမေ အခြေ အနေ သိပ်မကောင်းဘူးတဲ့"

'မောင်မောင်ခင်' ပထမတော့ မျက်နှာပျက်ပြီး စဉ်းစားနေသေး သည်။ ပြီးတော့မှ တစ်စုံတစ်ခုကို တွေးပြီး...



www.burmeseclassic.com

www.burmeseclassic.com



"မလိုက်ပါဘူး... နင် လိုက်ချင်လိုက်သွား"

"'ကိုကိုမောင်' မလိုက်တော့ဘူးဆိုရင် 'ကေခိုင်' လိုက်သွားတော့မယ်"

"သွား သွား"

"'ကိုမောင့်' အတွက် ကာဖီဖျော်ပြီး ဓါတ်ဗူးထဲမှာ ထည့်ပေးထားတယ်... ပေါင်မုန့်လည်း ကင်ပေးထားတယ်"

"ဟိတ်... အမေဘယ်သူနဲ့ သွားတာလဲ"

"တစ်ယောက်တည်း"

"နင်လည်း တစ်ယောက်တည်းပဲ သွား... သွားရဲလား... ငါ လိုက်ပို့ပေးရမလား"

"သွားရဲပါတယ်... ဒီဂိတ်ဆုံးက တက်စီးပြီး ဟိုဂိတ်ဆုံးမှ ရောက်တာ... နေရာမရစရာလဲ မရှိပါဘူး... 'ကိုမောင်' ဆေးခန်း သွားမလား... 'ကေခိုင့်' မှာ ပိုက်ဆံရှိတယ်"

"ဘယ်လောက် ရှိလို့လဲ"

"တစ်သောင်းနီးပါး ရှိတယ်"

"ဒီလောက် အများကြီး ဘယ်ကရလဲ"

"ကြီးကြီး ပေးတာပေါ့... သွေးဆေးတွေ ထုပ်ပေးလို့ပေးတာ 'ကိုမောင်' ငါးထောင်ယူထားပါလား"

"မယူပါဘူး... ငါ့လခ ရှိသေးတယ်"

"ဟုတ်လို့လား... 'ကေခိုင်' အင်္ကျီတွေလျှော်ဖို့ အိပ်ကပ်တွေထဲ နှိုက်ကြည့်တော့ဖြင့် တစ်ရာလားပဲရှိတာ... အဲ့ဒီ တစ်သောင်းက သွေးဆေးထုပ်ခ ရထားတဲ့ 'ကေခိုင့်' လုပ်အားခ ပိုက်ဆံပါ... ကြီးမေ ပိုက်ဆံ မဟုတ်ပါဘူး... 'ကိုမောင်' ကသာ စိတ်နာနေတာပါ... ကြီးမေက 'ကိုမောင့်' ကို သိပ်ချစ်ရှာပါတယ်... သူသေရင် 'ကိုမောင့်' ကိုလည်း အမွေပေး..."



www.burmeseclassic.com

www.burmeseclassic.com


"တော်စမ်း… နင့်ပါးစပ်ပိတ်စမ်း… အမွေဆိုတဲ့စကား ငါ့ရှေ့မှာ ဘယ်တော့မှမပြောနဲ့… ဘယ်သူ့အမွေမှ ငါမယူဘူး… လျှာပေါ်မြက်ပေါက်ချင် ပေါက်သွားပါစေ… နားလည်လား"

'ကေခိုင်' ဖက်ကလေး ပုပြီး ထွက်သွားရှာသည်။

သူမ အဝတ်အစားလဲပြီး နှုတ်ဆက်သွားသေးသည်။

ကိုယ်တွေလက်တွေ ဆေးပြီး၊ မထချင်လောက်အောင် ဖြစ်နေသည့်ကြားက 'နွယ့်' အကြောင်း သတိရလေသောအခါ ချက်ခြင်း မျက်နှာသစ်ဖို့ ထွက်ခဲ့မိသည်။ ခါတ်ဗူးအောက်မှ ငွေစက္ကူများက လေတိုက်သဖြင့် တဖျတ်ဖျတ်လွင့်နေပါသည်။ သွားယူကြည့်တော့ ငါးထောင်တိတိ။ နမဖြစ်သူ၏ စေတနာကို နားလည်မိသဖြင့် မျက်ရည်ပင် ဝဲသွားမိသည်။

**ကိုကိုမောင့်ကိုမှ မပေးရင် ဘယ်သူ့ကို ပေးရမှာလဲ…**
**ဒီကမ္ဘာမှာ ကေခိုင် အချစ်ဆုံးဆိုလို့ အမေနဲ့အစ်ကိုပဲရှိတာ…**
**ကေခိုင့်ကိုချစ်ရင် ကေခိုင့် စေတနာကို ယူလက်ခံပါနော်…**

စာဖတ်ပြီး ပြုံးမိသည်။ ခုတော့ အချစ်ဆုံးနှစ်ယောက်ပဲ ရှိသေးတာပေါ့လေ။ ထောင့်ငါးရာ အချစ်နဲ့တွေ့ရင်တော့၊ အမေနဲ့အစ်ကိုကိုပစ်ပြီး ကောက်ကောက်ပါအောင် လိုက်သွားမှာသေချာသည်။

ဘတ်စ်ကားစီးရင်း၊ လေစိမ်းတိုက်သဖြင့် အဖျားအေးတက်လာသည်။ အချမ်းတွေ တက်လာသည်။

မခံချင်စိတ်နှင့် စိုးရိမ်စိတ်တွေကြောင့် သင်တန်းရှိရာသို့ ချောမောစွာ ရောက်လာခဲ့ပါသည်။ နောက်ကျနေပြီဖြစ်၍ အောင်ထပ်နှင့် ဝရံတာတွင် လူရှင်းနေသည်။

အခန်းရှေ့တွင် သုံးလေးခေါက်ဖြတ်ပြီး အခန်းတွင်းသို့ တစ်


www.burmeseclassic.com

www.burmeseclassic.com



စုံတစ်ဦးကို ရှာသလိုလုပ်နေသဖြင့် သင်တန်းသားများနှင့် နည်းပြဖြစ်သူက လှမ်းကြည့်နေကြသည်။

"ဘယ်သူနဲ့ တွေ့ချင်လို့လဲကွဲ့"

"'မသကြင်န်'"

'မောင်မောင်ခင့်' အဖြေကြောင့် သင်တန်းသားများ အားလုံးလှမ်းကြည့်နေကြပြီ။ 'ညီညီ' တို့အဖွဲ့နှင့် 'တူးမာ' တို့အဖွဲ့ကလဲ အံ့ဩသလို လှမ်းကြည့်နေကြောင်း တွေ့ရသည်။

"ဩော် သူဒီနေ့ မလာဘူးကွဲ့... မင်းလည်း ဟိုဘက်အခန်းကမဟုတ်လား... နောက်ရက်ကျတော့ တွေ့မှာပါ"

"သူ့ကိုဒီနေ့ တွေ့မှဖြစ်မယ်... သူ့လိပ်စာလေး ပြောပြပါလား"

"မဖြစ်ဘူးထင်တယ်... သူ ကြိုက်လား မကြိုက်လားမသိဘူး ဒီလိုလုပ်လေ... သင်တန်းချိန်ပြီးရင် ဖုန်းဆက်ကြည့်ပေးမယ်... သင်တန်းတက်ရင်း စောင့်နေလိုက်ပေါ့"

'မောင်မောင်ခင်' က ခေါင်းတစ်ချက်ညိတ်ပြီး လှည့်ထွက်သွားခဲ့သည်။ အချိန်စေ့၍ 'မောင်မောင်ခင်' ကို ရှာသောအခါ မတွေ့ရသလို၊ 'မသကြင်န်' အိမ်ကို ဖုန်းဆက်တော့လည်း ထုံးစံအတိုင်း ခေါ်မပေးသဖြင့် 'တူးမာ' နှင့် 'အေးစက်' ကားငှား၍ အင်းယားလမ်းဘက်ထွက်ခဲ့ကြသည်။

ခြံစောင့်ကို ချော့ပေါင်းထားသဖြင့် ပြာပြာသလဲ သွားအကြောင်းကြားပေးပါသည်။ အထဲဝင်ခွင့်ပြုမှ ဝင်ခွင့်ရကြသည်။

"ဟော့ ကောင်မလေးနှစ်ယောက်... ဘာအကြောင်းထူးလို့လဲ တကူးတက ရောက်လာကြတာ"

"ထူးတယ် မမရေ... အရမ်းအံ့ဩစရာ ကောင်းတာပဲ... 'တူးမာ' တို့ ပြောပြောနေတဲ့ ဒါဝတ်မင်းသားလေ... တစ်ယောက်တည်း



www.burmeseclassic.com

www.burmeseclassic.com



တေမိလုပ်ပြီး စာဖတ်,ဖတ်နေတဲ့ ခပ်ချောချောကောင်ဟာလေ"

"အင်း ဟုတ်ပါပြီ… ဝရံတာမှာ ထိုင်,ထိုင်နေတဲ့ ကောင်လေးလေ"

"အင်း ဟုတ်တယ် ဟုတ်တယ်… သူ ဒီနေ့ မမကို လာရှာတယ်… ဆရာမကို မမ လိပ်စာတောင်းတော့ ချက်ခြင်းမပေးရကောင်းလားလို့ စိတ်ကောက်ပြီး ထွက်သွားတယ်… ဆရာမက သင်တန်းချိန်ပြီးရင် မမနဲ့ ဆက်သွယ်ပေးပါ့မယ် ပြောတာကို သည်းမခံဘူးလေ"

"ဟုတ်လား… နောက်ရက်ကျတော့ တွေ့ကြတာပေါ့လေ"

"ဘာကိစ္စ ရှိလို့လဲ မသိဘူးနော်… ထူးထူးဆန်းဆန်း နေ့တိုင်းမြင်တွေ့နေကြတာတောင် သူက မရယ်မပြုံးလုပ်နေပြီး"

"အင်း နက်ဖြန်တော့ သိရမှာပေါ့လေ… ကဲ ငါ့ညီမနှစ်ယောက်လည်း ပင်ပန်းနေရောပေါ့… တစ်ခုခုလိုက်ကျွေးပြီး အိမ်အထိလိုက်ပို့ပေးမယ်"

"ဟာ နေပစေ မမ"

"မဟုတ်တာ… မမလည်း ပျင်းနေတာနဲ့ အတော်ပဲ"

"မမ ဒီနေ့ဘာလို့ သင်တန်းမတက်တာလဲ"

"အလုပ်ကိစ္စနဲ့ ဧည့်သည်လာစရာ ရှိလို့ပါကွယ်… ခဏနော် မမ အဝတ်အစားလဲလိုက်အုံးမယ်"



www.burmeseclassic.com

www.burmeseclassic.com



# ၄

နောက်တစ်နေ့ မမနှင့်အဖွဲ့ ဝရံတာတွင် စောင့်နေကြပါသော်လည်း၊ သင်တန်းချိန်သာ ပြီးဆုံးသွားခဲ့သည်။ သူ ပေါ်မလာသဖြင့် နှစ်ရက်ခန့်စောင့်ကြည့်သော်လည်း ပေါ်မလာသဖြင့် သင်တန်းမှူးထံတွင် သူ့နာမည်နှင့် လိပ်စာကို စုံစမ်းကြသည်။

မောင်မောင်ခင်၊ အမှတ် (–)၊ မင်္ဂလာဒုံ။

"ဒီကောင်လေး ညာတတ်တာပဲ... ငါ့ကို ပြောတုန်းက အင်းစိန်မှာနေတာဆိုပြီး"

'မေသကြိန်' စိတ်ထဲမှ ညည်းတွားမိခြင်း ဖြစ်သည်။

"မမ လိုက်သွားမလို့လား... ဟိုတစ်နေ့က လာတုန်းကလဲ ဖျားနေတဲ့ပုံစံကြီး... အခုလည်း ပေါ်မလာတာ သုံးရက်ရှိပြီဆိုတော့ သေများသွားပြီလား မသိဘူး... တော်ကြာ လူသတ်မှုတွေဘာတွေ ဆို အမှုပတ်နေအုံးမယ်... လိုက်မသွားရင် ကောင်းမယ်ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com


"ဟယ် မပြောကောင်း ပြောကောင်း ဖျားလို့မလာနိုင်တာနေမှာပါ... မမဆီကို ဖျားနေလျှက်နဲ့ လာတယ်ဆိုတော့ ဘာတွေများအရေးကြီးလို့ပါလိမ့်... အကြောင်းထူးတော့ ရှိမယ်ထင်တယ်... တို့တွေအားနေတာပဲ... သူ့အိမ်တန်းမသွားဘဲ မသိမသာ စုံစမ်းကြည့်တာပေါ့"

"မမ သဘောပဲလေ"

ကားတစ်စီးနှင့် တစ်ပတ်နှစ်ခါလောက် မမနှင့် မြို့ပတ်နေကြဖြစ်၍ 'တူးမာ' တို့အတွက် မထူးဆန်း။ 'မသကြန်' နှင့်ခင်ပြီးမှ မရောက်ဖူးသော နေရာသစ်တွေ တစ်မျိုးပြီးတစ်မျိုး ရောက်ခဲ့ပြီးပြီ။ မမက ဆိုင်သစ်တွေ စားကောင်းသောက်ဖွယ်တွေ မကြာခဏဝယ်ကျွေးတတ်သည်။ မိမိတို့အတွက်ကတော့ မမသည် အဖော်ကောင်း မိတ်ဆွေကောင်း။

လိပ်စာထဲကအတိုင်း မောင်းလာခဲ့ရာ၊ မင်္ဂလာဒုံမြို့နွှန် လမ်းကြိုလမ်းကြား လမ်းဆိုးများကို တစ်လမ်းဝင် တစ်လမ်းထွက်ဖြင့် ပတ်ဝန်းကျင်က တဖြည်းဖြည်း ဆင်းရဲမှန်းသိသာလာသည်။

"ကောင်လေးက ဆင်းရဲတယ်... ဟိုတလောက မိုးတွေရွာတဲ့တစ်နေ့ ဖိနပ်ပြတ်သွားတာတောင် အသစ်ဝယ်မစီးနိုင်ဘူး... မိုးတွေရွာနေလို့ မမက လိုက်ပို့မယ်ဆိုတော့လည်း မဟုတ်ဘူး... ဖိနပ်ဝယ်စီးသွားပြီး အလကားမစီးချင်ရင် နောက်မှပိုက်ဆံပြန်ပေးဆိုတော့လည်း မဟုတ်... ခုတော့ ဖျားပြီနေမှာပေါ့... ဖျားရင်လည်း ဘာကိစ္စ မမကို လာရှာတာလဲ"

မမနှင့် 'မောင်မောင်' ဇာတ်လမ်းရှိနေမှန်း 'တူးမာ' တို့ထဲမှ သိရသည်။

"မမဆီက ပိုက်ဆံချေးသွားလို့ လာပြန်ဆပ်တာနေမှာပေါ့"

"မဟုတ်ဘူး မဟုတ်ဘူး... မမဆီက ဘာအကူအညီမှ မလို


www.burmeseclassic.com

www.burmeseclassic.com



ချင်လို့ မာနကြီးတစ်ခွဲသားနဲ့ လုပ်သွားခဲ့တာ... အမှန်အတိုင်းပြောရရင် သူနဲ့မမ အဲ့ဒီလောက် အသေးအဖွဲကိစ္စလေးပဲ ပတ်သက်ခဲ့ဖူးတာ... 'တူးမာ' တို့သိတဲ့အတိုင်း မမကလည်း ကိုယ့်ထမင်းကိုယ်စားပြီး သူများကို အရမ်းကူညီချင်တဲ့ အကျင့်က မွေးတည်းကပါလာတာလေ...

ဒါပေမဲ့ စေတနာဟာ ဝေဒနာဖြစ်ခဲ့တာ ခပ်များများပါပဲ... သူ ဘာကိစ္စ လာသလဲဆိုတာတော့ သိချင်တာအမှန်ပဲ"

"ဖျားပြီး သေသွားရင်တော့ ဘာကြောင့်လာတယ်ဆိုတာလေး ကိုတောင် သိရမှာ မဟုတ်ဘူး... သိချင်လိုက်တာနော်"

"ဟော ဒီလမ်းပဲ"

"ဟော ဟိုခြံပဲ... ထရံကာ သွပ်မိုး အိမ်တန်းလျားပဲ"

အိမ်ရှေ့ခြံဝတွင် လေးဘီးတစ်စီး ရပ်ထားသဖြင့် စုံစမ်းကြည့်ကြသည်။

" 'မောင်မောင်ခင်' ကို လာရှာတာလား... အစွန်ဆုံး အခန်းပဲကွဲ့... သူ ဖျားနေတယ်"

"ဦးလေးက ဒီခြံကလား"

"ဟုတ်တယ်... ဟိုဘက်အစွန် အခန်းမှာနေတာ"

" 'မောင်မောင်ခင်' တို့ အိမ်သားတွေ ရှိလားမသိဘူး"

"မရှိကြဘူးကွဲ့... သူ ဖျားနေတာတောင် သိပုံမရဘူး... သူတို့အမျိုး အသုဘရှိလို့ သွားနေကြတယ်"

"ဩော် သူတစ်ယောက်တည်းပေါ့... အရေးကြီးတဲ့ကိစ္စရှိလို့ တွေ့ချင်လို့ပါ"

"လာပါ... ဦးလေး လိုက်ပို့ပေးမယ်"

ခြေတံတို အိမ်မြင့်လေးဖြစ်၍ လှေကားသုံးထစ် တက်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com


"အင်း ဟင်း ဟင်း..."

ညီးသံကို ကြားနေရသည်။

"'မောင်မောင်'မင်းဧည့်သည် လာနေတယ်"

"ဟာဗျာ နေမကောင်းဘူးဆိုတာ သိလျက်နဲ့ ဘာလို့ရှည်ပြီး ခေါ်လာတာလဲဗျာ"

ထို ညီးတွားသံကြောင့် 'တူးမာ'က မျက်လုံးပြူးပြီး ဇက်က လေးပုပြသည်။ နေမကောင်းချိန်မှာ ယခုလိုပင် စိတ်တိုပြီး စကား ပြောချင်စိတ် မရှိဘူးဆိုတာ ကိုယ်ချင်းစာတတ်ကြပါသည်။

"ကဲ ကြားတဲ့အတိုင်းပဲ... 'မောင်မောင်'က ဦးလေးကိုအမြဲ အနိုင်ကျင့်နေကြဆိုတော့ ဦးလေးအသံကြားတာနဲ့ စိတ်တိုရော... ဘာပြောပေးရမလဲ"

"ရပါတယ်... သူနဲ့တွေ့မှပဲ ပြောမှဖြစ်မှာပါ... နက်ဖြန် ညနေ ဘက် ထပ်တစ်ခေါက်လာမယ်လို့ ပြောပေးထားပါ"

"ဟုတ်ပြီ... ဟုတ်ပြီ"

အိပ်ယာထဲက မထနိုင်တာရော၊ မထချင်တာရော ရောပြီးပေ အိပ်နေသော်လည်း၊ အသံကို မှတ်မိသွားသဖြင့် ဗြုန်းကနဲထလိုက်မိသည်။

"အား..."

အားမရှိသဖြင့် မူးပြီးလဲကျမလို ဖြစ်သွားခဲ့သည်။

ကားထွက်သွားသံကြားသဖြင့် ပြန်ခွေအိပ်နေလိုက်မိသည်။

"'မောင်မောင်'ရေ... ဖုန်းလာတယ်ဟေ့... ဘာပြောပေးရမလဲ"

အပြင်းဖျားပြီး အိပ်ယာထဲလဲနေတာ အဆနှင့်ညီမတို့ ပြော မခိုင်းထား။ ထို့ကြောင့် ရက်လည်ပြီးမှလာဖို့ စိတ်ကူးထားကြပုံရ သည်။


www.burmeseclassic.com

www.burmeseclassic.com



"ငါ သွားနှုတ်ဆက်လိုက်ရမလား"

"ညည်းသည်လာတာရော ကျုပ်ဖျားနေတာရော မပြောနဲ့နော်"

"အေးပါ အေးပါ"

မိခင်ဖြစ်သူကို ပိုးနေသဖြင့် 'ဦးလှသိန်း' က 'မောင်မောင့်' ကို ဖားနေသူဖြစ်သည်။ အနေတည်ပြီး မိခင်ကိုရောတာ မကြိုက်သဖြင့် 'မောင်မောင်ခင်' က တစ်ချိန်လုံး ဘုတောနေသဖြင့် 'ဦးလှသိန်း' က ကြောက်ရသူဖြစ်သည်။

"လေးရက်လောက်နေမှ ရက်လည်ပြီးမှ ပြန်လာခဲ့မယ်တဲ့... ငါ့ကို မင်းအတွက် သုံးလေးရက်စာ ချက်ပြုတ်ပြီးသားတွေ လာယူခိုင်းထားတယ်"

"မယူနဲ့... ကျုပ် အဲ့ဒီအိမ်က ဘာပစ္စည်းမှမလိုချင်ဘူး... ခင်ဗျားလည်း မသွားနဲ့"

"ငါကတော့ မင်းအမေခေါ်ထားလို့ သွားတော့သွားရမှာပဲ"

"ဘာစကားလဲဗျ... ဒါ ကျုပ်ကို ရန်စတာလား"

နေမကောင်း၍ လဲနေသူက၊ အစိမ်းသူရဲပူးသလို ဝုန်းကနဲထရပ်ပြီး နံရံကို ခြေထောက်နှင့် ကန်ခြင်းဖြစ်သည်။

"အား..."

အားမရှိတော့၊ ခွေလဲသွားခဲ့ပါသည်။

"မင်းကလည်း ကွာ... ဒေါသတယ်ကြီးတာကိုး... စိတ်ကိုလျှော့ထားစမ်းပါ... ငါတို့တစ်တွေ မရှိအတူ ရှိအတူနေကြတဲ့ တစ်ခြိထဲသားတွေပါ... သူ့မလဲ အားကိုးစရာဆိုလို့ ခိုင်းစရာဆိုလို့ ငါပဲရှိတာကိုး"

"တော်ဗျာ... တော်ဗျာ... ခင်ဗျားပါးစပ် ပိတ်ဗျာ"

"ကဲ ကဲ ဒါဆိုလဲ ငါသွားတော့မယ်... ဘာဝယ်ခဲ့ပေးရမလဲ ဆေးခန်းလိုက်ပို့ ပေးရမလား... မင်း သောက်ချင်တဲ့ဆေး လမ်း



www.burmeseclassic.com

www.burmeseclassic.com


ဘေးကဝယ်သောက်နေရင်တော့ ဆေးမှားရင် သေတတ်တယ်နော်"

"ကျုပ်ကို သေစေချင်နေတာ မဟုတ်လား… ဒါမှ ကျုပ်အမေကို ခင်ဗျားကယ်လို့ရမှာကိုး"

"မင်း သဝန်တိုနေတာနဲ့ပဲ ငါတို့နှစ်ယောက်လည်း ဘာမှမပြောရဘဲနဲ့ အလိုလို နားဖောက်ပြီးသားဖြစ်နေပြီ"

"ဘာဗျ… ဘာ"

'ဦးလှသိန်း' က ရယ်ကြဲကြဲဖြင့် 'မောင်မောင်ခင်' ပစ်ပေါက်လိုက်သော ရေခွက်ကိုရှောင်ပြီး အိမ်ပေါ်က ဆင်းသွားခဲ့ပါသည်။


www.burmeseclassic.com

www.burmeseclassic.com



ကားရပ်သံကြားသဖြင့် နား‌စွင့်မိသည်။ ကားတံခါးပိတ်သံက 'ဦးလှသိန်း'၏ ကားမှန်းသိသာပါသည်။ နှစ်ပေါင်းများစွာ ကြာခဲ့ပြီဖြစ်သော လေးဘီးအစုတ်ကလေးက အသံမျိုးစုံမြည်ပြီး အိမ်ရှေ့ရောက်လာခဲ့ခြင်း ဖြစ်သည်။ ပြီးတော့ လူမမာချောင်းဆိုးသလို ကားက မောင်းနေရင်းတန်းလန်း ဆန့်ငင်ဆန့်ငင်နှင့် တဖွတ်ဖွတ်မြည်ပြီး ထိုးရပ်သွားတတ်သေးသည်။

စက်နိုးလိုက်သောအခါတွင်လည်း သံစုံတီးဝိုင်းလို အသံမျိုးစုံ အော်ဟစ်ညီးတွားပြီး မသက်မသာဖြင့် နိုးသွားခဲ့ခြင်းဖြစ်သည်။ စက်နိုးသော်လည်း ကားနေရာကမရွေ့သဖြင့် ဝိုင်းတွန်းပေးကြရသည်။

အင်း ဘာပဲပြောပြော၊ ဤလမ်းထဲတွင် ဤကားတစ်စီးသာ ရှိ၍ အရေးကြီးလျှင် အားကိုးရပါသည်။

ထို့အတူ တစ်ဖက်ခြံတွင်လည်း အနှစ်နှစ်အလလထဲက ပိုင်



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်လာခဲ့သော ဖုန်းအပြောင်းလေးတစ်လုံး ရှိသဖြင့် အရေးကြီးလျှင် တစ်လမ်းလုံးအားကိုးရသည့် ကျေးဇူးရှင်ပင်ဖြစ်သည်။

"ရော့ကွ... ကြက်ကြော် ငါးကြော် ငပိကြော်... ထမင်းလည်းပါတယ်... ချဉ်ပေါင်ကြော်လည်းပါတယ်... ဆပါင်မုန့် ကိတ်မုန့်နို့ဆီ သကြား ကော်ဖီ စုံနေတာပဲ... မင်းတို့အမေ အဘော်ထောနေပုံရတယ်... အမွေတွေ တစ်ပုံကြီးရလိုက်ပုံရတယ်"

မြိန်ရေယှက်ရေ ပြောနေသော 'ဦးလှသိန်း' ကို မျက်မှောင်ကြုတ်၍ကြည့်နေရာမှ...

"ဒါတွေ ခင်ဗျားအကုန်စားပစ်လိုက်"

"ဟာ မလုပ်ပါနဲ့... မင်းဆီက နည်းနည်းယူစားဖို့တော့ ပြောပါတယ်... ဒါပေမဲ့ မင်းလုံးဝမစားဘူးဆိုတာတော့ မလုပ်ပါနဲ့ အားရှိအောင် စားလိုက်ပါ... ငါ မနက်ဆိုထမင်းတစ်အိုးချက်ပြီး လာပို့ပေးထားပါ့မယ်"

"မလိုချင်ဘူး... ကျုပ် ဘယ်သူ့အကူအညီမှ မလိုချင်ဘူး... ဘယ်သူ့ကိုမှလည်း ကျေးဇူးမတင်ချင်ဘူး"

"ဒါဆိုလဲ ငါလည်း ထမင်းအိုးလာမပို့တော့ဘူး... မင်းတို့ဆီကလည်း ဘာမှယူမစားတော့ဘူး"

"သဘောဗျာ... နောက်ဆုံး ခွေးတော့စားမှာပဲ"

"မင်း မစားရင်ပြောတာလား"

"မဟုတ်ဘူး... ခင်ဗျား မစားရင်ပြောတာ"

"ငရဲကြီးမယ်နော်... တစ်နေ့မင်းက ငါ့ကိုအဖေခေါ်ရမှာ"

"ခင် ခင်ဗျား... ကျုပ်နေမကောင်းမှန်းသိလျက် ဒေါပွအောင်လာလုပ်နေတာ ဘာသဘောလဲ... ကျုပ် သတ်မိမယ်နော်"

"ဟာ မင်းကအားသာ မရှိတယ်... တယ်ဒေါသကြီးတာကိုး ဟော မနေ့က ကောင်မလေးတွေ ထပ်လာတယ်ကွ... မုန့်ပုံးတွေ



www.burmeseclassic.com

www.burmeseclassic.com



ပန်းသီး ငှက်ပျောသီးတွေနဲ့... အင်း မင်း မစားနိုင်သေးသရွေ့ ငါတော့ ဗိုက်ကားအောင် စားရအုံးမှာပါလား"

"ကျွတ် ဒီ အမျိုးသမီးတွေကလည်း အိမ်အထိများ လိုက်လာရတယ်လို့... ရှုပ်လိုက်တာ"

'မောင်မောင်ခင်' က ငိုတော့မလို ညီးတွားပြီး စောင်ကိုမျက်နှာအထိ ဖုံးထားလိုက်သည်။

"'မောင်မောင်ခင်'..."

"'မောင်မောင်ခင်' နေကောင်းပြီလား"

'ဦးလှသိန်း' က ပျာပျာသလဲ တံခါးဖွင့်ပေးပြီး ...

"လာ ထိုင်ကြပါအုံး... ထုံးစံအတိုင်း အိပ်ယာထဲမှာပါပဲ... ဦးလေးလည်း စားဖို့သောက်ဖို့ ချော့ပြောနေရတာ"

"ဟုတ်လား... ပိန်ရတဲ့အထဲ ဖျားပြီး အစားမစားတော့ တခြား ရောဂါတွေပါ ဝင်လာတော့မှာပေါ့... 'သကြီန်' လည်း လိုရမယ်ရဆိုပြီး ကြေးအိုးတစ်ပွဲတောင် ဝယ်လာသေးတယ်... ပူပူနွေးနွေးလေး သောက်လိုက်ရင်ကောင်းမယ်"

"အေး အေး... ဦးလေး သွားထည့်ပေးလိုက်မယ်... အရေးတကြီးပြောချင်ရင်တော့ သူ့နားကို လာပြောမှရမှာပဲ... သူမှ မထနိုင်တာ"

ထိုစကားကြောင့် 'မောင်မောင်ခင်' ဝုန်းကနဲထရပ်ပြီး 'ဦးလှသိန်း' ကို ဝါးစားချင်သည့် ပုံစံမျိုးဖြင့် ကြည့်နေပါသည်။

"မမ ခဏထိုင်နော်... ကျွန်တော် မျက်နှာသစ်လိုက်အုံးမယ်ဗျို့ 'ဦးလှသိန်း'... ဧည့်သည်တွေအတွက်ရော ကျွန်တော့်အတွက်ပါ ကောဖီဖျော်ပေးစမ်းပါ"

'ဦးလှသိန်း' ပထမ ဒေါပွသွားပါသည်။ သို့သော် မျက်ခြင်းပုံစံပြောင်းသွားရင်း...



www.burmeseclassic.com

www.burmeseclassic.com



"လုပ်ပေးရမှာပေါ့… ဟဲ ဟဲ လုပ်ပေးရမှာပေါ့"

တဟဲဟဲလုပ်နေသော 'ဦးလှသိန်း' ကို 'မောင်မောင်ခင်' က အံကြိတ်ပြီး ကြည့်နေပါသည်။

"အို သုံးရက်အတွင်း အရမ်းကို ပိန်သွားတာပဲနော်"

"နဂိုက ပိန်တဲ့လူဆိုတော့ အခုဆို ကမဣာန်းရုပ်ပေါက်နေရောပေါ့"

'ဦးလှသိန်း' က ကာဖီလာချပေးရင်း…

"ဆင်းရဲသားအိမ်ဆိုတော့ ရှိတဲ့ခွက်နဲ့ပဲ ထည့်လာခဲ့ပြီနော်… ဒါတောင် ကျုပ်အိမ်က တစ်ခွက်ပြေးယူခဲ့ရသေးတာ"

ကာဖီလေးခွက်၊ ခွက်လေးမျိုးထည့်လာသဖြင့်…

"ခင်ဗျားကလည်း ဘီဒိုထဲမှာ လက်ဘက်ရည်ပန်းကန်စုံရှိပါတယ်… ဖယ် ကျုပ်သွားထည့်မယ်"

"ငါမှ မသိတာကွာ… ဒီရက်ပိုင်းမှ မင်းတို့အိမ်ထဲ ဝင်ဘူးတဲ့တာ… ငါ ပြန်လဲပေးပါ့မယ်"

"ရပါတယ် ဦးလေး… မလဲပါနဲ့တော့… ဒီမှာ 'မောင်မောင်ခင်' အတွက် မုန့်ပုံးနဲ့ သစ်သီးတွေနော်"

"အလကား ဝယ်လာတယ်ဗျာ… ပြန်ယူသွားပါ"

"မိတ်ဖြစ်ဆွေဖြစ်ပေါ့လေ… ကဲ မမကို ဘာလို့လာရှာတာလဲ ပြောပါအုံး"

'မောင်မောင်ခင်' ဘေးလူများရှေ့တွင် မပြောချင်သဖြင့်—

"အရေးတော့ သိပ်မကြီးပါဘူး… သဘက်ခါလောက် သင်တန်းပြန်တက်မှပဲ အဲ့ဒီနေ့ကျမှပဲ ပြောတော့မယ်"

'တူးမာ' က မတ်တပ်ထရပ်ရင်း—

"အရေးကြီးလို့ နေမကောင်းရက်ကြီးနဲ့ သင်တန်းအထိ လိုက်လာတာ နေမှာပါ… 'တူးမာ' တို့ ကားပေါ်က သွားစောင့်ပေး



www.burmeseclassic.com

www.burmeseclassic.com



မယ်လေ… ပြောစရာရှိတာ ပြောပါ”

“ထိုင်ပါ ‘တူးမာ’… မမရဲ့ ကိုယ်ရေးကိုယ်တာနဲ့လည်း ပတ်သက်နေလို့ပါ… ဒီလိုလုပ်လေ… ညကျရင် ကျွန်တော် ဖုန်းဆက်မယ်… မမ ဖုန်းကိုင်မလား”

“ဆက်မယ်ဆိုတာ ကြိုသိနေရင်တော့ ဖုန်းစောင့်မှာပေါ့… ဒါပေမဲ့ သိပ်အရေးမကြီးဘူးဆိုရင်လည်း သဘက်ခါမှပဲ ပြောလေ”

“အဲ့ဒီမှာ ပြောလို့လဲ မဖြစ်ပါဘူးလေ… မမနဲ့ ကျွန်တော်က တစ်ခါမှ ပတ်သက်ဖူးတာမဟုတ်ဘဲ ရုတ်တရက် ရင်းရင်းနှီးနှီး စကားပြောဖြစ်သွားရင် မမနဲ့ပတ်သက်ပြီး အသည်းကွဲမယ့်လူတွေက ရှိနေတယ်လေ… ပြီးတော့ မမအတွက် အနှောင့်အယှက်ဖြစ်မှာဘာမဟုတ်တာနဲ့ ပတ်ဝန်းကျင်စိတ်ဝင်စားကုန်မှာ စိုးလို့ပါ…

ဖုန်းနဲ့ပြောပြီး ခါတိုင်းလို ပုံမှန်နေလိုက်ရင် ဘာမှ အပြောမခံရတော့ဘူးလေ”

“ဟုတ်တာပေါ့… ဒါဆို မမဆီ ဖုန်းဆက်လိုက်… ဘယ်နှစ်နာရီလောက် ဆက်မလဲ”

“ဘယ်နှစ်နာရီလောက် ဆက်ရမလဲ”

“ခြောက်နာရီကနေ ဆယ်နာရီကြားဆက်လေ… ဒီနေ့တော့ တခြားကိစ္စတွေ ဘေးချိတ်ပြီး ဖုန်းဖွင့်ပြီးစောင့်နေမယ်”

“မမ့ရဲ့ အဖွားက ဖုန်းဆက်တာ မကြိုက်ဘူးဆို”

“ဒီနေ့ ခေါင်းကိုက်လို့ဆိုပြီး အိပ်ခန်းထဲ ဝင်နေလိုက်မှာပေါ့ ကဲ ဖုန်းနံပါတ်ရေးပေးသွားမယ်နော်”

သူမ ပိုက်ဆံအိတ်ထဲမှ စာအုပ်သေးသေးလေးကို ထုတ်ပြီး ရွှေရောင်ဖောင်တိန်လေးဖြင့် ရေးပေးသွားခြင်းဖြစ်သည်။ နဂိုဒ် မွှေးပျံ့နေသော မမ၏ ရနံ့သည် ပိုက်ဆံအိတ်ဖွင့်လိုက်သောအခါ ပို၍ မွှေးသွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီပစ္စည်းတွေ ပြန်ယူသွားပါ... ဒါတွေ ကျွန်တော် မစားတတ်ဘူး"

"မစားချင်လည်း လှူပစ်လိုက်ပေါ့ကွာ... ဒီပစ္စည်းအတွက် ဘာမှတုန့်ပြန်ဖို့ မလိုပါဘူး.... ကျေးဇူးတင်ရမှာ ကြောက်မနေနဲ့ကဲ သွားပြီနော် တာ့တာ"



www.burmeseclassic.com

www.burmeseclassic.com



# ၇

"မမ လား"

"ဟုတ်ပါတယ်ရှင်... ကဲ 'မောင်မောင်ခင်' ဘာပြောမှာလဲ... စိတ်ချလက်ချပြော... ဖွားဖွားလည်း မရှိဘူး... မမ တစ်ယောက်တည်း"

"ဟိုတစ်ခါ သင်တန်းကို ကားနဲ့လာပို့ပေးတဲ့လူကြီးဟာ မမ အမျိုးသားမဟုတ်လား"

"ဟင် ဟင်... ဘယ်လို ဘယ်လို... မမကို ကားနဲ့လိုက်ပို့ပေးတာက ခပ်များများ... အဖေလည်း ပို့ဖူးတယ်... ဦးလေးလည်း ပို့ဖူးတယ်... အစ်ကိုဝမ်းကွဲတွေလည်း ပို့ဖူးတယ်... မင်းကဘယ်သူနဲ့များ ထင်လို့လဲ"

"'ညီညီ' နဲ့ 'အောင်ကျော်ထွန်း' ဂျိကြတဲ့လူလေး...လိန်ခရူဆာနဲ့ လာတဲ့လူလေး... အဲ့ဒီနေ့တုန်းက မမကိုယ်တိုင် ပြောလိုက်



www.burmeseclassic.com

www.burmeseclassic.com



တာပဲ... လူကြီးတွေငယ်ငယ်ထဲက သဘောတူထားတာဆို... နှစ်အိမ့်တစ်အိမ် အဝင်အထွက်ရှိတယ်ဆို"

"ဩော် အေး ဟုတ်တယ်... အဲသလိုပြောတာကို 'မောင်မောင်ခင်' ကြားလိုက်တာကိုး"

"အဲ့ဒီလူဟာ မမနဲ့ယူမယ်လူဆို ဟုတ်လား"

"အင်း တစ်ဝက်ကျော်ကျော်ကတော့ သေချာနေတာပဲ... ရာခိုင်နှုန်း ခုနစ်ဆယ်လောက်တော့ မှန်တယ်လေ... ဘာဖြစ်လို့လဲ"

"မမ ကရော ယူဖို့အစီအစဉ် ရှိလား"

"ဟော ပုလိပ်စစ် စစ်နေပြန်ပြီ... လူကြီးတွေကတော့ ယူရမယ်ကြီး ပြောနေတာပဲလေ"

"ဘယ်တော့လောက် ယူဖြစ်မှာလဲ"

"ခက်တာက ကာယကံရှင်နှစ်ယောက်က လွတ်လွတ်လပ်လပ် နေချင်ကြသေးတာလေ"

"ကျွန်တော်သိချင်တာ အဲ့ဒါမဟုတ်ဘူး... အိမ်ထောင်ဖက်ဟာ အဲ့ဒီလူဆိုပြီး အပြီးသတ် ရွေးပြီးပြီးလား... တစ်နေ့ယူမှာမဟုတ်လား"

"လူကြီးတွေက ဒါဆိုဒါပဲ လုပ်နေကြတော့ သေချာသလောက်တော့ ရှိတာပေါ့"

"ဒါဆို မမလည်း အသက်ငယ်တော့တာမှ မဟုတ်ပဲ— ဘာလို့ အချိန်ဆွဲနေတာလဲ... ယူလိုက်တော့ပေါ့"

"ဟော်တော့... အလကားနေရင်း အတင်းသောက်ဖွားယူခိုင်းနေပြန်ပါပြီ... လူကြီးတွေက ပြောလွန်းလို့ နားပူရတဲ့အထဲ နောက်တစ်ယောက် ထပ်တိုးလာပြန်ပါပြီ— ဘာလဲ မမကို ချက်ချင်းနှင်ချင်နေတာလား"

"ရည်ရွယ်ပြီးသား ရှိနေမှတော့ ကိုယ့်ထက်ငယ်တဲ့ကောင်



www.burmeseclassic.com

www.burmeseclassic.com



လေးတွေကို ရှိုးအမျိုးမျိုးပြပြီး စွဲလန်းအောင် မလုပ်ချင်ပါနဲ့... အသည်းမခွဲချင်ပါနဲ့"

"ဟော်တော့် လုပ်ချလိုက်ပြန်ပြီ... အဲ့ဒီကောင်လေးတွေ အသည်းကွဲမယ်ထင်သလား... ရမလားစမ်းကြည့်တာ... မရတော့လဲ လူကို အဖက်တောင် မလုပ်ကြတော့ဘူး... တခြား ကောင်မလေးတွေကိုတောင် ရည်းစားစကားလိုက်ပြောပြနေသေးတာ... ဒါလားချစ်တာ"

"မမ လူကြီးကိုရော ကွယ်ရာမှာသစ္စာရှိမယ်လို့ ထင်လား"

"မထင်ရဲပါဘူး... ဧကန္တ 'ကိုသန်းဇော်' ကို တခြားမိန်းကလေးတစ်ယောက်နဲ့ တွဲတာမြင်ခဲ့လို့ မမဘက်က စိတ်တိုပေးနေတာလား"

အဖြစ်မှန်ကိုသိလျှင် သူမ ရှက်သွားပေ လိမ့်မည်။ မိမိ ကောင်မလေးကိုလှ၍ ဒေါပွနေကြောင်း သူမ သိဖို့မလိုပါ။ သူ့လူသူထိန်းဖို့သာ အဓိက မဟုတ်လား။

" 'မောင်မောင်' ရဲ့... သူ့အလုပ်က ကောင်မလေးတွေအများကြီး ခန့်ထားတာလေ... ကုမ္ပဏီက ကောင်မလေး တစ်ယောက်ယောက်နဲ့ တွဲသွားတုန်း ငါ့မောင် တွေ့လိုက်တာနေမှာပါ"

"အဲ့ဒီကောင်မလေးတွေနဲ့ ရိုးရိုးသားသား မဆက်ဆံဘူးဆိုရင်ရော မမက ခွင့်လွှတ်နိုင်လို့လား"

"အင်း ငါ့မောင် ပြောတာ မမ သဘောပေါက်ပါတယ်... သူ့ရင်ထဲ ကိုယ်ဝင်ကြည့်လို့ ရတာမှ မဟုတ်ဘဲလေ"

"ဘာပဲဖြစ်ဖြစ်လေ... တစ်နေ့ယူဖို့ သေချာတယ်ဆိုရင် သူ့ကို လွှတ်မထားနဲ့ပေါ့... သူက ပိုက်ဆံလည်းရှိ ရုပ်လည်းချောတော့ တခြားကောင်မလေးတွေကလည်း စိတ်ကူးယဉ်ချင် ယဉ်မှာပေါ့... အမိဖမ်းသွားရင်ကော"



www.burmeseclassic.com

www.burmeseclassic.com


"သူ့ဘက်က စိတ်ဖောက်တာပဲလေ... ကိုယ်နဲ့သူက လူသိရှင်ကြား စေ့စပ်ထားတာမှ မဟုတ်ဘဲ"

"ဟင် ဒါဆို မမက ဘာလို့လူမြင်သူမြင် တွဲနေသေးလဲ...အများက မယူဖြစ်ရင် မမကိုပဲ အထင်သေးကြမှာပေါ့... နောက်ကြိုက်လာမယ့် လူတွေလည်း ဒီလူ့ကြောင့် လာဘ်ပိတ်ကုန်မှာပေါ့"

"သူ့လိုလူမျိုး မမအတွက် မရှားပါဘူးကွယ်... သူ့မိဘဘိုးဘွားတွေနဲ့ တို့မိဘဘိုးဘွားတွေကြောင့် သူရောကိုယ်ရော အလိုက်အထိုက်ဆက်ဆံ နေကြတာလေ... တခြားမမ မေတ္တာကို ကမ်းလှမ်းထားတဲ့ သူတွေလည်းရှိပါတယ်... ဘာပဲဖြစ်ဖြစ် ဒီကိစ္စကို ပြတ်ပြတ်သားသား ကိုင်တွယ်ရမှာပဲ... ဒါမှ အိမ်ကလူကြီးတွေလည်း ဒီကိစ္စကို ရပ်သွားမှာ"

"ကျွန်တော် ပြောချင်တာက မမလည်း တစ်နေ့တခြားငယ်သွားမှာ မဟုတ်ဘူး... နှစ်ဖက်လူကြီးတွေလည်း သဘောအရမ်းတူနေမှတော့ ယူသင့်တဲ့အရွယ်လည်းရောက်နေပြီမို့ ဒီကိစ္စကိုဖျက်ပစ်မယ့်အစား ယူဖို့ပဲဆွေးနွေးသင့်တယ်... ကျွန်တော့်ကြောင့် မမ ရေ့ရေး အဖုအထစ်မဖြစ်စေချင်ဘူး...

မမ ပြောသလို အလုပ်ကိစ္စနဲ့ တွဲသွားတွဲလာ လုပ်တာလဲဖြစ်ချင်ဖြစ်မှာပဲ... ဒါပေမဲ့ နီးစပ်ရာမှာပါသွားတတ်လို့ သတိပေးတာပါ... မသိမသာ စုံစမ်းကြည့်ပေါ့"

"ဪ် ခုလိုအသိပေးတာ ကျေးဇူးတင်ပါတယ် 'မောင်မောင်' ရယ်... ဒါနဲ့ 'မောင်မောင်' ရော သက်သာသွားပြီလား... သင်တန်းပျက်ရက်တောင် များနေပြီနော်"

"နက်ဖြန်တော့ တက်ဖြစ်မှာပါ"

"တို့တစ်တွေ မိတ်ဆွေဖြစ်သွားကြပြီနော်... မျက်နှာသုပ်ကြီးနဲ့ အူကြောင်ကြောင် ကြည့်မနေနဲ့အုံး... 'တူးမာ' တို့ရေ့မှာ အ


www.burmeseclassic.com

www.burmeseclassic.com



ရှက်ကွဲနေပါ့မယ်"

" သင်တန်းမှာတော့ မခေါ်ချင်ပါဘူး... ဟိုလူဒီလူတွေက နောက်ပိုးထင်ကုန်မှာပေါ့"

"အဲ့လိုလား... ဒါဆို သင်တန်းဆင်းရင်တော့ ခင်လို့ရတယ်ပေါ့"

"ကျွန်တော့်လို ဆင်းရဲသားနဲ့ ဘာကိစ္စ ခင်ချင်တာလဲ"

"ခင်မင်မှုဆိုတာ ဆင်းရဲချမ်းသာ ခွဲခြားရအုံးမှာလားကွယ်... မမက မင်းကို မိုးမိမှာစိုးလို့ ကူညီတယ်... မင်းက မမ ဘဝအတွက် အသည်းမကွဲအောင် ကူညီတယ်... ဒီလိုကိစ္စတွေက ငွေရေးကြေးရေးနဲ့ တန်ဘိုးဖြတ်လို့မရဘဲ့ ခင်မင်မှုနဲ့ ကူညီရိုင်းပင်းမှုတွေပဲလေ ပိုက်ဆံချမ်းသာပေမယ့် မမအတွက် တကယ်နှစ်လိုဖွယ်ကောင်းတဲ့ ပွင့်လင်းရင်းနှီးတဲ့ အပေါင်းအသင်းမရှိဘူးလေ...

ကျောင်းတုန်းက သူငယ်ချင်းတွေလည်း တစ်နေ့တခြားလုပ်ငန်းခွင်ဝင်လို့ နယ်ပြောင်းကုန်လို့ အိမ်ထောင်ကျကုန်လို့ မရှိသလောက်ပဲ... ဘာအလုပ်မှမရှိတဲ့ မမအတွက် တစ်နေ့တစ်နေ့ စားလိုက်အိပ်လိုက် စာအုပ်ဖတ်လိုက် တီဗွီ ဗွီဒီယို့စလောင်း... ဒါတွေနဲ့ပဲ အချိန်ကုန်နေတာလေ... အလုပ်ထွက်လုပ်မယ်ဆိုတော့လည်း အိမ်က မလုပ်ခိုင်းဘူး... ဖွားအေကြီးအနားမှာ နေခိုင်းထားတယ်"

"ဒါဆို အလုပ်ကိစ္စ ရှိလို့ဆိုပြီး သင်တန်းပျက်တာတွေရော"

"အဲ့ဒါက မမတို့မိသားစု စီးပွားရေးဖြစ်တဲ့ သစ်ကိစ္စပါမစ်ရဖို့တို့ သစ်တောဘက်တွေသွားတဲ့အခါ မေမေသွားရင် လိုက်သွားရတယ်... ငွေချေမယ့်အခါ လိုက်သွားရတယ်... တစ်ခါတလေကျတော့ မမတို့ရဲ့ ပရိဘောဂဆိုင်မှာ မိဘတွေမအားရင် သွားထိုင်ပေးရတယ်"

"တကယ်ဆိုရင် မမ အမေကို အိမ်မှာထားပြီး မမ ဦးဆောင်



www.burmeseclassic.com

www.burmeseclassic.com



သင့်တာပေါ့... မမက လူငယ်ပဲ"

"အဲ့ဒီအတွက် ခေတ်နဲ့အညီလိုက်နိုင်အောင် မမ ကွန်ပြူတာ တက်နေတာ... ဒီဇိုင်းတွေထုတ်လို့ရအောင် လိုအပ်တဲ့သင်တန်းဆို မတတ်မချင်း လိုက်တက်နေတာပေါ့... 'မောင်မောင်' ကရော ဘယ်မှာ အလုပ်ဝင်မှာလဲ"

"ရှာရအုံးမှာပေ့ါ"

"လခ ဘယ်လောက်ဆို လုပ်မှာလဲ"

"ဒါတော့ဗျာ... ကိုယ်ကတော့ ပိုရချင်တာပေါ့... အလုပ်ရရ ပါစေအုံး"

"အလုပ်အတွက်က မပူနဲ့... မမတို့ဆိုင်မှာလည်း ရတယ်... ဆိုင်ခွဲတွေလည်း ရှိတယ်... 'ကိုသန်းဇော်' တို့ ဆေးကုမ္ပဏီမှာလဲ ပြောပေးလည်းရတယ်... သင်တန်းသာ ပြီးအောင်တက်... ကျွမ်းကျင်အောင်လုပ်... မိတ်ဆွေတွေရဲ့ ကုမ္ပဏီတွေ ဆိုင်တွေမှာလည်း ပြောပေးလို့ရတယ်"

"ဘွဲ့ရမှ နေရာကောင်းပေးတာဆို"

"'မောင်မောင်' က ဘွဲ့မရသေးလို့လား"

"စာပေးစာယူ တစ်နှစ် ကျန်သေးတယ်"

"ဆယ်တန်းအောင်တာ နောက်ကျလို့လား"

'မောင်မောင်' က ချက်ခြင်းမဖြေဘဲ ခဏကြာမှ...

"ဆိုပါတော့"

"ရပါတယ်... မမ ထောက်ခံရင်ရပါတယ်... အဲ့ဒီတစ်နှစ်ကို အလုပ်လုပ်ရင်း ဆက်ဖြေနေလိုက်ပေါ့... ကွန်ပြူတာဆော့ အခြေခံတင်မဟုတ်ဘူး... စာစီဒီဇိုင်း လုပ်ငန်းအတွက် ပန်းဆွဲဒီဇိုင်းတွေပါ ဆွဲနိုင်အောင် သင်ထားလိုက်ပေါ့"

"အဲ့ဒီလောက် အချိန်ကြာကြာ တက်နိုင်ပါ့မလား မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com


"ဩော် နည်းနည်းပဲတတ်တော့ အလုပ်ကျတော့လည်း တတ်သလောက်လေးပဲ လုပ်ရတော့ လခနည်းမယ်လေ… သုံးလေးမျိုးတတ်ထားတော့ လုပ်ငန်းကြီးတွေမှာ ဝင်လုပ်လို့ရမယ်… အမြင်ကျယ်မယ်… လခကောင်းကောင်းရမယ်လေ… ရှေ့လျှောက်ကွန်ပြူတာပဲသုံးရတော့မှာ တတ်ထားရင် အကောင်းဆုံးပဲ… စိတ်အချရဆုံးပဲ…

ဘာလဲ ငွေရေးကြေးရေး အဆင်မပြေလို့လား… စိုက်ထားပေးမယ်လေ… အလုပ်ရတော့ ပြန်ဆပ်ပေါ့… နေရာတိုင်းမှာ မာနကြီးတာ မကောင်းဘူးလေ"

"လောလောဆယ် ကျွန်တော်က ကျူရှင်ဆရာ လုပ်နေတာကျောင်းကြီးပိတ်ထားလို့ ခုလိုသင်လို့ရတာ"

"ထောင်မြင့်ရင် စောင့်ပေါ့ကွယ်… အလုပ်ပေးမယ့်လူကလည်း တာဝန်ယူထားပြီပဲ… မင်းလောက် ကံကောင်းတဲ့လူ ရှိအုံးမလား"

"ကောင်းပြီလေ… အမေတို့ပြန်လာမှ တိုင်ပင်လိုက်အုံးမယ်"

"ကဲ ဒါဆို နက်ဖြန်မှ ဆုံကြမယ်… သင်တန်းပြီးရင် ကားဂိတ်က စောင့်နေနော်… 'တူးမာ' တို့နဲ့ တစ်ခုခုလိုက်ကျွေးမယ်"

"ဟာ ကျွန်တော်အဲ့သလို မိန်းကလေးတွေ တစ်ပြုံကြီးနဲ့ မသွားတတ်ဘူး"

"ဟောတော့… ဒါဆို မမတစ်ယောက်တည်း နဲ့ရော"

"ဒါလည်း မသင့်တော်ဘူးနဲ့တူတယ်… မမ လူကြီးမြင်သွားရင် အလကားအထင်လွဲပြီး ပြဿနာတက်နေပါ့မယ်"

"အဲ့ဒါကို စိုးရိမ်တာလား… ဒါဆိုလဲ သင်တန်းက မိတ်ဆွေဆိုပြီး မိတ်ဆက်ပေးထားမယ်ကွာ… သံသယရှင်းသွားတာပေါ့… မဟုတ်မှလွဲရော မမခေါ်ရင်လည်း မလိုက်ချင်… နှစ်ယောက်ခြင်း


www.burmeseclassic.com

www.burmeseclassic.com



လည်း မတွေ့ချင်... အဖွဲ့နဲ့လည်း လက်မခံဆိုတော့ 'မောင်မောင့်' ကောင်မလေး မြင်ရင်အထင်လွဲသွားမှာ စိုးလို့ထင်တယ်"

ထိုအပြောကြောင့် 'မောင်မောင်ခင်' ငိုင်သွားပါသည်။

'မောင်မောင့်' ကောင်မလေးသည် 'နွယ်'။ 'တင်လေးနွယ်'။

ဒါပေမဲ့ ချစ်သူဘဝကို မရောက်ကြသေးပါ။

ဤကမ္ဘာတွင် မိမိကို နားအလည်နိုင်ဆုံး၊ အကောင်းစေချင်ဆုံး၊ သူစိမ်းမိန်းမသည် 'နွယ်' တစ်ယောက်သာ ရှိခဲ့သည်။

ဒါပေမဲ့ ယခုတော့ မမပါ တိုးလာပြီး နှစ်ယောက်ဖြစ်သွားခဲ့ပြီ။

မိမိက ချစ်သည်ဟု ဖွင့်မပြောရသေးသော်လည်း 'နွယ်' က ချစ်သူတစ်ယောက်လို အားပေးသည်။ နွေးထွေးမှုပေးသည်။ အလိုက်သိသည်။ သူမ အလုပ်မရခင်ကဆိုလျှင် မိမိထံ တစ်ပတ်နှစ်ခါလောက် ရောက်လာတတ်သည်။

ဘုရား သွားကြသည်။

ရုပ်ရှင်သွားကြသည်။

မိမိ ချစ်ခွင့်ပန်လျှင် သူမ လက်ခံမှာ သေချာသည်။

"ဟိုတ် မင်းချစ်သူက အထင်မလွဲအောင် တို့နဲ့မိတ်ဆက်ပေးထားလိုက်... ဒါဆို ဘာသံသယမှ မရှိကြတော့ဘူးပေါ့... တို့တစ်တွေ လွတ်လွတ်လပ်လပ် ခင်လို့ရသွားတာပေါ့"

"ကျွန်တော်လိုလူမျိုးနဲ့ မခင်ရလဲ မမအတွက် ဘာမှအရေးမကြီးပါဘူးလေ... ဆင်းရဲသားနဲ့ခင်ရင် ချမ်းသာတဲ့လူပဲ ပွန်းမှာ— အခုပဲ ကြည့်လေ... ကျွန်တော်နဲ့သိတာနဲ့ အလုပ်ပေးရတော့မယ် အကူအညီတွေ ပေးရတော့မယ်... ကျွန်တော့်ဘက်က ဘာတစ်ခုမှ ကျေးဇူးမတုန့်ပြန်နိုင်တဲ့အပြင် ကျွန်တော့်ကြောင့် မမကိုသိညင် နေကြပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အောင်မယ်လေးနော်... မင်းဆီက ကျေးဇူးတင်ခံရဖို့ကလဲ မလွယ်ပါလား... မမအတွက် ဒီလိုကူညီမှုမျိုးတွေက ရိုးနေပါပြီ... အိမ်ကလည်း မမကို ဘာဆိုဘာမှ စောဒကမတက်ဘူး... ချစ်လိုက်ကြတာ တုန်လို့... မမအဖော်မင်တာကို သူတို့မွေးပြီးတည်းက သိနေတာပဲ... ကဲ ဖွတ်နိုက်... နက်ဖြန်မှ ဆုံမယ်နော်"

'မောင်မောင်ခင်' ဖုန်းဘိုး ငါးရာပေးလိုက်ရမှ မိမိတို့စကားပြောချိန် မည်မျှကြာမှန်း သိလိုက်ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



'သကြော်န်' အိပ်ခန်းတံခါးကိုဖွင့်၍ ဝရံတာတွင် ထွက်ထိုင်နေမိသည်။ ဖွားအေဖြစ်သူ ဘုရားခန်းတွင် ပရိတ်ကြီးအတူရွတ်ဖို့ စောင့်နေပြီဆိုတာ သိသော်လည်း ယနေ့အတွက်တော့ ဘုရားစာလည်း မရွတ်ချင်တော့။ ခါတိုင်းရက်တွေလို ဆယ်နာရီကျော်အထိ မဂ္ဂဇင်း၊ ဂျာနယ်တွေလည်း မဖတ်ချင်တော့။

ရင်ထဲတွင် ခံပြင်းသလိုလို၊ မတင်မကျ ဖြစ်သလိုလိုတွေက နေရခက်စေပါသည်။

'ကိုသန်းဇော်' ကို 'သကြော်န်' မကျေမနပ်ဖြစ်ခဲ့တာ ကြာပါပြီ။ ကြာဆို သူ ဘွဲ့ရပြီးချိန်လောက်က စပါသည်။

မိမိနှင့်သူ ဆယ်တန်းကို တစ်နှစ်တည်း အတူအောင်ခဲ့ကြသည်။ မိမိက ရူပဗေဒဖြင့် ရိုးရိုးသိပ္ပံဘွဲ့သာ ရမည့်သူ။

သူက ဆေးကျောင်းအမှတ် ဝင်ပါလျှက် အင်ဂျင်နီယာ ဖြစ်ချင်ခဲ့သူ။

'သကြော်န်' အတန်းရှေ့တွင် မကြာခဏ လာဆောင့်တတ်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



အဓိပတိလမ်းတလျှောက်၊ သစ်ပုပ်ပင်အောက်၊ ဘွဲ့နှင်းသဘင်ခန်းမနောက်၊ ဂျပ်စင်နောက်၊ အင်းလျားကန်စောင်းတို့တွင် လေးနှစ်အတွင်း သူ ခြေရာထပ်အောင် လာတတ်သဖြင့် 'သကြန်' ကို ပိုးချင်သူတွေ နောက်ဆုတ်ခဲ့တာ အမှန်။

သူလာလျှင် မိန်းကလေး သူငယ်ချင်းတွေကအစ၊ အလိုက်သိသိ ရှောင်ပေးတတ်ကြသည်။ အများအမြင်တွင် အထင်ကြီးစရာဖြစ်သော်လည်း နှစ်ယောက်တည်း ရှိချိန်တွင် သူက မခံချင်စရာစကားတွေသာ ပြောတတ်နောက်တတ်သူ။ 'သကြန်' ကို ရင်းနှီးသူတွေက 'အတာ' ဟု ခေါ်ကြသည်။

" 'အတာ' ရေ… နင့်ဆီ ငါမှန်မှန်လာနေကြဆိုတော့ ဒီတက္ကသိုလ်တစ်ဝိုက်က လူတွေကတော့ နင်နဲ့ငါကို စုံတွဲပဲထင်ကြမှာပဲနော်"

"ဟုတ်တာပေါ့… နင်က ခဏခဏ လာနေတာကိုး"

"ဘာလဲ… လာတာ မကြိုက်ဘူးလား"

"လာဘ်ပိတ်တာပေါ့ဟ"

"မလာလို့ မဖြစ်ဘူး… နင်နဲ့ငါကို ဘွဲ့ရပြီးရင် နှစ်ဖက်စလုံးက ပေးစားချင်နေကြတာဆိုတော့ ငါ့ကွယ်ရာမှာ နင် ရည်းစားထားမှာစိုးလို့ ဘယ်သူမှ မကြိုက်ဝံ့အောင် ပိုင်ရှင်ရှိပြီးသားဆိုတာ သိအောင်လာလုပ်နေရတာ"

"ကြည့်စမ်း… နင် သိပ်လူလည်ကျတယ်… ကဲ ငါ့ကွယ်ရာမှာ နင် ထည်လဲတွဲနေရင်ရော"

"ဒါတော့… နင် မယုံရင် ငါ့လိုပဲ ငါ့ကျောင်းကို ခဏခဏလာပေါ့"

"အို ဒါ မိန်းကလေး အလုပ် မဟုတ်ဘူးလေ"

"အဲဒီတော့လဲ ငါ့ကုသိုလ်ပေါ့ဟာ… ဘယ်နှစ်ယောက်တွဲတွဲ



www.burmeseclassic.com

www.burmeseclassic.com



အချိန်တန် နင့်ကိုရမှာပဲ... မပူပါဘူး"

သူ ကွယ်ရာတွင် ကောင်မလေးတွေကို လိုက်ပိုးတတ်မှန်း တွဲတတ်မှန်း သိရသဖြင့် လူကြီးတွေကို ပြန်တိုင်သောအခါ...

"ယောကျ်ားကောင်း မောင်းမတစ်ထောင် ဆိုတဲ့စကားရှိသားပဲ... ဘယ်နှစ်ယောက်တွဲတွဲ ငါ့မြေးကိုပဲ ယူရမှာ"

"ဒါဆို 'အတာ' ဘက်ကကြည့်တော့ နစ်နာတာပေါ့... 'အတာ' လည်း သူ့ကွယ်ရာမှာ ရည်းစားထားမှာပဲ"

"ဟဲ့ ဟဲ့ ဘယ်လိုပြောလိုက်တာလဲ... ဒါ မိန်းကလေးပြောရမယ့်စကားလား... ငယ်ငယ်လေးတည်းက ဗိုင်းကောင်းကျောက်ဖိ ထားခဲ့ပါလျက်နော်... ရည်းစားထားတဲ့ သတင်းကြားရင် ဘွဲ့မရခင်ပဲ ပေးစားပစ်လိုက်မှာ... ရည်းစားမထားဝံ့အောင် 'မောင်ဇော်' ကို ကျောင်းခဏခဏ လိုက်ခိုင်းထားတယ်ဆိုတာ သဘောပေါက်ထားနော်"

"ဟာ ဖွားဖွားတို့လုပ်ပုံက သူ မကြိုက်ဘဲ အတင်းစီစဉ်သလိုကြီး ဖြစ်မနေဘူးလား... သူချစ်ကိုယ်ချစ်မှ ကောင်းတော့မပေါ့"

"ကဲ ညည်းက သူ့ကိုမချစ်လို့လား... ရည်းစားရှိနေပြီလား"

"ဘာ ရည်းစားမှ မရှိဘူး... နေ့တိုင်းနီးပါး ကျောင်းလိုက်လိုက်လာတာ... ဘယ်သူမှ မကြိုက်တော့ဘူး... သူ မချစ်ဘဲနဲ့တော့ အတင်းမပေးစားသင့်ဘူး"

"ဒါဆိုလည်း ညည်းကိုယ်တိုင်ပဲ မေးကြည့်ပေါ့"

"ဟာ သူကမှ ချစ်တယ်မပြောသေးတာ... ကိုယ်ကစမေးရင် သိက္ခာကျမှာပေါ့... ဖွားဖွားတို့ပဲ မေးကြည့်ပေါ့"

"အေး အေး"

သုံးလေးရက်နေသောအခါ 'သန်းဇော်' က အင်းလျားကျောင်းသို့ အတင်းလက်ဆွဲပြီး ခေါ်ခဲ့ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖွားဖွားကို ဘာမေးခိုင်းလဲ"

"သိရင်ပြီးတာပဲ... လူကြီးတွေစီစဉ်လို့ ယူရတာမျိုးတော့ မဖြစ်စေချင်ဘူး..."

"ငါသိပါတယ်... ငါလာတာ နင်မကြိုက်လို့ မဟုတ်လား... ရည်းစားထားချင်နေပြီ မဟုတ်လား... ထားချင်ထားပေါ့... အချိန်တန်တော့ ငါနဲ့ပဲ အတင်းပေးစားကြမှာ... မယုံကြည့်ထား"

"လိုက်ပြေးသွားတော့ရော ဘာတတ်နိုင်မှာလဲ"

"အမွေပြတ်စွန့်လွှတ်ခံရမှာ မကြောက်ဘူးလား"

"သမီးလေးတစ်ယောက်တည်း ရှိတာ... စွန့်လွှတ်လည်း ခဏပေါ့... မြေးရတော့ ပြန်ခေါ်မှာပေါ့"

"ဒါဆိုလဲ စမ်းကြည့်ပါလား"

ဘာကိစ္စပြောပြော လက်လွှတ်ဆုံးရှုံးခံရမှာကို ဝန်မလေးသလိုလို၊ သူ့ကိုပဲ ယူကိုယူရမည့် ပုံစံမျိုးသာ ပြောနေတတ်သည်။ မိမိကို မတွေ့ရလျှင် မနေနိုင်၍ ရောက်လာရသူပါဟု ဘယ်တော့မှ ဝန်မခံ။ မိမိကိုသာ လက်ထပ်ချင်သူပါဟု ဝန်မခံ။ မိမိအလှကို ယစ်မူးနေသူပါဟု ဝန်မခံ။ မိမိကို ချစ်ပါသည်ဟု မြတ်နိုးစွာ ဘယ်တော့မှမပြော။

"နင့် ကောင်မလေးတွေတော့ သနားစရာပဲနော်... နင် တကယ်ယူမယ်မှတ်ပြီး ချစ်နေကြရာတယ်... ငါနဲ့ယူတဲ့နေ့မှာ အဆိပ်သောက်ပြီး သေကုန်ရင်ရော"

"မေးပြီးပြီ... မိန်းမယူသွားရင်တောင် သစ္စာရှိနေကြအုံးမှာတဲ့ ပထမ မဖြစ်ရင်တောင် ဒုတိယနေရာမှာလည်း နေရဲကြတယ်တဲ့ဗျာ"

"ဟင်..."

'အတာ' ထိုစကားကြောင့် ကင်းကိုက်ခံရသလို အသက်ကနဲ ထရပ်မိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com


လက်ထပ်ပြီးလျှင်တော်င် ဓာတ်လမ်းက မဆုံးကြသေးပါလား။ ဖြစ်ပါ့မလား။

အဖွားကို စြန့်တိုင်မိသည်။

ထုံးစံအတိုင်း 'အတာ' ကို ရန်လုပ်လာသည်။

"လူကြီးတွေနဲ့ပိုင်တယ်ဆိုပြီး သိပ်အကြပ်မကိုင်နဲ့နော်... မယုံရင်လည်း ကြိုက်တဲ့လူနဲ့သာ ယူဗျာ"

တန်ဘိုးမထားသော ထိုစကားများကြောင့် 'အတာ' မှာ ကြိတ်၍သာ ဆွေးနေရပါတော့သည်။

နောက်ဆုံးနှစ်အစတွင် ထိုပြဿနာတက်ကြပြီး သူ လုံးဝပေါ်မလာတော့ပါ။

'အတာ' ရှက်ပြီး၊ တစ်ယောက်တည်း အသွားအပြန် လုပ်ရတော့သည်။

သူနှင့် မိမိအကြောင်းကို သိထားပြီးကြသဖြင့် ကျောင်းပြီးသည်အထိ 'အတာ' ကို မည်သူမျှ ချစ်ရေးမဆိုရဲကြတော့။

'အတာ' က လေးနှစ်သာ တက်ရ၍ ကျောင်းအရင် ပြီးသွားခဲ့သည်။

မြေး ကျောင်းပြီးသည်နှင့် ဖွားအေကြီးက ယောကျ်ားပေးစားချင်နေပြီ။ သူ့အဖွား အိမ်လာလည်သည်နှင့် မင်္ဂလာကိစ္စပြောတော့သည်။

"သူငယ်ချင်းကလည်း 'ဇော်' က ကျောင်းမှ မပြီးသေးတဲ့ဟာ အိမ်ထောင်တစ်ဖက်နဲ့ ကျောင်းဆက်တက်ရင် ဘယ်စိတ်ဝင်စားပါတော့မလဲ... ကိုယ့်မြေးကို ကျောင်းပြီးအောင် တက်ပါစေအုံးကွယ်"

'အတာ' ကိုယ်တိုင် နားနှင့်စပ်စပ်ကြားလိုက်ရသဖြင့် သူ့အဖွားပြန်သည်နှင့် ကိုယ့်အဖွားကိုယ် ရန်လုပ်မိတော့သည်။

"ဘာစိတ်တိုစရာ လိုသလဲ 'အတာ' ရဲ... သူ မပြီးသေးလည်း


www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တာပဲ… ပြဿနာမရှိ ပြဿနာမရှာနဲ့လေ… ညည်းကို 'မောင်ဇော်' နဲ့ပဲ ပေးစားမှာ… တခြား ဘယ်သူနဲ့မှ သဘောမတူဘူးနော်"

သူတို့ကသာ အတင်း သဘောတူနေကြတာပါ။ 'အတာ' ကျောင်းမပြီးခင်တည်းက စိတ်ကောက်နေသော 'ကိုဇော်' သည် ကျောင်းပြီး၍ အိမ်တွင်းပုန်းလုပ်နေရသော 'အတာ' ထံ ယခင်ကလို မေါ်မလာတော့။

"သူတို့ဘက်က စဖြတ်သွားရင် အရမ်းရှက်စရာကောင်းမှာ နော်… ဖွားဖွားမပြောရင် 'အတာ' ပြောမှာ"

"ဟဲ့ ဘာပြောချင်လို့လဲ"

"ဩော် သူနဲ့တစ်နေ့ လက်ထပ်မယ့်ကိစ္စကို စိတ်မဝင်စားတော့ဘူးလို့… သူ့မှာ ရည်းစားတွေများလွန်းလို့ ပွေလွန်းလို့… မယုံရဲတော့ဘူးလို့"

"ကဲ ပြောချင်ရင်လည်း ပြောအေ… ညည်းအပျိုကြီးဖြစ်သွားတော့လည်း ငါ့အဖော်ရတာပေါ့"

သူ့အဖွားကို 'အတာ' ပြောသောအခါ…

"ညည်းကလွဲရင် ဘယ်သူနဲ့မှ မယူရဘူး မပေးစားဘူးလို့ ပြောပြီးသား… ကျောင်းပြီးတာနဲ့ ပေးစားမယ်… နှစ်နှစ်တောင်မလို တော့ပါဘူး ငါ့မြေးရယ်… ဒီလိုလုပ် စေ့စပ်ထားလိုက်ရအောင်… ဒါမှ အချောင်စောင့်နေတဲ့ မိန်းကလေးတွေ တွန့်သွားမှာ… ဒီနေ့ ဒီကောင် ပြန်လာမယ့်နေ့ပဲ… ခဏလောက် စောင့်လိုက်ပါလား"

"မစောင့်တော့ပါဘူး 'ဖွားဌမ်း' ရာ… တော်ကြာ လျှောက်သဝေထိုးနေရင် 'အတာ' အိမ်ပြန်နောက်ကျနေအုံးမယ်"

"ဒါဆိုလည်း ဒီညနေဘယ်မှ မသွားနဲ့တော့… သူ့ကိုလွှတ်လိုက်မယ်"

လွှတ်လိုက်၍ ရောက်လာပါသည်။ အိမ်ကို သူ့သဘောနှင့်



www.burmeseclassic.com

www.burmeseclassic.com



သူ လာခဲ့သည်။ အဲ့ဒါကိုက 'အတာ့' ကို စိတ်မဝင်စားကြောင်း ပြသနေခြင်း မဟုတ်လား။ ဟိုဘက်အဖွား၊ ဒီဘက်အဖွား ငယ်သူငယ်ချင်းနှစ်ယောက် အခင်မင်မပျက်ချင်တာနဲ့၊ ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲဖိတ်ချင်နေကြတာနဲ့ 'အတာ့' အချစ်ရေး အိမ်ထောင်ရေးမှာ ကိုယ့်စိတ်ကြိုက် မဖြစ်ခဲ့ရပါ။

မိခင်ကို ဖွင့်ပြောတော့လည်း မိမိဆန္ဒစောနေခြင်းဖြစ်ကြောင်း ပြောခံရသဖြင့် 'အတာ' ဘာမှ မပြောဖြစ်ခဲ့တော့။

'ကိုဖော်' တန်ဘိုးမထားသော 'အတာ့' ကို စိတ်ဝင်စားသူတွေ ရှိလာခဲ့သည်။ များများ ထွက်မရှာခဲ့ရပါ။ မိခင်ဖြစ်သူနှင့် တောင်ငူဘက် သစ်ကိစ္စနှင့် အဖော်လိုက်သွားစဥ်က လူသုံးဦး၏ စိတ်ဝင်စားခြင်းကို ခံခဲ့ရသည်။

သစ်တောအရာရှိ တစ်ယောက်။

နိုင်ငံခြားကို သစ်ပို့နေသော အခြားကုန်သည် တစ်ယောက်။

နောက်တစ်ယောက်က သစ်လုံးများကို ၁၂ ဘီးကားကြီးများဖြင့် တရုတ်ပြည်ဘက်သို့ သယ်ယူပို့ဆောင်ပေးနေသော လုပ်ငန်းရှင်တစ်ယောက်ဖြစ်သည်။ သူ့ထံတွင် သိန်းလေးငါးရာတန်သော ၁၂ ဘီးကားကငါးစီး၊ ဆယ်ဘီးကားက ငါးစီးနှင့် ဟိုင်းလပ်တို့၊ ဟီးနိုးငယ်တို့လည်းများစွာ ရှိကြောင်းသိရသည်။

သုံးလေးရက်သာ တွေ့ဖူးသေးသော 'အတာ့' ကို အရူးအမူးဖြစ်ပြီး မိခင်ကို ဖားနေတတ်သည်။ ဘွဲ့ကလည်း သုံးခုလောက်ရထားသူဖြစ်၍ မိခင်လည်း စိတ်ဝင်စားပုံရသည်။

အဖွားကို ပြောပြသောအခါ...

"အို ညည်းကလည်း တယ်စိတ်များသကိုး... အဲ့ဒီလောက် ချမ်းသာတာများတော့ 'မောင်ဖော်' တို့မြေကွက်တစ်ကွက်ဈေးတဲ့တန်ဘိုးကိုတောင် မမှီပါဘူး... ပြီးတော့ တရုပ်ကျွဲ[illegible]



www.burmeseclassic.com

www.burmeseclassic.com



တရုပ်နှစ်သစ်ကူးတယ်ဆိုတော့ ငါ့မြေးနေရင်းထိုင်ရင်း တရုပ်မဖြစ်တော့မှာပဲ... ငါကတော့ ကိုယ့်မြန်မာသွေးကို လုံး၀အရောမခံချင်ဘူး"

ဖွားဖွားကြောင့်တော့ ခက်နေပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



၄

ဖွားဖွား ဖုန်းဆက်ပြောရသည်။

ထိုနောက်ပိုင်း တနင်္ဂနွေလိုရက်မျိုးတွင် 'ကိုဇော်' ရောက်လာ တတ်သည်။ ဟိုဟိုဒီဒီ လိုက်ပို့ရမလား မေးတတ်သည်။ သူများ သံပတ်ပေး၍ စိတ်မပါဘဲ လုပ်နေမှန်းသိ၍ 'သကြန်' ခေါင်းခါပြီး သည်။

"ခါတော့လည်း မလိုက်ဘူးနော်... ဘယ်လိုကြီးလဲ"

"တစ်နေ့ ခင်ဗျားနောက်ကို အပြီးလိုက်ခဲ့ရမှာပဲလေ"

"လူကြီးတွေကို ကြောက်လို့လိုက်ခဲ့ရမှာဆိုတော့ မပျော်လို အိမ်ပြန်ချင်တယ်ဆိုပြီး ငိုကျနေမှာလား"

"အဲ့ဒီအချိန်ကျရင်တော့ မပျော်ရင်လည်း ပျော်အောင်နေ ပဲ... ငိုကျချင်ရင်လည်း ရယ်ပြနေမှာပါ"

"ဘာဖြစ်လို့တုန်း"

"ဩော် ကိုယ်ငိုကျတာကနည်းနည်း အပြစ်မှာပြီး ...



www.burmeseclassic.com

www.burmeseclassic.com



သရီးတွေဆီ သွားမှာစိုးလို့"

"ဒီခေတ်ကြီးမှာ ဒါတွေ မဆန်းတော့ပါဘူး"

"ခုတည်းက ပြောထားရအုံးမယ်... မယူခင်မှာ ဘယ်လိုနေနေ ဘယ်လိုပွေပွေ... ကိုယ်နဲ့မဆိုင်သေး မပိုင်သေးလို့ မချုပ်ချယ်ခဲ့ပေမယ့် လက်ထပ်ပြီးတာနဲ့ အလုပ်ချိန်ပြီးတာနဲ့ အိမ်မှာပဲရှိစေချင်တယ်... ဟိုဟိုဒီဒီ ညအိပ်ခွင့်မရှိဘူးနော်"

"ဟား ဟား... ဒီလိုကိစ္စမျိုးတွေက ညအိပ်ညနေသွားမှဖြစ်တာကျနေတာပဲ"

ထိုစကားကြောင့် 'သကြန်' မျက်နှာတစ်ခုလုံး နီမြန်းရဲတွတ်သွားခဲ့ပါသည်။ အတွေးကျွံပြီး ရှက်တာရော၊ မိမိကို မခံချင်အောင်ပြောသည့်အတွက် ဒေါသထွက်သွားတာကြောင့်ရော နှုတ်ခမ်းပင်လိတ်ထားမိပါပြီ။

သူ့နှုတ်ဖျားမှ မိမိကို သိပ်ချောတာပဲ၊ သိပ်ချစ်တာပဲ ဆိုတာမျိုး ပြောဖို့ဝေးလို့ သူပြန်သွားတိုင်း 'သကြန်' တစ်ယောက် အလိုမကျ ဖြစ်နေရမြဲ။ ဘယ်မိန်းကလေးဖြစ်ဖြစ် ကိုယ့်ကို တန်ဘိုးထားမထား၊ ချစ်မချစ် အကဲခတ်တတ်ပါသည်။

မိမိအလှသည် သူ့အတွက် စွဲမက်စရာ မရှိဘူးထင်ပါရဲ့။

"အင်း ဘာလိုလိုနဲ့ ကိုယ်ကျောင်းပြီးတော့မယ်... အိမ်ထောင်ပြုရတော့မယ်... ထောင်ကျတော့မယ်... ကိုယ်ကလည်း ခြေထောက်မှာဗွေပါတဲ့အကောင်ဆိုတဲ့ တကျက်ကျက်ရန်ဖြစ်မှာ မြင်ယောင်သေးတယ်... ကျောင်းပြီးတာနဲ့ မိဘတွေက ကုမ္ပဏီဖွင့်ဖို့ အရံသင့်လုပ်နေကြပြီ... သိတဲ့အတိုင်း အမျိုးသားဝန်ထမ်းအပြင် အမျိုးသမီးဝန်ထမ်းတွေပါရှိမှာ...

အလုပ်ထဲက ကောင်မလေးတွေနဲ့ တစ်ချိန်လုံး ဆိုင်သမုတ်နေရင်တော့ စီးပွားပျက်ကိန်းပဲ"



www.burmeseclassic.com

www.burmeseclassic.com



အပြစ်ဖို့,ဖို့သာ ကြုံတွေးနေသူကို 'အတာ' ကလည်း သာသာနှင့် နာနာနှက်လိုက်ပါသည်။

"သိပ်လည်း စိတ်ပူမနေပါနဲ့ 'ကိုဇော်' ရယ်... ယူပြီးတဲ့အချိန်လောက်ကျရင်တော့ 'အတာ' လည်း အားမှာမဟုတ်တော့ပါဘူး... ဖေဖေက ပရိဘောဂဆိုင်ခွဲ ထပ်ဖွင့်ပေးမှာ... သစ်ဝယ်ရောင်းကိစ္စတွေလည်း မေမေတို့က ဝင်လုပ်ခိုင်းနေပြီ... မလွှဲသာလို့ ယူဖြစ်ခဲ့ကြရင်တောင် တစ်နေကုန် 'ကိုဇော်' ဖရီးနေရမှာပါ...

အဲ အိမ်ထောင်သည် ဖြစ်သွားပြီဆိုတော့ စည်းကလေးတော့ ရှိရမှာပေါ့... ညဘက်ထွက်လည်ခွင့် မရှိဘူး"

"ဘာဖြစ်လို့လဲ"

"ဟာကွာ"

'အတာ' ရက်ရမ်း,ရမ်းပြီး လှမ်းထုရိုက်ပစ်သည်။ သည်တော့ 'ကိုဇော်' ကရယ်ရင်း...

"ပါတီတွေဘာတွေ ရှိရင်တော့ ခွင့်ပြုရမှာပေါ့"

"ရပါတယ်... လိုက်ခဲ့မှာပေါ့"

"မူးမယ့်လူက ခပ်များများ... လိုက်ရဲရင်လိုက်ပေါ့"

"လိုက်ရဲအောင် နေရဲအောင် အများမိုးခါးရေသောက်ရင် ကိုယ်လည်း လိုက်သောက်ယုံပဲ... လိုက်မူးယုံပဲ"

"ဟောဗျာ... ဒါဆိုရင်တော့ ဖွားဖွားကို တိုင်ရလိမ့်မယ်"

ဖွားဖွားက စိတ်တိုပြီး...

"ငါသေရင် သချိုင်းအထိများ လာတိုင်ကြမလား မသိပါဘူးနော်"

သည်လိုနှင့် 'ကိုဇော်' ကျောင်းပြီးသွားခဲ့သည်။

ဖွားဖွားတစ်ယောက် မင်္ဂလာကိစ္စစီစဉ်ဖို့ အားမွေးပြီးစောင့်နေရှာပါသော်လည်း၊ 'ကိုဇော်' တို့ဘက်က အချိန်ဆွဲသလိုလုပ်လာ



www.burmeseclassic.com

www.burmeseclassic.com



ပြန်ပါသည်။ ကုမ္ပဏီကိစ္စ မပြီးပြတ်သေး၍ စောင့်စေချင်သည်တဲ့။ 'ကိုဇော်' ကိုလည်း ကုမ္ပဏီတစ်ခု သီးသန့်ဖွင့်ပေးပြီးမှ လက်ထပ်ပေးချင်သတဲ့။

" 'အတာ' ပြောတာကို နားမထောင်လို့ အခုဘယ်လောက် အစော်ကားခံရလဲ... ဒါ ကိုယ့်ကိုတန်ဘိုး မထားတာ အသိသာကြီး 'အတာ' လို မိန်းကလေးဟာ နေ့ရွှေ့ညရွှေ့ခံရတဲ့ အစားထဲကလား ဖွားဖွားရဲ့... နှစ်တွေအများကြီးလည်း လှည့်စားခဲ့ပြီးပါပြီ... 'အတာ' သူ့ကို မရမှာစိုးလို့ နှမြောနေလို့ ပြောနေတာ မဟုတ်ပါဘူး ဖွားဖွား ရဲ့... ဖွားဖွားကိုပါ စော်ကားနေတာတော့ မကောင်းဘူး"

ခမြေးဖြစ်သူ ရှိက်ကြီးတငင်ငိုပြီး ကြေကွဲစွာပြောနေသည်ကို စူးစိုက်ကြည့်ရင်း 'အဖွားလွန်း' ပင် မျက်ရည်များ စီးကျလာပါတော့ သည်။

"အဖွား မငိုနဲ့နော်... 'အတာ' ကြောင့် ဖွားဖွား စိတ်ဆင်းရဲ ရပြီနော်"

မြေးကို တစိမ့်စိမ့်ကြည့်ရင်း...

"ငါ့မြေးက သိပ်လှတာ... ကြိုက်မယ့်လူတွေ အများကြီးရှိ လျှက်နဲ့ ငါ့ကြောင့် ချစ်သူခင်သူ ကင်းမဲ့ခဲ့ရတယ်... ဒီနေ့ ဒီရက် ကစပြီး ငါ့မြေးပျော်သလို နေပေတော့... ဒင်းတို့ကိုလည်း မမျှော် တော့ဘူး... အိမ်ထဲမှာကြီးပဲ အိမ်တွင်းပုန်းလုပ်မနေနဲ့... သင်တန်း တွေဘာတွေတက်...

ဖွားဖွား သူတို့အိမ်ကိုသွားတုန်းက အိမ်မှာကွန်ပြူတာနဲ့ အီး မေးလ်နဲ့ဆိုပါလား... ကုမ္ပဏီမှာလည်း ကွန်ပြူတာတွေ အီးမေးလ် တွေ အင်တာနက်ဆိုတာတွေနဲ့ နန့်တံ့တံ့ ပျံတံတံကောင်မလေး တွေ တရှန်းရှန်းနဲ့... ဒီကောင် ဒါကြောင့် သာယာနေတာ... ငါ့ မြေးကို ခေ တ်နောက်ကျသလေးဘာလေးနဲ့... သူ့အတွက် ငါက



www.burmeseclassic.com

www.burmeseclassic.com



ဗိုင်းကောင်းကျောက်ဖိ လုပ်ပေးထားခဲ့တာကို စေတနာတန်ဘိုးနားမလည်ဘူး...

သူက ခေတ်မီမှ ခေတ်ဆန်မှ အထင်ကြီးပုံရတယ်... သူတို့ညည့်ခန်းထဲမှာ ညည်းတို့အရွယ်ကောင်မလေးတွေက ဘယ်ဖြူတီပါလာမှာ မျက်နှာတွင်မဟုတ်ဘူး... တစ်ကိုယ်လုံး ပေါင်းတင်တဲ့အကြောင်း ပြောနေတာကို ဒင်းက ပါးစပ်ကြီးဖြဲပြီး နားထောင်နေတာ... တခြားကောင်မလေးတစ်ယောက်က ကောင်းနေတဲ့ဆံပင်ကို စက်နဲ့ဆွဲပြီး ဖြောင့်လိုက်တာ ဖြောင့်ဆင်းသွားတဲ့အကြောင်း ဟန်နဲ့ပန်နဲ့ လုပ်ပြနေတာကို လဲ ငနဲသားက သဘောတွေကျလို့...

ဝတ်ထားတဲ့ စကတ်ကလည်း ခြေသလုံးတစ်ခုလုံး ဖွေးကနဲဖွေးကနဲ ပေါ်သွားတာပဲ... ကုမ္ပဏီရှယ်ယာဝင်ထားတဲ့ ကောင်မလေး တစ်ယောက်ကတော့ စနေ တနင်္ဂနွေဆို သူ ဆမ်းမစ်ပတ်ဇျုံးမှာ ရေသွားကူးမှာမို့ မလာနိုင်ဘူးတဲ့... နောက်တစ်ယောက်ကတော့ လေ့ကျင့်ခန်းသွားကျင့်မယ်ဆိုလား... အို သူတို့အလုပ်နဲ့ သူတို့တော့ ရှုပ်ယှက်ကိုခတ်နေတာပဲ...

အဲ့ဒါတွေ မြင်ခဲ့ရပြီးတော့ ငါ့မြေးကို အိမ်ထဲသော့ခတ်ထားသလို ဖြစ်နေပါရော့လားလို့ တွေးမိပြီး စိတ်မကောင်းဖြစ်နေတာ... နောင်တတွေ ရနေတာ... ဒီနေ့ကစပြီး ငါ့မြေး ကားကိုကိုယ်တိုင်မောင်း... အဲ အန္တရာယ်တော့ မဖြစ်စေနဲ့... အလှပြင်ဆိုင်သွား... ကိုယ်ကာယလေ့ကျင့်ခန်း ကလပ်တွေသွား... ကွန်ပြူတာလည်းဘက်... ခေတ်မီအောင် တိုးတက်အောင်နေပေတော့... ငွေလိုရင်အားဖွားဆီကယူ ကြားလား... စုဆောင်းထားသမျှ ငါ့မြေးအတွက်ကြီးပဲ"



www.burmeseclassic.com

www.burmeseclassic.com


★★★

ဖွားဖွား၏ ခွင့်ပြုချက်ကြောင့် 'အတာ' လှောင်ချိုင့်ထဲက ထွက်လာသော ငှက်တစ်ကောင်လို လန်းဆန်းတက်ကြွစွာ ပျံသန်းခွင့်ရခဲ့ပါသည်။ 'အတာ' ကားစက်ဖွင့်ပြီး လေ့ကျင့်ခန်းလုပ်နေချိန်မျိုးတွင် ဖွားဖွားက လက်ခုပ်ပင် လိုက်တီးပေးလိုက်သေးသည်။

တစ်ခါတလေ သူကိုယ်တိုင် ခါးတွေဘာတွေ လိုက်နှံ့နေသဖြင့် ဖွားဖွားများ ငယ်မူပြန်သွားပြီလားဟု ထင်မိတော့သည်။

ဖွားဖွားကိုကြည့်ပြီး 'အတာ' မျက်ရည်ထွက်အောင် ရယ်မိသည်။ ထိုအခါ ဖွားဖွားကလည်း သူ့ဗိုက်ကြီး တစ်ခုလုံး လှုပ်သည်အထိ ပါးစပ်ကိုလက်ဖြင့်ပိတ်၍ ရယ်တတ်သည်။

ဘာပဲပြောပြော 'အတာ' လွတ်လပ်စွာ ပျော်ရွှင်ခွင့်ရသည့်နေ့ကစ၍ ဖွားဖွားလည်း ပျော်နေပုံရသည်။

ကိုယ်ကာယသင်တန်းက အကြောင်းတွေ ဖွားဖွားကမေးတတ်သလို ကွန်ပြူတာအကြောင်းလည်း စပ်စုသည်။


www.burmeseclassic.com

www.burmeseclassic.com



သင်တန်းပေါင်းစုံက သူငယ်ချင်းတွေ အိမ်လည်ခေါ်နိုင်းပြီး ဖွားဖွားကိုယ်တိုင် မုန့်လုပ်ကျွေးတတ်သဖြင့် 'အတော့' မှာ ခုဆို သူငယ်ချင်းတွေပုံလို့။

ကလပ်တွင် စက်ကိရိယာပစ္စည်းများနှင့် ကစားသလို၊ အိမ်မှာလည်း လူစုပြီး ကြက်တောင်ရိုက်ကြသည်။

စပို့ရှပ်ဖြူ၊ ဘောင်းဘီတိုအဖြူ၊ ဦးထုပ်၊ ဖိနပ်ဂုာအစ အဖြူလေးနှင့် ၁၈ နှစ်သမီး အရွယ်တုန်းက တစ်ကိုယ်လုံး လုံအောင်ဖုံးခိုင်းခဲ့ပြီး နန်းတွင်းသူလို ထိုင်မသိမ်းဝတ်မခိုင်းယုံတမယ်သာ ကျန်သည်။

ဟော အခု ၂၆ နှစ်သမီး အရွယ်ကျတော့မှ ၁၄ နှစ်သမီးလေးလို အပျိုဖျန်းလေးလို လွတ်လွတ်လပ်လပ် ဝတ်စားခိုင်းသည်။

ကြက်တောင်ရိုက်နေသူတွေ၊ ပိုပျော်အောင်၊ အမောခံနိုင်အောင် မြူးကြွသည့် အနောက်တိုင်းတီးလုံးခွေကို ခပ်ကျယ်ကျယ်ဖွင့်ပေးထားသေးသည်။ စားပွဲပေါ်တွင် ရေခဲဗူးနှင့် ဖျော်ရည်ဗူးတို့ချပေးထားသည်။ 'အတော' တို့သူငယ်ချင်းတွေ ကြက်တောင်ရိုက်နေစဉ် ဖွားဖွားကလည်း ဘလောက်စ်လက်ပြတ်နှင့် ထမီတိုတိုဝတ်အားကစားဖိနပ်စီးပြီး ခြံတစ်ခြံလုံးအနှံ့ ရှေ့မှနောက်၊ တောင်မှမြောက်၊ လမ်းလျှောက်လိုက် ဂျော့ကင်လုပ်လိုက်နှင့်။

"တီ တီ တီ"

"တီ တီ တီ"

ကိုယ့်သီချင်းသံ၊ ကိုယ့်အာရုံနှင့် ကိုယ်ဖြစ်၍ ခြံဝမှကားဟွန်းသံကိုပင် မကြားမိကြ။

"အဖွား 'ကိုသန်းဇော်' တို့ အိမ်ကကားလာနေတယ်— သွားဖွင့်ပေးလိုက်မယ်နော်"

ဒရိုင်ဘာ လာပြောမှသိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဒေါ်လွန်း' မျက်နှာက စိတ်တိုသလို ဖြစ်သွားပြီး...

"ရှုပ်ရှုပ်ယှက်ယှက်"

ဒရိုင်ဘာ အံ့ဩသွားသည်။ ယခင်က 'ကိုသန်းဇော်' တို့လာလျှင် 'ဖွားလွန်း' ပြာယာခတ်နေတတ်သည်။

"တီ တီ တီ တီ"

ကားဟွန်းသံက အရပ်ကို ဆူညံစေနေပြီဖြစ်၍...

"ကဲ ကဲ ကဲ... သွားဖွင့်ပေးလိုက်အုံး... အရပ်ပျက်တော့မယ်"

လမ်းမပေါ်ကကြည့်လျှင် ခြံနောက်ဘက်ဂိုဒေါင်ရှိ၊ ကြက်တောင်ကွင်းကို မြင်နေရသည်။ ကစားနေသူများကိုရော 'ဖွားလွန်း' ကိုရော မြင်နေရပါသည်။

'ဒေါ်ငွမ်း' နှင့် 'သန်းဇော်' တို့က ကားပေါ်မှဆင်းလာရင်း မကျေနပ်သော မျက်နှာ၊ မကျေနပ်သော လေသံများဖြင့်...

"'အဖွားလွန်း' တို့ ဒရိုင်ဘာကလည်း ကျွန်တော် တံခါးဖွင့်ခိုင်းတာကိုများ သူစိမ်း မမြင်ဘူးတဲ့လူတွေ ကျနေတာပဲ... အထဲဝင်မေးနေရသေးတယ်"

'ဒေါ်ငွမ်း' ကလည်း...

"ဟုတ်ပါ့အေ... ညည်းကလည်း ကားဟွန်းသံ မကြားဘူးလား"

'ဒေါ်လွန်း' က ဗိုက်လှုပ်အောင်ရယ်ရင်း...

"အေးဟဲ့... ကက်စက်သံက ညံနေတော့ မကြားလိုက်ဘူးအေ ဒရိုင်ဘာကိုလည်း စိတ်မဆိုးပါနဲ့... ငါကိုယ်တိုင်က ဆုံးမထားလို့ပါ... နေ့တိုင်းလာတဲ့ ဧည့်သည်ကို ဘယ်လိုဆက်ဆံရမယ်... တစ်ပတ်တစ်ခါလာရင် ဘယ်လို... တစ်လတစ်ခါဆို ဘယ်လိုပေါ့အေ ညည်းတို့က သုံးလေးလကြာမှလာတော့ အတော်ကို စိမ်းသွားတဲ့သဘောဖြစ်နေတာကိုး"



www.burmeseclassic.com

www.burmeseclassic.com


ထိုစကားကြောင့် မြေးအဖွားနှစ်ယောက်လုံး၏ မျက်နှာများ မဲတက်သွားကြပြီး ကြက်တောင်ကွင်းကိုကြည့်လိုက်၊ 'ဒေါ်လွန်း' ကိုကြည့်လိုက် လုပ်နေရာမှ...

"ညည်းပုံစံက ဘယ်လိုဖြစ်သွားတာလဲ... လက်ပြတ်နဲ့ဘွတ်ဖိနပ်နဲ့"

"ကစားနေတာလေ... အေရိုးဗစ်... အေရိုးဗစ်"

'ဒေါ်လွန်း'က ဟန်နဲ့ပန်နဲ့လုပ်ပြနေသဖြင့် မျက်လုံးပြူးကြီးများဖြင့် ကြည့်နေရင်း စိတ်ထဲမှာတော့ ဤမိန်းမကြီး ရူးသွားပြီလား၊ ဒါမှမဟုတ် ငယ်မူများပြန်သွားပြီလားဟု တွေးနေကြပါသည်။

"'အတာ'က ကျွန်တော်တို့ ရောက်နေမှန်းသိလျက်နဲ့ ဘာဖြစ်လို့မလာတာလဲ"

"ဟင်... အင်း သူ့စိတ်ထဲမှာ မင်းတို့ဘက်က လတွေနဲ့ချီပြီး အဆက်အသွယ်ဖြတ်ထားတော့ ပတ်သက်စရာ မလိုတော့ဘူးများ ထင်နေသလားမှ မသိတာ"

"ဟာ ခါတိုင်း 'ဖွားလွန်း'ကပဲ နေ့တိုင်းဖုန်းဆက် တစ်ပတ်တစ်ခါလာတာလေ... ပုံစံပျက်သွားတာက 'ဖွားလွန်း'ပါ... ကျွန်တော်တို့ကလည်း အဲ့ဒီကိစ္စကို ပြတ်ပြတ်သားသား သိချင်လို့လာတာ"

"ဟုတ်လား... 'ဖွားလွန်း'ကဖြင့် မင်းနားမှာ ကောင်မလေးတွေ ဝိုင်းဝိုင်းလည်နေတာဆိုတော့ တစ်ယောက်ယောက်နဲ့ ယူမှာမို့ 'အတာ'ကို ဂရုမစိုက်ဘူးလို့ ထင်နေတာကွဲ့"

'သန်းဇော်'က စိတ်ပျက်သလို လက်ပိုက်ပြီး...

"မနေ့တစ်နေ့ကမှ ပြောထားတဲ့ စကားမှ မဟုတ်တာ... [illegible] ချင်ရင် အရင်တည်းက ငြင်းလိုက်မှာပေါ့... အဖွားကြီးကို ခေါ်ပါ


www.burmeseclassic.com

www.burmeseclassic.com



အုံး... ကစားတောင်မပျက်ဘူး... ယောကျာ်းလေးတွေကိုလည်း ခေါ်ကစားနေတာကိုး"

"သူ့သူငယ်ချင်းရဲ့ မောင်တွေတူတွေပါ... ငယ်ငယ်လေးတွေ ဆယ်ကျော်သက်လေးတွေ... လူကောင်ကြီးတွေ ထွားနေတာ"

'ဒေါ်လွန်း' က လက်ခုပ်တီး၍ လှမ်းခေါ်သောအခါ 'အတာ' က လှမ်းလက်ပြပြီး...

"ခဏလေးနော်... လာမယ်နော်... ဆုကြေးနဲ့ ကစားနေတာလေ... နိုင်တဲ့အသင်းကို ဖွားဖွားက ငါးထောင်ပေးမှာလေ"

'အတာ' က အပျိုပေါက်လေးလို ခုန်ပေါက်၍ အော်ဟစ်ပြောနေခြင်းဖြစ်သည်။ ဒူးပေါ်၊ ပေါင်ပေါ်နှင့် ကိုယ်ကပ်စပို့ရှပ်ကြောင့် 'အတာ့' ၏ ရင်မို့မို့ကို ထင်းနေအောင် မြင်နေရသည်။

အရင်ကဆိုလျှင် ဘလောက်စ်ပွပွ လက်ရှည်၊ ကြမ်းပြင်ကို ဒရွတ်တိုက်ပြီး တံမြက်စည်းလှည်းသလို ထမီကို အပုံလိုက်ဝတ်တတ်သူ။ သူ့ရင်တွေ တင်တွေ၊ သေးသိမ်သောခါးနှင့် ဗိုက်သားချပ်ချပ်တို့ကို လုံးဝမမြင်ရပါ။ လက်ပြတ်လည်း လုံးဝမဝတ်။ ယခုတော့ စပို့ရှပ်က လည်ဟိုက်၊ ကျောဟိုက်၊ လက်ဟိုက်ဟိုက်။

ခဏကြာသောအခါ၊ သူမ ပြေးလာသည်။

ထိုအခါ 'သန်းဇော်' ၏ မျက်လုံးများ နေရခက်နေသလို၊ ရင်ခုန်နှုန်းတွေလည်း မြန်နေပါသည်။

တခြား မိန်းကလေးတွေ ဘာလုပ်လုပ်၊ ရင်မခုန်ခဲ့သော 'သန်းဇော်' တစ်ယောက် အချိန်တန် မိမိလက်ထဲ ရောက်လာမှာပဲ ဆိုပြီး တန်ဘိုးမထား၊ အထင်မကြီးခဲ့သော 'အတာ့' အလှအပများနှင့် ပြောင်းလဲသွားသော အဆင်အပြင်၊ စတိုင်လ်တို့ကို အံ့းစပ်ဟောင်းလောင်းဖြင့် ငေးကြည့်နေရပါပြီ။

"ဆောရီးနော် 'ကိုဇော်'... ချက်ခြင်း မလာနိုင်လို့လေ... ဟဲ



www.burmeseclassic.com

www.burmeseclassic.com



ဟဲ"

လက်ကိုင်ပုဝါ ဖြူဖြူနှင့် လည်ပင်းမှ ချွေးများကိုသုတ်ရင်း၊ ဖြူဖွေးသော သွားကလေးများပေါ်အောင်ရယ်၍ ပြောခြင်းဖြစ်သည်။

ဆံပင်ရှည်ကြီးကို ပခုံးလောက် ခပ်တိုတိုညှပ်ထားတာ မြင်သဖြင့် 'ဒေါ်ငွမ်း' က ရင်ပတ်စည်တီးလုပ်ရင်း...

"အံမယ်လေး ဘုရား ဘုရား... လူတော့ မမှားပါဘူးနော်... ဆံပင်တွေ ညှပ်ပစ်တယ်... နမြောလိုက်တာ... ဘယ်လိုဖြစ်ကုန်ကြတာလဲ"

"'ဖွားငွမ်း' ရဲ့... အားကစားလုပ်တော့ ချွေးအရမ်းထွက်တယ်လေ... နေ့တိုင်း ခေါင်းလျှော်နေတော့ ရှည်လို့မဖြစ်ဘူးလေ"

"ကဲ ညည့်သည်ကို မတ်တပ်ပဲ ညည့်ခံကြမလို့လား... အိမ်ထဲတောင် မခေါ်ချင်ကြတော့ဘူးလား... လေစိမ်းတွေ တိုက်လှချည်လား"

ထိုစကားကြောင့် 'အတော့' တို့ မြေးအဖွားနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် မျက်စပစ်၍ အောင့်ပွဲခံနေကြပါသည်။

မရောက်တာ နှစ်လတော့ ကျော်သွားပါပြီ။

'သန်းဇော်' ကတော့ လေးငါးလလောက် ရှိသွားပြီ။

ဤကာလအတွင်း ခြံထဲမှာရော၊ အိမ်ထဲမှာရော အပြင်အဆင်တွေ အတော်ပြောင်းလွဲကုန်ပါသည်။

ယခင်က နှင်းဆီခြံကလေးကို ယခု ကြက်တောင်ကွင်းလုပ်ထားသည်။

"ဟဲ့ ဒီဘက်ခြမ်းက သစ်ခွတိုင် သဇင်တိုင်တွေရော 'မလွန်း' ရဲ့"

"ရောင်းစားပစ်လိုက်ပြီ"

"ဟဲ့ ဘာဖြစ်လို့တုန်း... ပိုက်ဆံလိုတာလည်း မဟုတ်ဘဲနဲ့



www.burmeseclassic.com

www.burmeseclassic.com



နှမြောစရာ"

"အဲ့ဒီနေ့ရာမှာ ရေကူးကန်လုပ်မလို့"

"ရေကူးကန်လုပ်တာက လွယ်တာမှတ်လို့လား... အများကြီး ကုန်တာနော်"

"ကံထိရိုက် အပ်လိုက်ရင်ပြီးတာပဲ... ကုန်စမ်းပါစေ... ငါ့ မြေး တစ်ယောက်ပဲရှိတာ... ကုန်ရကြိုးနပ်မှာပါ... ငါ့သားမက်ရော ငါ့ သမီးရော ငါရော ကူးမှာ... ငါ့မြေးရဲ့ အပေါင်းအသင်းတွေကလည်း ရေကူးကန်ဖွင့်စားဖို့ ကြက်တောင်ကွင်းကိုလည်း အချိန်ပိုင်းလိုက် ငွေရှာဖို့ ပြောနေကြတယ်"

"အို ဘုရား ဘုရား... လူဝင်လူထွက် ရှုပ်မှာတော့ မမြင်ဘူး"

"လူဝင်လူထွက်ရှုပ်မှ ပိုက်ဆံရတာမဟုတ်လား... ညည်းတို့ ကုမ္ပဏီတွေဆို လူပိုတောင် ရှုပ်သေးတယ်"

"ကဲ 'အတာ'... ငါတို့အိမ်လာနေတော့... ညည်းတစ်ယောက်တည်း ဒါတွေနဲ့ ဘယ်လိုလုပ်မလဲ"

"'အတာ' တို့က ယူဖြစ်အုံးမှာမှ မဟုတ်တာပဲ... နောက်သုံး လေးနှစ်လောက်တော့ နေအုံးမှာပဲ... 'အတာ့' ကို သစ်အရောင်းအ ဝယ်ကိစ္စ နိုင်ငံခြားပို့ဖို့ အားလုံးသင်ပေးပြီးတဲ့အပြင် ရှေ့နှစ်ထဲ ပရိဘောဂဆိုင်ခွဲ လုပ်ပေးမယ်လေ... ကွန်ပြူတာသင်တန်းတွေ တောင်တက်နေပြီ... ဒီနေ့တောင် တနင်္ဂနွေနေ့မို့လို့ တွေ့နိုင်တာ"

'ကိုဖော်' တို့ မြေးအဖွား ခံရသည့် အလှည့်ပဲလေ။

မျက်မှောင်ကြုတ်ပြီး စိတ်တိုသလို တစ်ယောက်ကိုတစ် ယောက် ကြည့်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



# ၇

'အတာ' တို့ဘက်က တင်းမာလာသောအခါ သူတို့ဘက်က ပြန်လျော့လာသဖြင့် ဓာတ်လမ်းက မပြတ်တော့ပြန်။

သူတို့ဘက်က တင်းလျှင်လည်း အကောင်းသား။

အရင်က ဂရုမစိုက်ခဲ့သော 'ကိုဇော်' တစ်ယောက်၊ ယခုတစ်ပတ်တစ်ခါ လက်ဆောင်တစ်ခုခုဖြင့် ရောက်လာတတ်သည်။ ဘာမျှမပါဘူးဆိုလျှင်တောင်၊ ပန်းစည်း၊ ပန်းခက်စသည့် ပန်းလက်ဆောင်ကို မှန်မှန်ဆက်သတတ်သည်။

သူတို့ဘက်က လောသောအခါ ဖွားဖွားက ပြန်၍အချိန်ဆွဲထားသည်။ ယခုနှစ် သီတင်းကျွတ်အစား၊ နောက်နှစ်သီတင်းကျွတ်ဟု ဈေးကိုင်ထားသည့် အချိန်ကာလတွင် ရောက်ရှိနေချိန်ဖြစ်သည်။

မိမိကို ဂရုမစိုက်ခင်တုန်းက 'အတာ' ခံစားခဲ့ရတာ ခံပြင်းခဲ့ရတာ အမှန်ပါ။ မာနစိတ်ဖြင့် လူကြီးတွေ၏ အစီအစဉ်ကိုချ...



www.burmeseclassic.com

www.burmeseclassic.com



မကြာခဏ ဂျိုကြခဲ့ဖူးသည်။

ယခု အချိန်မှာတော့ ပို၍ မာနကြီးခဲ့ပါပြီ။

ထိုင်မျှော်၊ ထိုင်လွမ်းနေစရာလဲ မလို။

မိုးလင်းလျှင် ရှုံးထုတ်ပြီး ကားတစ်စီးဖြင့် အသင်းဝင်ထားသည့် အားကစားကလပ်သို့သွားသည်။

အိမ်ပြန် ရေမိုးချိုး၊ ရှိုးထုတ်ပြီး ကွန်ပြူတာသင်တန်းသွားသည်။ ထိုမှ အပြန် မြို့ထဲဝင်လည်ရင်း ဖခင်၏ ခေတ်မီပရိဘောဂဆိုင်သို့သွားသည်။

ယခုနောက်ပိုင်း 'သကြန်' ကို မြင်ရသူတိုင်းက ခေတ်မီသောစတိုင်လ်ကောင်းသော ရှိုးမမဟု ခေါ်တတ်ကြသည်။

'သကြန်' ကိုယ်တိုင်လည်း နေ့စဉ် မော်ဒယ်တစ်ယောက်လို ရုပ်ရှင်မင်းသမီးတစ်ယောက်လို ဂရုတစိုက် ပြင်ဆင်တတ်သလို သူမ ဝယ်ချင်တာ ဝယ်နိုင်လောက်အောင်လည်း တစ်ဦးတည်းသော မြေး၊ တစ်ဦးတည်းသော သမီးလေးမို့ ဆယ်သက်စားမကုန်အောင် ရှာဖွေစုဆောင်းပေးကြတာကိုး။

" 'အတာ'... 'အတာ' "

"ရှင် ဖွားဖွား"

"ဟဲ့ လာလေ... ပရိတ်ကြီး ရွတ်မယ်ဆို... ငါစောင့်နေတာ ကြာလှပြီ"

"ဟုတ်"

'ကိုသန်းဇော်' ကိစ္စ၊ မနက်မိုးလင်းမှ ဆွေးနွေးတော့မည်ဟု တွေးပြီး ဘုရားရှိခိုးခန်းသို့ ထွက်ခဲ့ပါသည်။

မြေးအဖွားနှစ်ယောက် ခြံထဲတွင် လမ်းလျှောက်ရင်း 'ကိုသန်းဇော်' ကိစ္စကို ဆွေးနွေးကြသည်။

"ဒီကောင် အရင်ကပွေတယ် ပြောတုန်းက ကျော့ချောင်းပြီးရင်



www.burmeseclassic.com

www.burmeseclassic.com


ငြိမ်သွားမယ် ထင်ခဲ့တာ... သူ့ပုံစံက ကျောင်းပြီးမှ မိန်းမလှတွေကြားမှာ မိုးလင်းကမိုးချုပ် သွားလာနေရတော့မှတော့ နဂိုမွေတဲ့ကောင်ဟာ ရေငတ်တုန်း ရေတွင်းထဲ ကျရုံတင်မဟုတ်ဘူး... သမုဒ္ဒရာထဲ ပင်လယ်ထဲ မျောချင်နေမယ့် ပုံစံမျိုးပဲ...

သူ့အဖွားကိုကြောက်လို့ တခြားကောင်မတွေနဲ့ မယူရဲတာနေမှာ"

"ယူလိုက်လို့ ပြောလိုက်စမ်းပါ ဖွားဖွားရာ... 'အတော့' ထက် ရုပ်ရော ပညာရော ဓနရော ပိုသာတဲ့လူ မတွေ့သေးလို့ သူတို့မြေးအဖွားနှစ်ယောက်လုံး လာပြန်ကပ်တာနေမှာ"

"'ဂွမ်း' ကတော့ ညည်းမှညည်းပါ... ဒါပေမဲ့ အကျင့်မပြင်ဘူး... မကောင်းဘူးဆိုရင်တော့ ငါလည်း မပေးစားဝံ့ပါဘူး... ငါတို့မရှိတော့တဲ့ အချိန်မှာ ညည်းကို ပစ်ထားရင်ဒုက္ခ... သူနဲ့မယူဖြစ်ရင်တော့ ငါ့မြေးကြိုက်တာယူအေ... ဟိုတစ်ခါ ကားတွေအများကြီး ပိုင်တယ်ဆိုတဲ့ ကောင်လေးက ညည်းကို အရမ်းကြိုက်တယ်ဆို... သူချစ်ကိုရတာ ပိုစိတ်ချရတယ်... သူ့ကို ရွေးချင်ရွေးလိုက်"

'သကြန်' က အားရပါးရ ရယ်ရင်း...

"ဖွားဖွားပဲ တရုတ်စပ်လို့ မပေးစားချင်ဘူးဆို... ဒါကြောင့် စေ့စပ်ပြီးသား ရှိတယ်လို့ မေမေ ပြောလွှတ်လိုက်တာ... ဟိုတစ်လောကတောင် သူမင်္ဂလာဆောင်သွားတဲ့အကြောင်း သတင်းစာထဲ ဖတ်လိုက်ရသေးတယ်"

"ဒါဆိုလဲ ကြိုက်တာရွေးအေ... ပြီးရင် တွေ့ရင် ဘယ်သူဘယ်ဝါဆိုတာ ငါ့ကိုလာတိုင်ပင်ရမယ်"

"'အတာ' တို့က အရမ်းချမ်းသာနေတော့ ကိုယ့်ထက်ချမ်းသာတာကိုတော့ ရှာလို့ရချင်မှ ရတော့မှာပေါ့... ရိုးရိုးသားသား ကြိုးကြိုးစားစားထဲက ကိုယ့်လုပ်ငန်းမှာ စိတ်ချလက်ချ [illegible]


www.burmeseclassic.com

www.burmeseclassic.com


မယ့် သူမျိုးဆိုရင်ကော”

“မျိုးကောင်း ရိုးကောင်းလည်းဖြစ်… ပညာလည်းတတ်… သန့်သန့်ပြန့်ပြန့်ထဲကလည်း ဖြစ်မယ်… ညည်းလည်း နှစ်သက်မယ်ဆိုရင်တော့ ၂၈ နှစ်လောက်ကျရင် ယူချင်လည်းယူအေ… ဒီကြားထဲ ရွေးလို့ရပါသေးတယ်… ငါလည်း ရှာပေးမယ်… သိပ်တော့ဟိုင်းမသွားစေနဲ့… ဟိုင်းသွားရင် ကိုယ့်ထက်ငယ်တဲ့လူတွေနဲ့တွေ့တတ်တယ်… ညာစားခံရတတ်တယ်”

‘သကြီန်’ ခေါင်းတညိတ်ညိတ်လုပ်ရင်း ရင်ထဲမှာစကားတွေပြောနေမိသည်။

လောလောဆယ် အနားရောက်နေတဲ့ ကောင်လေးတစ်ယောက်တော့ ရှိပါရဲ့… ဖွားဖွားပြောသလို ငယ်ငယ်ချောချောပါပဲ ဒါပေမဲ့ ညာစားဖို့နေနေသာသာ ပိုက်ဆံမရှိဘဲ မာနကြီးနေလို့ ခက်နေတာ… နီးစပ်လို့ ကိုယ့်ကိုကြိုက်ဖို့ နေနေသာသာ ကိုယ်နဲ့စုံတွဲလို့ အထင်ခံရမှာကို သူက ကြောက်နေသေးတယ်… သြော်မိမိအချစ်ရေးက ကံမကောင်းပါလားနော်။

မသိသူတွေကတော့ မင်းသမီးတစ်ယောက်လို ချောမောလှပပြီး ရွှေလင်ဗန်းနဲ့ အချင်းဆေးခဲ့ရသူမို့ ချစ်သူကြိုက်သူတွေ ဝိုင်းဝိုင်းလည်နေမည်ဟု ထင်ကြပေမည်။ တစ်ခါမှ ချစ်ရေးအဆိုမခံရသေးဘူးပါဟု ပြောလျှင်ပင် ယုံကြမည်မထင်။

ယခု အပြင်ထွက်ဖို့ အလှပြင်ရာတွင် ခါတိုင်းနေ့ရက်တွေထက် အတွေးတစ်ခု ပိုလာခဲ့ရပါပြီ။

ထိုအတွေးကို ကြီးစိုးသူကတော့ ‘ဆောင်မောင်ခင်’ ပဲပေါ့။

သူ့ကောင်မလေးက ဘယ်လောက် လှနေ၊ ချောနေလို့ ဒီမိလိုမိန်းမကို သူက စိတ်မဝင်စားရတာတဲ့လဲ။

သြော် ဟုတ်ပြီ ဟုတ်ပြီ။ ယခုမှ သဘောပေါက်ပါပြီ။


www.burmeseclassic.com

www.burmeseclassic.com



မိမိ သူ့ကိုစေတနာဖြင့် မိုးမစိုအောင်ကားဖြင့် အရေးတယူ ခေါ်တုန်းကလည်း သူ ခွတ်ငြင်းခဲ့သည်။ ဖိနပ်ဝယ်ပေးတော့လည်း လက်မခံ။ အိမ်အထိလိုက်ပို့ပေးမည်ဟု ပြောတော့လည်း ရိုင်းပြစွာ ငြင်းခဲ့ပြီးမှ...

နောက်တစ်နေ့ နေမကောင်းလျှက်နှင့် ဒုက္ခခံပြီး မိမိကိုတွေ့ဖို့ကြိုးစားခဲ့ပြီး၊ စိုးရိမ်တကြီးပြောသည့်ကိစ္စက မိမိကောင်းကျိုးအတွက်မဖြစ်နိုင်။ သူ့အချစ်ကို လူလုခံရသဖြင့် အူနကျွဲခတ်ဖြစ်ပြီး ရောက်လာခဲ့ခြင်းဖြစ်မည်။

အဖြေက ရှင်းနေတာပဲလေ။ သူ့ကောင်မလေးကိုယ်တိုင် သစ္စာမရှိလို့ပေါ့။ တကယ်ချစ်ရင် ကိုယ့်ချစ်သူ ဘယ်လောက်ဆင်းရဲ၊ ဆင်းရဲ ယူရဲရမည်ပေါ့။ ကောင်မလေးကသာ ငွေမျက်နှာနောက် လိုက်နေတာ။ 'မောင်မောင်ခင့်' မှာဖြင့် အဖြစ်သည်းနေလိုက်တာ။ ယောကျ်ားတွေဟာလေ သစ္စာရှိရှိနဲ့ နေတတ်တဲ့မိန်းကလေးတွေကို ဆိုရင် တန်ဘိုးမထားချင်ကြဘူး။

မိမိအဖြစ်က ရှက်စရာတောင် ကောင်းသေး။

'မောင်မောင်ခင်' ရော 'ကိုသန်းဇော်' ရော၊ တန်းတန်းစွဲဖြစ်နေတဲ့ မိန်းကလေးက ဘယ်လောက်ချောလို့လဲ။ ဘယ်လိုပုံစံလဲ၊ သိချင်လာသဖြင့် ဘာလုပ်ရကောင်းမည်နည်းဟု အကြံထုတ်နေမိသည်။

လွယ်ပါသည်။ 'ဖွားဂွမ်း' က 'အတော့်' ကို တစ်ချိန်လုံးသူတို့ အိမ်လာဖို့၊ ကုမ္ပဏီလာဖို့ ခေါ်နေတာပဲ။ လမ်းကြုံလို့ ဝင်သလိုမျိုး ဝင်သွားလိုက်ယုံပဲ။

တစ်ချက်ခုတ်၊ နှစ်ချက်ပြတ် ဖြစ်သွားအောင် မာနကြီးသော 'မောင်မောင်ခင့်' ကိုလည်း သွားမတွေ့ဘဲ နေလိုက်မည်။ မိမိ သွား လျှင်လည်း သူက ရောင်နေအုံးမှာ သေချာသည်။ လူတွေကို ဆော



www.burmeseclassic.com

www.burmeseclassic.com


နာမထားတာ အကောင်းဆုံးပဲ။

ယခု 'ကိုသန်းဇော်' တို့ဆီ ဝင်မည်ဖြစ်၍ ခါတိုင်းရက်ထက် ပိုလှပအောင် ပြင်ဆင်ခဲ့ပါသည်။

မမှိတမှိ ဆံပင်များကို ကျောက်ကလစ်ဖြင့်လိမ်၍ ညှပ်ထားသဖြင့် ဆံပင်ခွေလေးများက နားရွက်နှင့် ဂုတ်နားတွင် မခို့တရို့ကျနေကြသည်။

ရှေ့မှဆံပင်များကို နောက်ဖက်သို့ ခပ်ပွပွ၊ ခပ်စောင်းစောင်းလှန်ဖြီးထားသည်။ နဖူးပေါ်တွင် ခပ်ပါးပါး ဆံယဉ်ကလေးများကို ချထားသည်။

အနက်ရောင် ဖဲစကပ်ထမီနှင့်၊ အဖြူရောင်ဖဲဇာ ခေတ်မီကိုယ်ကြပ်ဘလောက်စ်ကို လည်ဟိုက်ဝတ်ထားပြီး အရည်အသွေးကောင်းသော စိန်နှင့်ပတ္တမြားတို့ကို ဝတ်ဆင်သည်။ အနီရောင် ဒေါက်ဖိနပ်နှင့် အနီရောင်လက်ပွေ့အိတ်လုံးလုံးလေးကို ဆွဲကိုင်၍ သင်တန်းရောက်လာသော 'သကြၤန်' ကို မိုးပေါ်ကနတ်သမီး ပြုတ်ကျလာ၍ အံ့သြသောအကြည့်ဖြင့် ကြည့်နေကြပါသည်။

ထိုကြည့်သူများထဲတွင် 'မောင်မောင်ခင်' လည်း ပါ,ပါသည်။ မိမိနှင့်ခင်ရမည်ကို လူရှေ့သူရှေ့ ခေါ်ပြောရဆက်ဆံရမည်ကို စိုးရိမ်သလို၊ ရှက်သလို၊ ကြောက်သလို ဖြစ်နေတတ်သော 'မောင်မောင်ခင်' ကို 'သကြၤန်' လုံးဝ လှည့်မကြည့်သွားသဖြင့် အံ့အားသင့်ပြီး ကျန်ခဲ့ပါသည်။

ကြွေရုပ်ကလေးလို လှသော၊ 'မေသကြၤန်' သည် ယခုတော့ မာနကြီးနေပါကလား။

ဇကန္တ မိမိက သင်တန်းဆင်းလျှင် မတွေ့ချင်ဘူးပြောထားသဖြင့် သူမ စိတ်ကောက်နေပြီ ထင်သည်။ သူမ တကယ်မခေါ်တော့ဘူးလား၊ မိမိကို မတွေ့ချင်တော့ဘူးလား။ မိမိ့ရဲ့လူအတွက်


www.burmeseclassic.com

www.burmeseclassic.com



မမလို မိန်းမတစ်ယောက်ကို ခင်မင်သိကျွမ်းရခြင်းသည် ဂုဏ်ရှိပါသည်။

ကံကောင်းပါသည်ဆိုတာ ယခုမှ ပိုသဘောပေါက်လိုက်မိသည်။ သူမ စိတ်ကောက်ပြီး လုံးဝမခေါ်တော့မှာ၊ မခင်တော့မှာကို စိတ်ပူလာသလိုပါပဲလား။

ထုံးစံအတိုင်း 'တူးမာ' တို့ကတော့ သဲသဲလှုပ်ပေါ့။

ဟော 'ညီညီ' က ပန်းခက်လေး ပြန်စောင့်ပေးနေပြန်ပါရောလား။

ထိုမြင်ကွင်းကြောင့် 'မောင်မောင်ခင်' စိတ်တိုသလို ဖြစ်သွားသည်။

မမကလည်း ခပ်ပြုံးပြုံး လက်ခံယူနေပါကလား။

ဟာ ဒီမိန်းမ ယောကျ်ားတွေကို မူယာမာယာတွေနဲ့ လှည့်စားနေပြီ ထင်တယ်။

သူက ဘယ်ယောကျ်ားဖြစ်ဖြစ်၊ ရင်မခုန်ဘူးဆိုတဲ့ သဘောလား။

'မောင်မောင်ခင်' စိတ်တွေ အရမ်းလှုပ်ရှားနေပါပြီ။

အမှန်အတိုင်း ဝန်ခံရလျှင် မိန်းမတစ်ယောက် မိမိကစ၍ ပထမဆုံး စိတ်လှုပ်ရှားရခြင်းပါ။

'နွယ်' တုန်းက 'နွယ်' ကစ အကြင်နာပိုခဲ့သလို၊ တစ်ချိန်လုံး အားပေးခဲ့ခြင်း၊ လမ်းညွှန်ခဲ့ခြင်းဖြစ်သည်။ 'နွယ်' အတွက် ရင်ခုန်ခဲ့စဉ်က မပူလောင်ခဲ့ပါ။ ယခုတော့ မိမိကို မာယာတွေနှင့် လှည့်စားနေသည်ဟု ခံစားလိုက်ရသည်။

မိမိကိုကျတော့ လုံးဝ လှည့်ကြည့်ဖော်တောင် မရ။

သင်တန်းဆင်း၍ သူမကို ရှာသောအခါ ကားလည်း မရှိတော့။



www.burmeseclassic.com

www.burmeseclassic.com



သူမ ချိန်းဆိုထားသော နေရာတွင် သွားစောင့်သောအခါ လုံးဝပေါ်မလာ။

အံတကြိတ်ကြိတ်ဖြင့် ကားဂိတ်ဓါတ်တိုင်ကို မှီပြီး ရပ်နေစဉ် မှာပင် လုံးဝမျှော်လင့်မထားသော မြင်ကွင်းကို ဖျတ်ကနဲ မြင်လိုက် ရပါသည်။

'ကိုသန်းဇော်' ၏ ကားပေါ်တွင် 'နွယ်' ကို ရယ်ရယ်မောမော တွေ့လိုက်ရခြင်း ဖြစ်သည်။ တခြားအဖော်လည်း မပါ။

မန္တလေးက ပြန်လာပြီလား။

မြှားဦးက 'နွယ်' ဘက် ပြန်လှည့်သွားပါပြီ။

'နွယ်' အိမ်ကို လိုက်သွားလျှင်၊ အကြောင်းထူးမည် မဟုတ်။ 'ဒေါ်နုတင်' က ခေါ်ပေးမည်မဟုတ်။ 'နွယ်' နှင့် စကားပြောဖို့နည်း လမ်း ချက်ချင်း ရပါပြီ။ 'ကိုသန်းဇော်' ဖုန်းနံပါတ်ကို သိလျှင်ရပြီ။ 'ကိုသန်းဇော်' ဖုန်းနံပါတ်ကိုရဖို့ 'မသကြင်' ဆီကို ပြန်ကပ်ရမည်။

လမ်းဘေးဖုန်းမှ သူမ ပေးထားသော ဆယ်လူလာကိုခေါ် သည်။ ဖုန်းပိတ်ထားသည်ဟု သိရသဖြင့် ဘာဆက်လုပ်ရမှန်း မသိ တော့။ ညဘက် ခေါ်ကြည့်အုံးမည်။

တစ်ညနေလုံး 'မောင်မောင်ခင်' ဂဏာမငြိမ် ဖြစ်နေသည်။

ဘာတစ်ခုမှ စိတ်ရှည်ရှည်ထားပြီး လုပ်၍မရသဖြင့်၊ စိတ်ငြိမ် အောင် ဘုရားစင်ရှေ့တွင် ပုတီးထိုင်စိပ်နေမိသည်။

အဓိဋ္ဌာန်ဖြင့် စိပ်ခြင်းဖြစ်သည်။ သမ္ဗုဒ္ဓေတစ်ပုဒ် တစ်လုံး၊ တစ်ရာ့ရှစ်လုံး၊ တစ်ပတ်ပြည့်အောင် စိပ်ပြီးမှ ဤနေရာမှထမည်။

တစ်ပတ်မပြောနှင့် ခြောက်လုံးစိပ်ပြီးယုံဖြင့် စိတ်ကဖျံ့လွင့် သွားခဲ့ပြီ။ အစမှ ပြန်စိပ်သည်။ တစ်ဝက်ခန့်ကျိုးသောအခါ ကား သံက နားထဲ သဲ့သဲ့ဝင်လာသည်။

အသံကြားယုံဖြင့် 'ဦးလှသိန်း' ကားမှန်း သိသည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့ရောက်လာပြီ။ ဟွန်းသံ ညံနေသဖြင့် ဒေါ်ပွလာသည်။ အိမ်ရှေ့ရောက်မှ ဘာဟွန်းတီးစရာ လိုသေးသနည်း။

"ငွမ် ငွမ် ငွမ်"

ဟွန်းသံကလည်း စုတ်ပြတ်နေသည်။

"ဟော့ကောင် 'မောင်မောင်' ဘာလုပ်နေလဲဟ... ဟွန်းတီးနေတာတောင် ထွက်မလာဘူး"

ခပ်ကျယ်ကျယ်၊ ခပ်မာမာအော်နေသော 'ဦးလှသိန်း' ၏ စကားလုံး မဆုံးခင်မှာပင် ဝုန်းကနဲထရပ်ရင်း လက်သီးနှစ်ဖက်ဆုပ်၍ အံကြိတ်ပြီး လှမ်းကြည့်မိသည်။

"ဟင်..."

ကားပေါ်မှ ပစ္စည်းများကို 'ကေခိုင်' နှင့် 'ဦးလှသိန်း' တို့နှစ်ယောက်တည်း ချနေပါကလား။ ခြေလှမ်းကျဲများဖြင့် အပြေးအလွှားဆင်းလာပြီး...

"'မိကေ' ကလည်း... နင် ပြန်လာတာ အသံပေးပါတော့လား"

"ဟာ ငါအော်ခေါ်နေတာပဲ"

"ခင်ဗျားခေါ်တိုင်း ကျုပ်က ဘယ်တုန်းက ကြည့်ဘူးလို့လဲ ကိုယ့်ကိစ္စမဟုတ်ရင် ကျုပ် စိတ်မဝင်စားဘူး"

"ကဲ အခုတော့ မင်းကိစ္စ ဖြစ်နေပြီမဟုတ်လား"

ညီမဖြစ်သူကို မျက်မှောင်ကြုတ်၍ ကြည့်ရင်း...

"နင်နဲ့အမေလည်း ဒုက္ခပဲ... ရန်ကုန်တစ်မြို့လုံး ဒီကားတစ်စီးပဲ ရှိသလား"

"ဟာ 'ကိုကိုမောင်' ဘာသိသလဲ... ကြီးကြီးတို့အိမ်ကလည်း ကားလမ်းအဆုံး ချောင်ထဲမှာ... ဒီအိမ်ကလည်း ချောင်ကျလွန်းလို့ ဘယ်ကားဆရာ လိုက်ချင်လို့လဲ... 'ဦးသိန်း' ကို ကြိုမှာထားရတာ ကျေးဇူးတောင် တင်ရအုံးမယ် ဥစ္စာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါတွေက ဘာတွေ သယ်လာတာလဲ"

"'ကိုကိုမောင်' ဟိုမှာ လိုက်မနေဘူးဆိုလို့ ဒီမှာ အသုံးဝင်မယ့်ပစ္စည်းတွေ သယ်လာခဲ့တာ"

တစ်ယောက်အိပ်ကုတင် တစ်ခု၊ အဝတ်ဘီဒိုတစ်လုံး၊ စာရေးစားပွဲခုံ၊ ကုလားထိုင်၊ ကက်စက်။

"အားလုံးပြန်ယူသွား… အဲ့ဒီအိမ်ကပစ္စည်း ဒီအိမ်ထဲဘာတစ်ခုမှ မသွင်းနဲ့… ပြန်တင် ပြန်တင် မလိုချင်ဘူး"

"ဟာ မဟုတ်တာ… ပြန်တင်လို့ မဖြစ်ဘူး… ငါ့ကား မအားဘူး… ချိန်းထားတာ ရှိသေးတယ်"

"ကျုပ်ခိုင်းရင် ဘယ်တော့မှ မအားဘူး မဟုတ်လား… ကျုပ်အမေနဲ့ ညီမခိုင်းရင်တော့ ပြာနေတာပဲ… ခင်ဗျားကား မအားရင် ခင်ဗျားအခန်းထဲ သွားချထားဗျာ… ကျုပ် အခန်းထဲတော့ မထည့်နဲ့"

'ဦးလှသိန်း' က 'ကေခိုင့်' ကို လှမ်းကြည့်သည်။

"'ကိုကိုမောင်' ရယ်… ဒါက သက်မဲ့ပစ္စည်းတွေပါ… ဒါတွေရဲ့ပိုင်ရှင်တွေလည်း မရှိတော့ပါဘူး… အဲ့ဒီ ပိုင်ရှင်တွေကလည်း ကိုကို့ကို သဒ္ဓါတဲ့လူတွေပါ"

"တော်စမ်း တော်စမ်း… နင် ဆက်မပြောနဲ့… ငါ မကြားချင်ဘူး"

အံကြိတ်၍ လက်သီးနှစ်ဖက် ကျစ်ကျစ်ဆုပ်ရင်း မျက်လုံးနီနီကြီးဖြင့် အော်နေသော 'မောင်မောင်ခင့်' ပုံစံမှာ ကြောက်စရာကောင်းနေသည်။ လူချော၊ လူသန့် ရုပ်ပျောက်ပြီး ဘီလူး၊ သရဲစီးခံရသလို ဖြစ်နေသည်။

"ကြီးကြီးက သူတို့ချမ်းသာသမျှ စုဆောင်းခဲ့သမျှ 'ကေခိုင်' တို့ သားအမိ သုံးယောက်ကို သုံးပုံပုံပြီး မျှမျှတတခွဲပေးသွားခဲ့တာ



www.burmeseclassic.com

www.burmeseclassic.com



'ကိုကိုမောင်' မလိုချင်လဲ 'ကိုကိုမောင့်' ပစ္စည်းဟာ 'ကိုကိုမောင့်' ပစ္စည်းပါပဲ… ကဲ 'ဦးသိန်း' အောက်ဒါသွားရအုံးမှာဆိုရင် သွားလေ… ဒီပစ္စည်းတွေ 'ဦးသိန်း' အိမ်ရှေ့ဝရံတာမှာပဲ ချထားခဲ့ပါ"

'ဦးသိန်း' က ပစ္စည်းများရွှေ့ပြီးသောအခါ…

"နင် ဟိုကိုပြန်ရအုံးမှာ မဟုတ်လား… ငါ လာပြန်ခေါ်ရမလား"

"ရတယ်… မနက်မှပဲ သွားတော့မယ်… ဒီအိမ်မှာ ရှင်းစရာရှိတာ ရှင်းပေးလိုက်အုံးမယ်… လျှော်ဖွပ်လိုက်အုံးမယ်"

"ဟိုမှာ နင့်အမေ တစ်ယောက်တည်း ဖြစ်နေမှာပေါ့"

"ရတယ်… အိမ်နီးနားချင်းတွေ စောင့်အိပ်ပေးမယ်တဲ့"

"ဟုတ်လား… ငါ မနက်ဖြန် လိုက်ပို့ပေးရအုံးမလား"

"မပို့နဲ့ ဦးလေး… ပစ္စည်းသယ်စရာမှ မရှိတာ… လိုင်းကားနဲ့ပဲ သွားလိုက်တော့မယ်"

'မောင်မောင်ခင်' ၏ အံကြိတ်သံများကို ကြားနေရပါသည်။

အစ်ကိုဖြစ်သူ ဒေါ်ပွနေမှန်းသိ၍ 'ကေခိုင်' အလုပ်တွေသာဖိလုပ်နေသည်။

" 'မိကေ' တံခါးခဏပိတ်ထား… ငါလာမှ ဖွင့်… ဖုန်းသွားဆက်လိုက်အုံးမယ်"

ရုစ်နာရီခန့်တွင် စိတ်မထိန်းနိုင်တော့သဖြင့် 'သကြန်' ထံ ဖုန်းခေါ်ဖို့ ထွက်ခဲ့မိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## ၈

'သကြ်န်' တစ်နေကုန် စိတ်တိုနေပါသည်။

'သန်းဇော်' ထံ 'တူးမာ' တို့ကို ခေါ်၍သွားခဲ့ပြီဖြစ်၍ မတွေ့ခဲ့ရ။ 'ဖွားဂွမ်း' ကတော့ ပျာပျာသလဲ ကြိုဆိုရှာပါသည်။ အစားအသောက်တွေမျိုးစုံလုပ်၍ ဧည့်ခံပါသည်။

"'အဏာ' က ဖုန်းမှ ကြိုမဆက်တာကွယ်… သူတို့အလုပ်ကသိတဲ့အတိုင်း တစ်ခါတလေ ထိုင်နေရပေမယ့် ရုတ်တရက်ပစ္စည်းရောက်လာပြီဆိုရင် သင်္ဘောဆိပ် လေယာဉ်ကွင်းတို့မှာ အချိန်ကုန်သွားတတ်တယ်… ဖြန့်ချိဖို့ကိစ္စတွေနဲ့ ရှုပ်ယှက်ခတ်သွားတာ… အရေးကြီးရင် သူ့ဆဲလ်ဖုန်းကို ဆက်လိုက်ပါလား"

'သကြ်န်' က မှုန်တေတေ မျက်နှာဖြင့် ဂဏန်းကိုးလုံးကို နှိပ်ခမ်းတင်းတင်းစေ့၍ နှိပ်နေပါသည်။

"ဟဲလို…"



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်မှ မိန်းကလေးအသံဖြင့် ထူးခြင်းဖြစ်၍ 'သကြန်' မျက်ခုံးများ ပင့်တက်သွားခဲ့ရပါသည်။

"အခု ဖုန်းကိုင်တာ ဘယ်သူပါလဲ"

"'နွယ်' ပါ"

"မင်းက ဘယ်သူလဲ"

"'ဦးသန်းဇော်' ရဲ့ ဝန်ထမ်းပါ"

"နာမည် အပြည့်အစုံကရော"

"'တင်လေးနွယ်'"

"မင်းတို့ သူဌေးမရှိဘူးလား"

"ရှိတယ်ရှင့်... အခုလာမှာပါ... ထမင်းစားပြီး လက်ဆေးနေလို့ပါ... ဘယ်သူ့လို့ ပြောပေးရမလဲ ရှင့်"

"'မေသကြန်' လို့ ပြောလိုက်ပါ"

"ဟုတ်ကဲ့ရှင့်"

'ကိုသန်းဇော်' ချက်ချင်း လာကိုင်ပါသည်။

"'အတာ' လား"

"ဟုတ်ပါတယ်ရှင်"

"ထူးထူးခြားခြားပါလား... ဘာစိတ်ကူးပေါက်လို့လဲ"

"စိတ်ရူးပေါက်ပြီး 'ဖွားဂွမ်း' ဆီရောက်လာတာ... 'ဖွားဂွမ်း' က ထမင်းဟင်းချက်ပြုတ်ကျွေးနေလို့ 'ကိုဇော်' ကိုလည်း အတူလာဘားဖို့ ခေါ်တာ"

"စောစောက ကြိုမသိလို့ပေါ့ 'အတာ' ရယ်... 'ကိုဇော်' တို့ ခုပဲ စားပြီးကြတယ်... နက်ဖြန် ကရဝိတ်မှာ ဘူဖေးစားမလား... ကျွေး ကင်လုပ်ထားလိုက်မယ်"

"နက်ဖြန် မအားဘူး... ပုဂံနက်ကလုပ်တဲ့ တီးဝိုင်းသွားမလို့"

"ဩော် ဟုတ်သားပဲ... ကိုယ့်ကိုလည်း ဖိတ်ထားတယ်... ဒီ

www.burmeseclassic.com



ကျွမှ ဆုံကြတာပေါ့… ဘူဖေးကို ဘယ်ရက်စားချင်လဲ"

"အလုပ် အရမ်းများနေတဲ့လူကို မကျွေးနိုင်းပါဘူး… တစ်သက်လုံးလည်း ကျွေးရမှာပဲ… ဖြည်းဖြည်းပေါ့နော်"

"ဒါပေါ့ ဒါပေါ့… ဟဲ ဟဲ … နက်ဖြန်ကိုယ်လိုက်ရှာမယ်… ဘာအရောင် ဝတ်ခဲ့မလဲ"

"အဖြူရောင်"

"အိုကေ"

'သကြာန်' ခေါင်းထဲတွင် 'တင်လေးနွယ်' ဆိုသူ၏၊ နေရပ်၊ ကိုယ်ရေးရာဇဝင်လေးစုံစမ်းဖို့ အစီအစဉ်ရှိသဖြင့် 'ဖွားငွမ်း' ဖြင့် အလိုက်အထိုက်ရောသလို၊ ခြံခြင်းကပ်လျှက်တွင် သီးသန့် ကုမ္ပဏီလုပ်ထားသည့်နေရာသို့ သွားဖို့ အစီအစဉ်ရှိပါသည်။

" 'ဖွားငွမ်း'…"

"ဝေ…"

" 'ဖွားငွမ်း' ရဲ့မြေးနဲ့ 'အတာ' လက်ထပ်ဖို့ အစီအစဉ်ပျက်သွားပြီလား"

"မပျက်ပါဘူး… ညည်းပဲ ရှေ့နှစ် သီတင်းကျွတ်ဆို… ဘာဖြစ်လို့ အချိန်ဆွဲနေတာလဲ… အခုချက်ချင်း လုပ်လဲ ဖြစ်တာပဲ… နှစ်ယောက်လုံး ကျောင်းပြီးတဲ့အပြင် အလုပ်ကိစ္စလည်း ပြီးပြတ်သွားပြီပဲ"

" 'အတာ့' လုပ်ငန်းက မပြီးသေးဘူး"

"မလိုပါဘူးအေ… အလုပ်ပိုတွေ… ဟိုဘက်ဒီဘက် လူခွဲလဲ ရှိတာမဟုတ်ဘူး… လက်ထပ်ပြီး သူ့ကုမ္ပဏီမှာ ဝင်ထိုင်လိုက်ပြီးတာပဲ"

"အနှိမ်မခံချင်ပါဘူး… 'ကိုဇော်' ပုံစံက တစ်ခါတစ်ခါ ဘဝင်မြင့်ချင်သလိုပဲ… ကိုယ်လည်း ကိုယ်အလုပ်နဲ့ ကိုယ်ဆိုတော့ မျက်

www.burmeseclassic.com

www.burmeseclassic.com



နာ မငယ်ဘူးပေါ့... သူကယူပြီး ကုမ္ပဏီလည်း မလာခိုင်းဘဲ ချောင်ထိုးထားရင်ရော"

"အဲ့သလို မာနတွေထားနေရင်တော့ အိမ်ထောင်ရေးအဖုအထစ်တွေ ဖြစ်လာနိုင်တယ်နော်"

"'ဖွားဂွမ်း' က သူ့မြေး အကြောင်းလည်း သိသားနဲ့... မယူခင်ကလည်း ဂရုမစိုက်ဘူး... ယူပြီးရင်လည်း ဂရုမစိုက်ဘူးဆိုရင် 'အတော့' ဘဝသွားပြီပေါ့... 'အတာ' က အဖွားနှစ်ယောက်စကားနားထောင်ပြီး သူ့ကိုယူရမှာ.. အဖွားတို့မရှိတော့ရင် 'အတော့' ကို ပစ်ထားမှာကြောက်လွန်းလို့"

"အေးပေါ့လေ... ကိုယ့်မျက်ကွယ်ရာ သူ မကောင်းမှာကိုတော့ ကိုယ်လည်း တာဝန်မယူရဲဘူးပေါ့... ညည်း ပြောသလို ကိုယ့်အလုပ်နဲ့ကိုယ်ဆိုတော့လည်း သူ့ကို တစ်ချိန်လုံး မျှော်နေစရာ မလိုဘူးပေါ့... ဒါပေမဲ့ ကိုယ်က သူ့မိန်းမဖြစ်သွားရင် ကိုယ်ပိုင်ပြီပဲ... အလုပ်ချိန်ကလွဲပြီး အပြင်ထွက်ရင် လိုက်စရာရှိတာ လိုက်သွားပေါ့"

"သူက ဘာပြောတယ်မှတ်လဲ... အလုပ်ချိန်မှာ ပွေလို့ရတယ်တဲ့... ကဲ ဘယ့်လိုလုပ် စိတ်ချယုံကြည်ရမှာလဲ... 'အဖွားဂွမ်း' ကို အားနာလို့သိလား... သူ့ကို ယူကိုမယူချင်တော့တာ"

"ဘာလဲ... ညည်းက ယူမယ့်လူထပ်တွေ့ ထားလို့လား"

"တွေ့ရင်လည်း ကိုယ့်မှာက လက်ခံထားတဲ့လူ ရှိနေတော့ ဘယ်လက်ခံရဲမှာလဲ... 'ဖွားဂွမ်း' သာ ငြင်းလိုက်လေ"

"ငါက ငါသိပ်ချစ်တဲ့မြေးကို ညည်းနဲ့မှ ပေးစားချင်တာ... ညည်းကိုလည်း ချစ်လို့ပေါ့အေ... ငါတို့ ချမ်းသာသမျှ ညည်းကိုလည်း ခံစားစေချင်တယ်... ဒါကြောင့် တခြားအမျိုးစပ်ချင်လို့ ရောက်လာနေတဲ့ ယောက္ခမလောင်းတွေကို ငါ့မှာ ခေါင်းခါပြီး လက်ခါနဲ့ မော်တော်ပီကယ် ကျနေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဟင်း ဟင်း... 'ဖွားဂွမ်း' လည်း ဟာသလုပ်တတ်တာပဲ"

"ဒါနဲ့ 'မိလွန်း' ရော အရေးဗစ် လုပ်တုန်းပဲလား"

"လုပ်တယ်... ရေလည်းကူးတယ်... ကြက်တောင်လည်း ရိုက်တယ်"

"ဒီကောင်မ ငယ်မူများပြန်သွားတာလား... ကြာကြာနေရင် ဂါဝန်တွေဝတ်... အိုးပုတ်တွေနဲ့ ဆော့နေအုံးမယ်... မြေးရမှ မြေးနဲ့ အတူဆော့လို့ ပြောလိုက်ကြွားလား... ကဲ ပြီးရင် ကုမ္ပဏီဆက်သွားပြီး ငါ့မြေးချွေးမ ဘယ်လောက်လှလဲ သွားကြွားရအုံးမယ်"

ရေငတ်တုန်း ရေတွင်းထဲ ကျပြီပေါ့။

ကုမ္ပဏီတို့၏ ထုံးစံအတိုင်း၊ မှန်တံခါးကျယ်ကြီးတွေ လိုက်ကာရှည်ကြီးတွေ၊ ဆိုဖာတွေ၊ ရုံးသုံးပစ္စည်းအဆန်းတွေနှင့် ဖိတ်ဖိတ်တောက်နေသည်။ ခမ်းနားလှပနေသည်။

အပေါ်က ကုတ်အင်္ကျီ၊ အောက်ဖက်က စကပ်တိုတိုလေးတွေနှင့် ကောင်မလေးတွေကို တွေ့ရသည်။ တချို့က ကွန်ပြူတာရိုက်နေကြသည်။ အီးမေးလ်ဖြင့် အလုပ်ရှုပ်နေကြသည်။

"သမီးတို့နဲ့ မိတ်ဆက်ပေးရအုံးမယ်ဟေ့... ဒါ 'မောင်သန်းဇော်' နဲ့ ငယ်ငယ်တည်းက သဘောတူထားတယ်ဆိုတဲ့ 'မေသကြန်' ဆိုတာပဲလေ"

"ဩော်..."

"ဟာ သိပ်လှတဲ့ မမပဲကိုး... ဘယ်တော့လောက် လက်ထပ်ကြမှာလဲဟင်"

ကောင်မလေးတွေ၏ မျက်နှာလေးများက ဝမ်းသာအားရရှိကြပါသည်။

"ဒီမှာ ဝန်ထမ်း ဘယ်နှစ်ယောက်ရှိလဲ... အမျိုးသားရော ရှိလား"



www.burmeseclassic.com

www.burmeseclassic.com



✶✶✶

"ရှိတယ် မမ... အမျိုးသားသုံးယောက်... အမျိုးသမီးက ခုနစ်ယောက်"

"တစ်ယောက်လျော့နေတာကော... ခွင့်ယူထားတာလား"

"ဩဩ် 'တင်လေးနွယ်' က ဆရာနဲ့ ပါသွားလို့ပါ"

"သူ အပြင်ထွက်ရင် တစ်ယောက်ယောက် အမြဲလိုက်သွားရတာလား"

ဇနီးလောင်း လာအစ်နေပြီဆိုတာ သိကြပါသည်။

"လိုအပ်ရင် လိုက်ရပါတယ်"

"အလှည့်ကျ လိုက်ရတာလား"

"မဟုတ်ဘူးရှင့်... များသောအားဖြင့် 'နွယ်' ပဲ လိုက်ရတာ များတယ်... သူက အင်္ဂလိပ်စကားပြောလဲ ကျွမ်းတယ်... တခြားကုမ္ပဏီမှာလည်း လုပ်ခဲ့ဖူးတယ်ဆိုတော့ ဆရာက သူ့ကိုအားထားတဲ့အပိုင်းလည်း ပါတာပေါ့လေ"

စကားပြောရင်း အလုပ်စားပွဲပေါ်မှ ဖိုင်တွဲများကို မသိမသာ လှန်ကြည့်ပါသည်။ လိပ်စာများကို တွေ့ရပါသည်။ တယ်လီဖုန်းနံပါတ်များ မတွေ့ရသဖြင့် ဆက်သွယ်ဖို့တော့ခက်သည်။

အိမ်ပြန်လာပြီး မှုန်ကုပ်ကုပ်ထိုင်နေသဖြင့် ဖွားအေက လာမေးပြီ။

"ငါ့မြေး... ဒီနေ့ မျက်နှာမရွှင်ပါလား... ဘာပြဿနာဘက်လာလို့လဲ"

"'ကိုဇော်' တို့ဆီ ဝင်ခဲ့သေးတယ်... သူနဲ့ ကောင်မလေးတစ်ယောက်နဲ့ ညိနေတယ်ထင်တယ်"

"'ဂွမ်း' က သတို့သမီးလောင်းလို့ မိတ်ဆက်မပေးဘူးလား"

"ပေးပါတယ်"

"ဒါဆို ဘာပူစရာလိုလဲ"



www.burmeseclassic.com

www.burmeseclassic.com


"ယူပြီးတဲ့အထိ တွဲခုတ်နေရင်ကော"

"အလုပ် ထုတ်ပစ်လိုက်ယုံပေါ့"

'သကြာန်' က ခေါင်းတရမ်းရမ်း လုပ်နေခြင်းဖြစ်သည်။

'လွန်း' နှင့် 'ပွမ်း' တယ်လီဖုန်းဖြင့် စကားအချီအချ ပြောနေကြမှန်း 'အတာ' သိသည်။ ခဏကြာသောအခါ 'အတာ' နားပြန်ရောက်လာပြီး...

"ဘာရမလဲ... မပိုင်ရင် ခြင်တောင်မရိုက်ဘူးမှတ်ပါ... အဲ့ဒီကောင်မကို 'ပွမ်း' က အလုပ်ဖြုတ်ပစ်မယ်တဲ့... အမြန်ဆုံးလက်ထပ်ဖို့လည်း စီစဉ်မယ်တဲ့... ရက်ရွေးတဲ့"

"အရမ်းမလောနဲ့အုံး အဖွား... စောင့်ကြည့်အုံး... အဲ့ဒီအမျိုးသမီးနဲ့က လက်ပွန်းတတီးနေတာ ကြာပြီ... ကိုယ့်ဘက်မပါဘဲ သူ့ဘက်ပါပြီး ချက်ချင်းကောက်ယူလိုက်ရင် ကိုယ်က နေရင်းထိုင်ရင်း အရှက်ကွဲအုံးမယ်... သိက္ခာကျအုံးမယ်"

"ဒါမျိုး ဘယ်လုပ်လို့ရမလဲ... 'ပွမ်း' ဘယ်လက်ခံမလဲ"

"ကာယကံရှင်က 'ကိုဇော်' လေ... သူကြိုက်ရာ ယူမှာပေါ့... ဒီကောင်မလေးနဲ့ သာယာနေလို့ 'အတာ' လို မိန်းမမျိုးကို သူ စိတ်မဝင်စားတာပေါ့"

"မဖြစ်နိုင်ပါဘူး... ဒါဆို လက်ထပ်ဖို့ကိစ္စ ဘာလို့မဖျက်လဲ"

"သူ့အဖွားဆန္ဒကို မလွန်ဆန်နိုင်လို့ နေမှာပေါ့... သူ ပြောထားဘူးတဲ့ စကားလည်း ရှိနေတယ်... မိန်းမယူပြီးရင် သူ့ကို ဒုတိယနေရာက ဆက်ချစ်နေအုံးမယ့် သူ ရှိတယ်တဲ့... 'အတာ' တော့ ဒီကိစ္စကို ကိုယ်ကပဲ စဖျက်ချင်တယ်"

တစ်နေကုန် ထိုကိစ္စဖြင့် လုံးခြာလည်လိုက်ရင်း မိုးချုပ်သွားခဲ့သည်။

"ဟဲ့ 'အတာ' ဖုန်းလာတယ်... 'မောင်မောင်ခင်' ဆိုပါလား


www.burmeseclassic.com

www.burmeseclassic.com


ဘယ့်ကလဲ… ဘယ်သူလဲ… နင်နဲ့သိလား… ပြောမှာလား”

“အင်း အင်း ပြောမယ်”

“ဘယ်သူတုန်းဟဲ့… ငါလည်း မသိပါလား”

မြေးက လက်ကာပြပြီး ဖုန်းခွက်ကိုလှမ်းဆွဲသဖြင့် ပေးလိုက်ရသည်။

“ဟုတ်တယ် မမပါ”

မြေးမ မျက်နှာက ချက်ချင်းရွှင်သွားပါကလား။ ကေန္တ သူ့ကို ရင်ခုန်အောင် လုပ်နိုင်တဲ့လူ ရှိပြီနဲ့တူပါရဲ့။

“မမ ကတိမတည်ဘူး”

“ဘာ ကတိတုန်း ‘မောင်မောင်ခင်’ ရဲ့”

“ကားဂိတ်မှာ စောင့်နေဆိုတာလေ”

“ဟောတော်… သူပဲ ရက်တယ်ဆို… သင်တန်းကျရင်လည်း မခေါ်ရ မပြောရဘူးဆို… အထင်လွဲမှာ ကြောက်တယ်ဆို”

သည်အပြောကြောင့် ‘မောင်မောင်ခင်’ ထွေနေသောစိတ်များ ကြည်လင်သွားခဲ့ပါသည်။ လူ့ထုံးစံအတိုင်း၊ နီးစပ်ရာမှ ပျော်ရွှင်နိုင်ဖို့ ကြိုးစားလိုက်မိသည်။ ပြီးတော့ ‘မသကြဲန်’ က အသက်လေးငါးနှစ်ခန့်ပိုကြီးတာကလွဲလျှင် ‘နွယ်’ ထက် အလှအပ၊ အနုအရွ၊ ဥစ္စာဓန အစပေါင်း ရာထောင်သောင်းချီ၍ ကွာခြားပါသည်။

မိမိ မြတ်နိုးရည်ရွယ်သူကို ထိုလူကြီးက အပိုင်စီးလျှင် ထိုလူကြီး ရတနာခဲကို မိမိက ပြန်အပိုင်စီးပြမှ အဖြစ်ခြင်းတူမှ ကိုယ်ချင်းစာပေလိမ့်မည်။

‘မသကြဲန်’ ၏ စိတ်ထဲတွင်လည်း၊ မိမိကို သံယောဇဉ်မရှိသူကို မမျှော်လင့်ချင်တော့။ မိမိ ရင်ကိုခုန်စေနိုင်သူကိုသာ ဆက်ဆံချင်နေပါသည်။

‘ကိုဇော်’ ပိုက်ဆံရှိပေမယ့်၊ အင်ဂျင်နီယာ ကုမ္ပဏီပိုင်ရှင်ကြီး


www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပေမယ့်၊ မိမိကို စိတ်မဝင်စားသလို၊ မိမိကို စွဲဆောင်မှုမရှိသလို မိန်းမရှုပ်တာကိုလည်း ခွင့်မလွှတ်နိုင်၊ ပြတ်ပြတ်သားသား မရှိတာကိုလည်း မယုံကြည်နိုင်။

'မောင်မောင်ခင်' ကျတော့ ပိုက်ဆံသာ မချမ်းသာတာ၊ ပွင့်လင်းသည်၊ ရိုးသားသည်၊ မာနရှိသည်၊ သူများပစ္စည်းကို အချောင်မလိုချင်၊ မိမိနှစ်သက်သော ရုပ်ရည်ရှိသည်။ ဂုဏ်ပကာသနဆိုတာ လုပ်ယူ၍ရသည့် ကိစ္စပါ။ အခုဆင်းရဲသော်လည်း၊ တစ်နေ့ချမ်းသာနိုင်သည်။ အကျင့်စာရိတ္တက မွေးရာပါ၊ လုပ်ယူ၍ မရ။

"ဘာလဲ လာစောင့်နေသေးလို့လား"

"အင်းပေါ့"

"မလာတော့မှ ဒေါကန်တာ မဟုတ်လား"

"ဒါနဲ့ မမ ရှိုးထုတ်ပြီး ဘယ်သွားတာလဲ... အစွဲ့တိုက်ပြီး 'ညီညီ' တို့ကို ပြန်ခေါ်တာမဟုတ်လား"

"အစွဲ့မတိုက်တတ်ပါဘူးကွာ... 'ညီညီ' တို့ကို မချစ်နိုင်ပေမယ့် ခင်မင်နိုင်ပါတယ်... မိတ်ဆွေတော့ မပျက်ချင်ဘူး"

"မမ အဲ့သလို ယောက်ျားလေးတွေနဲ့ ခေါ်ပြောဆက်ဆံနေတာကို ဟိုလူကြီးက သဝန်မတိုဘူးလား... မဟန့်တားဘူးလား"

"ဟင့်အင်း... သူလည်း တွဲနေတာပဲ... သဝန်တိုတယ်ဆိုတာ ချစ်မှတိုတာ... သူကလည်း ကိုယ့်ကိုမချစ်... ကိုယ်ကလည်း သူ့ကို မချစ်... လူကြီးတွေကြောင့်ပဲလေ"

"ပြစ်မထားနဲ့ သူများလက်ပါသွားမယ်နော်... ဒီနေ့လည်း မမလူကို ကောင်မလေးတစ်ယောက်နဲ့ တွဲသွားတာ မြင်လိုက်သေးတယ်"

"သိသားပဲ... အဲ့ဒီကောင်မလေးက 'တင်လေးနွယ်'တဲ့"

"ဗျာ... မမ ဘယ်လိုလုပ် သိတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သူ့အိမ်ရော… ကုမ္ပဏီရော ရောက်ခဲ့တယ်လေ… သူ့အဖွား ကိုတောင် ပြောခဲ့သေးတယ်… ယူပြီးရင် ခြေရှုပ်နေမှာစိုးလို့ အစီ အစဉ်ကို ဖျက်ချင်တယ်လို့"

"ဘာပြောလဲ အဖွားကြီးက"

"သိတဲ့အတိုင်း… မမကို ဟိုးအရင်တည်းက သဘောကျခဲ့တာ ဆိုတော့ သူ့မြေးကို ဆုံးမမှာပါ"

"ယူပြီးရင်လည်း တိတ်တိတ်ပုန်း ဆက်တွဲနေရင်ကော မမ ဘယ်လိုလုပ်မလဲ"

"စိတ်ရှုပ်ပါတယ်ကွာ… သူ့အရင် ယောကျာ်းယူပြလိုက်ရင် သူ့အဖွား ဘာမှမတတ်နိုင်ပါဘူး… ဒါနဲ့ 'မောင်မောင်' နက်ဖြန်ည အားလား"

"ဗျာ ဘာဖြစ်လို့လဲ"

'အတော့' စကားကြောင့် 'ဇမောင်မောင်ခင်' လန့်သွားသလို၊ ထိုင်နားထောင်နေသော အဖွားဖြစ်သူလည်း မျက်လုံးပြူးသွားရှာ သည်။

"ဩော် မမတို့ ကွန်ပြူတာမှာ အင်တာနက်တပ်ထားတယ် လေ… အဲ့ဒါ ပုဂံနက်က စတိတ်ရှိုးလက်မှတ်ရထားတယ်… ကြည့် မလား"

"တော်ပါပြီ… သိတဲ့အတိုင်း အိမ်ကအဝေးကြီး"

"ဩော် တစ်ခါတလေမှ ကြည့်ရတာ… မြို့ထဲမှာ အမျိုးအိမ် မရှိဘူးလား"

"ဘယ်ရှိမှာလဲ"

"ဒါဆိုလည်း ဒီလိုလုပ်… တည်းခိုခန်းမှာ အိပ်လိုက်— 'ညီ' တို့လည်း ကြည့်ကြမှာ… 'တူးမာ' တို့လည်းပါမယ်"

"ဟာ တော်ပါပြီ… သူများတွေကြားထဲ မျက်နှာငယ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟော အားလုံး ဒီသင်တန်းတက်နေကြတာ... ဒီ ပညာ လောက်ပဲ တတ်ကြတာ... တည်းခိုခန်းမှာ မအိပ်ချင်ရင် မမတို့ ပရိဘောဂဆိုင်မှာ အိပ်မလား... မမ ဝင်ပြောပေးမယ်"

"ရပါတယ်... ကားရှိရင် ကိုယ့်အိမ်ပဲ ကိုယ်ပြန်မယ်... သူများ တွေနဲ့ မခင်ဘဲ ကျွန်တော် မအိပ်ချင်ဘူး"

"ကဲ အိပ်တာ မအိပ်တာက နောက်ကိစ္စကွာ... နက်ဖြန် တို့ သင်တန်းတက်တဲ့ မောင်နှမတွေအားလုံး ပျော်ပျော်ရွှင်ရွှင် ဂီတပွဲ ဆင်နွှဲကြမယ်... ရှိုးနဲ့ဝတ်ခဲ့နော်... ရှယ် ရှယ်"

"ဟာ ကျွန်တော့်မှာ မြန်မာဝတ်စုံပဲ ရှိတယ်... ဘိုလိုလည်း မဝတ်တတ်ဘူး"

"ကဲ သဘော သဘော... ကိုယ့်တော့်သဘော"

မြေးဖြစ်သူပုံစံက လုံးဝပြောင်းလဲသွားခဲ့ပြီ။ ပေါ့ပါးလန်းဆန်း သွားမှန်း သိသာသည်။ စောစောက အလိုမကျဘဲ စိတ်ခါတ်ကျနေ တာ စိတ်ညစ်နေတာထက်စာရင် ပျော်နေတာပဲ မြင်ချင်သည်။

"ဟဲ့ 'အတာ'... သူငယ်ချင်းအသစ်ရတာ ငါ့လည်း မပြောပါ လား... ခေါ်လည်း ခေါ်မလာပါလား... 'ညီညီ' တို့တောင် ပေါ်မ လာတာကြာပြီ"

" 'ညီညီ' က လူကြည့်တော့သာ နို့နံ့မစင်သေးတာ... ရိသဲ့ သဲ့လုပ်လို့ ဒဏ်ခတ်ထားတာလေ... ခုတော့ သူနဲ့ ရွယ်တူကောင် မလေးနဲ့ အတွဲဖြစ်သွားလို့ သူလည်း လူမှန်နေရာမှန် ရောက်သွား ပြီ"

" 'မောင်မောင်ခင်' ဆိုတဲ့ ကောင်လေးရော ဘယ်အရွယ်လဲ ဘာအလုပ်လုပ်လဲ... "

" 'အတာ' ထက် လေးငါးနှစ် ငယ်မယ်... ဘွဲ့ရပြီး သင်တန်း ဆင်းပြီးရင် အလုပ်တစ်နေရာရအောင် ကြိုးစားနေတဲ့ ကောင်လေး



www.burmeseclassic.com

www.burmeseclassic.com



ပေါ့... ရုပ်ချောပြီး အေးဆေးတည်ငြိမ်တယ်... မိန်းမလေးတွေနဲ့ မရောဘူး... သူ့ကို ဆင်းရဲလို့ဆိုပြီး သွားမနှိမ်နဲ့... သူက ပိုမာန ကြီးတယ်လေ... ဟား ဟား ဟား... လောကမှာ လူတွေကလည်း အမျိုးမျိုးပဲနော်... ပိုက်ဆံရှိပြီး မိန်းမပွေတော့လည်း မယူရဲဘူး ဖွား ဖွားရေ... ပိုက်ဆံမရှိတော့လည်း ဖွားဖွားတို့က သဘောတူမှာမ ဟုတ်ဘူး... အပျိုကြီးပဲ လုပ်တာပဲကောင်းပါတယ် ဖွားဖွားရယ် နော်"

ဖွားအေ၏ လုံးအိနေသော မေးစေ့ကိုဆွဲညှစ်ရင်း 'သကြဲန်' က ပြောလိုက်ခြင်းဖြစ်သည်။ ငယ်ရာကကြီးလို့ပဲ သချိုင်းကုန်းခြေ တစ်ဖက်နင်းနေမှတော့ ကိုယ့်မြေးအူးမြူးနေတာကိုကြည့်ပြီး ရင် တွေ ဘယ်လောက်ခုန်နေတယ်ဆိုတာ ခန့်မှန်းလို့ရတာပေါ့နော်။



www.burmeseclassic.com

www.burmeseclassic.com



# ၉

ပုလဲကွန်ဒိုရှေ့နားတွင် စောင့်ခိုင်းထားသဖြင့် 'မောင်မောင်ခင်' ညနေခြောက်နာရီလောက်တည်းက ရောက်နေပါသည်။

နောက်ဆယ်မိနစ်ခန့် ကြာသောအခါ 'ညီညီ' တို့သုံးယောက် ရောက်လာသည်။ နောက်ငါးမိနစ်ခန့် ကြာသောအခါ 'အောင်ကျော်ထွန်း' နှင့် ကောင်မလေးနှစ်ယောက် ရောက်လာသည်။ သင်တန်းက ကောင်မလေးတွေမှန်း သိပါသည်။ နှစ်ဖွဲ့လုံးက 'မောင်မောင်ခင်' ကို လှမ်းကြည့်ကြသည်။

'မောင်မောင်ခင်' က စာအုပ်ပြန် ငုံ့ဖတ်နေသည်။

ထိုအချိန်တွင် 'သကြန်' အလှပြင်ပစ္စည်းတွေရော၊ အထည်တွေရော စိတ်ကြိုက်သုံးဆွဲနေကြခြင်း ဖြစ်သည်။ 'တူးမယ်' က ကက်စက်ဖွင့်ပြီး မော်ဒယ်တွေ ကက်ဝေါ့လျှောက်သလို ခြေထောက်ကိုလိမ်ပြီးလျှောက်ရင်း ခုံမြင့်ဖိနပ်ကြောင့် ခြေခွင်ပြီး ကို့ရို့ကားရား

www.burmeseclassic.com

www.burmeseclassic.com



လဲကျသွားသဖြင့် ဝိုင်းထုပြီး အူတက်အောင် ရယ်နေကြသည်။

ဖွားဖွားလည်း မျက်ရည်ထွက်အောင် ရယ်နေတော့သည်။

"ဒီပုံစံအတိုင်းဆို ခုံမြင့်မစီးနဲ့... ကြိုးသိုင်းအပါးလေးပဲစီးတော့... နင် ခြေထောက်မှမခိုင်တာ"

'တူးမာ' က စကာဒ်ဘေားတစ်ဖက်ခွဲ၊ 'အေးသက်' က စကာဒ်နောက်ကွဲ၊ 'သကြိန်' က အနက်ရောင် ကိုယ်ကြပ်အထက်အောက်တဆက်တည်း ပိုးဇစ်ဆွဲအင်္ကျီကို ဝတ်နေသဖြင့်...

"ဟင် မမ.... အဖြူရောင် ဝတ်မယ်ပြောထားတာလေ"

"တမင် ရွဲ့ပြီးဝတ်တာ... ဂရုမစိုက်ချင်တော့ဘူး"

လက်ပြတ်ပြတ်၊ လည်ဟိုက်ဟိုက်ဖြစ်နေ၍ အပေါ်မှအနီရဲရဲမှန်သားဇာကို ထပ်ဝတ်သည်။ လည်တောင်၊ လက်ရှည်၊ ခါးရှည်၊ လည်တောင်နှင့် လက်ဖျားအပတ်တွင် စိန်ကဲ့သို့ တဖျတ်ဖျတ်လက်နေသော ကျောက်များကို ကပ်ထားသည်။

ဆံပင်ကို ကပိုကယို စုချည်ထားသည်။

နှုတ်ခမ်းရဲရဲ၊ လက်သည်းရဲရဲ၊ အနီရဲရဲ ခုံမြင့်လေဒီရှူးနှင့် လက်ပွေ့အိတ်အနီဖြင့်။

"ဟိတ် ဘာကြည့်နေတာလဲ... အင်္ဂလိပ်ကြက်ဖ ဘိုကြက်ဖနဲ့ တူလို့လား"

"အရမ်းလှလို့ပါ... လူတွေ ဝိုင်းကြည့်ကြမှာ မကြောက်ဘူးလား"

"ရော်... လူကြည့်ခံချင်လို့ ဒီလောက်ခြယ်ထားတာ... ဒီမွဲမျိုးမှ ရှိုးထုတ်လို့ကောင်းတာကွ သိလား... သွားမှ သွားမှ... ပိတ်တုံးကက ပေါ်မလာရင် ထပြန်ချင်ပြန်မှာ... ဖွားဖွားရေ ခမ်းတို့ပြန်လာရင် မိုးနည်းနည်းချုပ်မှလို့ ပြောပေးနော်... 'တူးမာ' တို့လည်း ဒီမှာအိပ်မှာလို့ ... လူများမှာမို့ ဟိုက်အေ့စ်ယူသွားတယ်



www.burmeseclassic.com

www.burmeseclassic.com



လို့"

"အေးပါ... အေးပါ"

'သကြ်န်' တို့ရောက်လာချိန်တွင် 'ညီညီ' တို့သုံးယောက်နှင့် 'အောင်ကျော်ထွန်း' တို့ သုံးယောက်ကိုသာ တွေ့ရသဖြင့်...

"ဟဲ့ 'ညီညီ' ... ဟိုတစ်ယောက်လာတာ မတွေ့ဘူးလား... 'မောင်မောင်ခင်' လေ"

"ဟောဟိုမှာ စောစောက စောင့်နေသေးတယ်... မလာဘူး ထင်လို့ ပြန်သွားပုံရတယ်"

ခပ်ဝေးဝေးကိုပင် ရောက်နေပြီဖြစ်၍ ကားဖြင့်မီအောင်လိုက် ခဲ့ရသည်။

"'မောင်မောင်' ရေ..."

'သကြ်န်' က ကားပေါ်မှ ဝမ်းသာအားရ လှမ်းခေါ်ပြီး၊ ကား ဆီလာရန် လက်ယပ်ခေါ်နေပါသည်။ 'မောင်မောင်ခင်' က ခေါင်း ခါပြီး...

"ကျွန်တော် မလိုက်တော့ဘူး"

"ဟာ ဘာဖြစ်လို့တုန်း... မမ နောက်ကျသွားလို့ စိတ်တို သွားတာလား"

ကားပေါ်မှ မင်းသမီးက ပြာပြာသလဲ အပြေးအလွှားဆင်း ခေါ်နေခြင်း ဖြစ်သော်လည်း၊ ရွှေမင်းသားက မှုန်ကုပ်ကုပ်မျက်နှာ ဖြင့်...

"ကျွန်တော် အဲ့သလို လူများများနေရာတွေ မသွားတတ်လို့ မလိုက်တော့ဘူး"

"ဟာ ရောက်တောင်လာပြီးမှများ အသက်ငယ်ငယ်လေးနဲ့ အဖိုးကြီးလေးကျလို့... လာ လာ ဒီလိုပွဲတော်မျိုးက ကြုံရခဲပါဘိနဲ့"

'သကြ်န်' အတင်းဆွဲခေါ်သဖြင့်၊ နီမြန်းသော မျက်နှာဖြင့်



www.burmeseclassic.com

www.burmeseclassic.com



'မောင်မောင်ခင်' ကားပေါ်ရောက်လာပါသည်။ ကားပေါ်ရောက်တော့လည်း နှစ်ယောက်သားပူးကပ်ပြီး ထိုင်ကြရသည်။

ဆရာစံလမ်းတလျှောက် လူတွေကြိတ်ကြိတ်တိုးနေပါသည်။

မြရိပ်ညိုဟိုတယ် ခြံဝင်းကြီးထဲသို့ လမ်းလျှောက်ဝင်ခဲ့ရသည်။

"ဟယ် ဟယ် ပွဲတာပဲဟော့... စတုဒီသာရှိတယ်တော့... ကြက်သားကင်တွေ ပေါင်မုန့်ထုပ်တွေ ဖျော်ရည်တွေ ပေးတာကျွေးတာတော့... ငါတို့တော့ နှစ်ခါလောက် ပြန်တန်းစီမှထင်တယ်"

'တူးမာ' က ရွှစိစိပြောနေသော့အခါ 'ညိုညို' က လှမ်းအော်သည်။

"ဝတ်ထားတဲ့ အဝတ်အစားကိုမှ အားမနာဘူး... တော်ပြီပေါ့ တစ်ခါရရင် လူတွေအဲသလို လောဘကြီးလို့ ရှေးခေတ်ကပဒေသာပင်ကြီး ပျောက်သွားခဲ့တာ"

"ဟွန်း..."

'တူးမာ' ကရှက်ပြီး မျက်စောင်းထိုးပါတော့သည်။

"အလကားကျွေးတာ ဆိုပေမယ့် ကြက်ကင်ကလည်း ရှယ်ပဲ"

"ဟော့ လက်ကမ်းစာစောင်တွေလည်း ဝေတယ်... အင်တာနက်စာစောင်... ပြက္ခဒိန်လေးတွေ မှတ်စုစာအုပ်ကလေးကလည်း ဘာရစ်နီပီးယားပုံလေးနဲ့"

'မောင်မောင်ခင်' ဤကဲ့သို့ လူစည်ကားသည့်နေရာမျိုး၊ ခမ်းနားပျော်ရွှင်ဖွယ်ကောင်းသည့် နေရာမျိုး၊ အလှအပပေါင်းစုံ၊ ခေတ်မီမှုပေါင်းစုံစုနေသည့် နေရာမျိုးကို တစ်ခါမျှ မရောက်ဘူးပါ၊ တောထဲက ဒရယ်လေးလို ဟိုကြည့်ဒီကြည့် ဖြစ်နေသော 'မောင်မောင်ခင်' ကို 'သကြီန်' က မကြာခဏ လှမ်းကြည့်ပြီး အပြုံးဖြင့်အေးဆေးနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြက်သားကင် ပေးတော့လည်း မစား၊ ပေါင်မုန့်ပေးတော့လည်း မယူ။

"မမနဲ့ တစ်ခုခုလိုက်စားပါလား... ဆိုင်တွေရှိတယ်... ထမင်းဟင်း ခေါက်ဆွဲကြော်... ကြာဇံကြော် အသားလိတ်"

"မစားတော့ဘူး"

"ဗိုက်ဆာနေမှာပေါ့ 'မောင်မောင်' ရယ်... အအေးဖြစ်ဖြစ် သောက်ရအောင်နော် လာ"

'မောင်မောင်ခင့်' လက်ကိုဆွဲ၍ ခေါ်သလို...

" 'ညီညီ' တို့ 'တူးမာ' တို့ အအေးသောက်ကြအုံးမလား"

"ဟာ ဒီမှာ အအေးဗူးတွေ ရှိတယ်လေ... ဟိုဟိုဒီဒီ လျှောက်သွားရင် နေရာကောင်းလေး ပျောက်သွားမှာပေါ့... မမတို့ သွားစားရင်စားပါ"

"ဟုတ်ပြီ... ဒါဆို သွားမယ်နော်"

စတိတ်ရှိုးမရောက်ခင် 'တင်မိုးလွင်' နှင့် 'ရတနာခင်' တို့၏ ဖျော်ဖြေမှုကိုလည်း တွေ့ရသည်။ မီးရောင်စုံအောက်တွင် တေးသံစုံဖွင့်၍ကနေသော အဖွဲ့ကိုလည်း တွေ့ရသည်။

"သည်လောက် ပျော်စရာကောင်းတဲ့ နေရာမှာ 'မောင်မောင်' က ဘာမကျေမနပ် ဖြစ်နေတာလဲ... မျက်နှာက ရှုတည်တည်နဲ့"

"ကျွန်တော် မျက်နှာကိုက ပြောစရာ ဖြစ်နေပြီထင်တယ်... မမ လွတ်လွတ်လပ်လပ်နေပါ... ကျွန်တော့်ကို ခေါ်လာမိလို့ မမရဲ့ ပျော်ရွှင်မှုတွေ လျော့နည်းကုန်ပြီ ထင်တယ်"

"မမက စတိတ်ရှိုးတွေသွားတာ ရိုးနေပါပြီကွယ်"

"ဟေး 'မေသကြိန်' "

"ဟယ် 'ပါးလ်'... မတွေ့ရတာကို ကြာလှပြီနော်... နေမင်းနည်းနည်း ပိန်သွားသလိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ဝိတ်လျှော့ထားတာ... 'သကြ်နိ'ကတော့ ကျောင်းတုန်းကထက်ကို ပိုလှလာတယ်ကွာ... နှစ်ယောက်တည်းလား"

စုံတွဲလားဆိုတာ သိချင်၍ မေးကြမှန်းသိပါသည်။

"အဖွဲ့တွေပါတယ်... တီးဝိုင်းကြည့်ဖို့ စောင့်နေကြတယ်"

"ဒါနဲ့ 'သကြ်နိ'ရဲ့ အစ်ကိုကော"

ကျောင်းတုန်းက 'ကိုသန်းဇော်' တစ်ချိန်လုံး လာနေသည်ကို ရည်ရွယ်ပြီး မေးမှန်းသိပါသည်။

" 'ကိုဇော်' လား... သူလည်း လာမယ်ပြောတယ်"

"အေးအေးဆေးဆေး တွေ့ချင်သေးတယ် 'သကြ်နိ' ရာ"

"အိမ်ကို လာလည်လေ... စနေ တနင်္ဂနွေဆိုရင် ရှိပါတယ်"

စတိတ်ရှိုးက မြေနိမ့်ပိုင်းတွင် လုပ်ထားပြီး၊ ထိုင်ခုံမပါဘဲ မတ်တပ်ရပ်ကြည့်သူ ကြည့်သည်။ စားရှက်များခင်း၍ ထိုင်ကြည့်သူ ကြည့်သည်။ စားသောက်ဆိုင်များက အမြင့်ဘက်တွင်ရှိ၍ ပြန်တက်လာကြခြင်းဖြစ်သည်။

"မမ သိပ်လှတယ်ဗျာ"

တချို့ ကောင်လေးတွေက မကြားတကြားပြောသွားခြင်းဖြစ်သည်။ ရွယ်တူ အမျိုးသားတွေကလည်း မမကိုမြင်လျှင် လည်ပြန်၍ကြည့်ကြသည်။

"ဟော 'မေသကြ်နိ' "

'ဩော် ယူ တစ်ယောက်တည်းလား"

ကျောင်းတုန်းက 'သကြ်နိ'ကို ကြိတ်ပိုးခဲ့သူ၊

"တစ်ယောက်တည်းပါပဲ ဗျာ"

"သင်္ဘောလိုက်နေတယ်ဆို"

"ဟုတ်တယ်... ခွင့်နဲ့လာတာ... ဒါနဲ့ ဟိုတစ်ယောက်နဲ့ယူ



www.burmeseclassic.com

www.burmeseclassic.com



ပြီးပြီလား"

"မယူဖြစ်သေးဘူး..."

"ဟောဗျာ... ကျောင်းပြီးတာတောင် တော်တော်ကြာသွားပြီ ပဲ... ခုထိ မယူဖြစ်ကြသေးဘူးလား... အစီအစဉ် ပျက်သွားလို့လား ဒါဆိုရင်တော့ လျှောက်လွှာပြန်တင်မှ ထင်တယ်"

သားသားနားနား သဘော်သားက သူ့အဖော်တွေရှေ့တွင် ရယ်ရယ်မောမော ပြောနေခြင်းဖြစ်သည်။

"ကျောင်းတုန်းက ဘော်ဒီဂတ်ပါလာလို့ ငါတို့မှာအနား တောင် မကပ်ဝံ့ဘူးလေ... ဖူးစာရေးနတ်က မျက်နှာသာပေးပြန်ပြီ ထင်တယ်... ဟဲ ဟဲ"

မိမိကိုခေါ်လာပြီး 'မေသကြ်န်' က သူ့ကိုကြိုက်တဲ့ လူတွေ ပေါ်ကြောင်း ပြချင်၍များလား။ 'မောင်မောင်ခင်' ပုံစံကိုကြည့်ပြီး ရိပ်မိသဖြင့်...

"အစီအစဉ်မပျက်သေးလို့ ခက်နေတာလေ... အဟင်း ဟွင်း"

"အဲသလို အရေးပေးမှန်းသိလို့ ဒီလူကြီး အချိန်ဆွဲနေတာဖြစ် နေမှာပေါ့... လိုက်ရင် ပြေးစတတ်တယ်... ယောကျ်ားတွေက လွယ် လွယ်ကူကူရရင် တန်ဘိုးမထားချင်ကြဘူး... ကျွန်တော့်ကိုကြည့် လေ... မရနိုင်တဲ့လူကိုမှ ပိုင်ဆိုင်ချင်နေတာ... 'မေသကြ်န်' ကသာ လက်ခံရင် လူကြီးစုံရာနဲ့ ချက်ချင်းလာတောင်းရမ်းမှာ"

သတိရ၍ လှည့်ကြည့်သောအခါ 'မောင်မောင်ခင့်' ကို မတွေ့ တော့။ သစ်ပင်အောက်တွင် စိတ်ပျက်သလို မျက်နှာဖြင့် ရပ်စောင့် နေကြောင်း တွေ့ရသည်။

"လာ 'မောင်မောင်'... လူရှင်းတဲ့နေရာမှာ သွားစားရအောင်"

"မစားချင်တော့ဘူး... ပြန်ပဲ ပြန်ချင်တယ်"

"ခက်တာပဲ... ပြန်သွားရင် 'တူးမာ' တို့ 'ညီညီ' တို့ ဘယ်



www.burmeseclassic.com

www.burmeseclassic.com


လိုထင်မလဲ... ပွဲပြီးအောင်တော့ နေအုံးပေါ့... ရုပ်ပျက်ဆင်းပျက် ဖြစ်အောင်တော့ မလုပ်ပါနဲ့ 'မောင်မောင်' ရယ်... ပျော်စေချင်လို့ ခေါ်မိတာပါ... 'မောင်မောင်' မနှစ်သက်ရင် နောက်မခေါ်တော့ဘူး နော်"

မျက်ရည်ဝဲရင်းပြောနေသော 'သက်နှ်' ကိုကြည့်ပြီး အံ့အား သင့်သွားမိပါသည်။ သူ့လူကြီးကို အချိန်တွေဆွဲပြီး ညာနေတာကို တော့ မခံစားရဘဲ၊ မိမိပြန်သွားလျှင် သူမ အရက်ကွဲမည့်ပုံပါလား။ မိမိက အရေးတကယ်ပါလို့လား။ ဒါမှမဟုတ် ကြောင်မကြီး ကြွက် ကလေးကို ကစားဖို့ မျက်ရည်ခံထိုးနေတာလား။

တီးဝိုင်းက စ၍ တီးခတ်ပါလေပြီ။

စားသောက်ပြီး တီးဝိုင်းရှိရာ ပြန်ခဲ့ကြသည်။ လူတွေက ဝင် တဲ့လူဝင်၊ ထွက်တဲ့သူ ထွက်ဖြင့် ရှုပ်ထွေး၍နေသည်။ ကွင်းပြင်ထဲ တွင်လည်း လူကအပြည့်ပါပဲ။ ပထမဆုံး 'ဒွေး' တို့အဖွဲ့၊ 'ပလေး ဘွိုင်းသန်းနိုင်' နှင့်အဖွဲ့။ နောက်ဆုံး 'ဇော်ဝင်းထွဋ်' တို့အဖွဲ့။

သူ့ပရိသတ်နှင့်သူ ၊ သူ့အစွယ်နဲ့သူ ကြိုက်ကြ၊ အားပေးကြ သည်။ 'မောင်မောင်ခင်' အရင်က ဤလိုပွဲမျိုး မကြည့်ဘူးခဲ့ပါ။

တီဗွီ၊ ဗွီဒီယို၊ ကက်စက်တွေထဲမှာသာ မိမိကြိုက်နှစ်သက်ရာ အဆိုတော်များကို စောင့်ကြည့်တတ်ပါသည်။

'ဇော်ဝင်းထွဋ်' ကလည်း အားရပါးရ မြူးမြူးကြွကြွ ဖျော်ဖြေ သွားပါသည်။

သူ၏သီချင်းများကို ပရိသတ်များထဲမှ ကောင်လေး၊ ကောင် မလေးတွေ တပျော်တပါး လိုက်ဆိုကြသည်။ တစ်ခါတရံ သူ အဆို ရပ်ပြီး ပရိသတ်ကြီးဘက်သို့ မိုက်ကို လှည့်ပေးတတ်သည်။ ထိုအခါ ခါမျိုးတွင် 'ဇော်ဝင်းထွဋ်' ဆိုစရာမလိုဘဲ လူငယ်တွေအားလုံးက ဆိုနေသံကိုကြားနေရသည်။


www.burmeseclassic.com

www.burmeseclassic.com



* * *

ဒါတွေကိုမြင်တော့ 'မောင်မောင်ခင်' အံ့ဩရသည်။ လူငယ်တွေ၏ အားပေးမှုကလည်း ကြောက်ခမန်းလိလိပါပဲ။ ပျော်စရာတကယ်ကောင်းပါသည်။ 'ညီညီ' တို့လည်း လိုက်ဆိုရင်း ကကြသည်။ 'တူးမာ' တို့လည်း လိုက်ဆိုသည်။ ကသူက ကကြသေးသည်။ 'မေသကြာန်' လည်း ခပ်တိုးတိုး ခပ်ပြုံးပြုံးလိုက်ဆိုနေသည်။

ဒါ အရသာပဲ ဖြစ်မည်ထင်သည်။ ရင်ထဲမှာ ကြည်နူးသလိုလို ပျော်သလိုလို၊ ကျေနပ်သလိုလို ခံစားရပါသည်။

'ခင်ဘုဏ်း' နှင့် 'ရွှေထိုက်' တို့သီဆိုပုံကလည်း လူတွေပါးစပ်ဖျားမှာ ရေပမ်းစားလှသည်။ 'အရိုင်း' နှင့် 'ညောင်ညောင်' ထွက်လာပြီး မြန်မာစကားကို ဘိုလိုမှုတ်ကြသည်။ ပြီးတော့ ယခုဆိုမှာက တော့ 'အစီမ' တဲ့။

"အစီမ... အစီမ"

အော်ခေါ်နေစဉ် ပြေးထွက်လာသူကို မြင်မှ ရယ်ရပါတော့သည်။ အပေါ်ထပ် ဂျာစီအနီရဲလေးဖြင့် ချစ်စဖွယ်ပြေးထွက်လာသူကတော့ 'စည်သူလွင်' ပါပဲ။ မြူးမြူးကြွကြွ စိတ်ပါလက်ပါ အော်ဟစ်သီဆိုနေပါပြီ။

သူ့သီချင်းများကိုလည်း အားလုံးအလွတ်ရ၍ လိုက်ဆိုကြပါသည်။ ပရိသတ်တွေ အားရကျေနပ်နေကြသည်။

နောက်တစ်ယောက် 'ရင်ဂို'။

အသံ၏ကောင်းခြင်းနှင့် ပြည့်စုံသူဟု 'မောင်မောင်ခင်' တွေးနေမိသည်။

တီးဝိုင်းကောင်း၊ အဆိုကောင်း၊ အတီးကောင်းများကြောင့် အချိန်တရွေ့ရွေ့ကုန်နေတာကို သတိမထားမိ။ ညနေခြောက်နာရီက ဤကွင်းထဲရောက်နေကြသူများ ဆယ့်နှစ်နာရီထိုးခါနီးမှ လူစုခွဲကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com


"ဗိုက်ပြည့်အောင်လည်းစား... လက်ဆောင်တွေလည်းရနဲ့... သီချင်းကောင်းတွေလည်း နားထောင်ရတာ မမရဲ့ ကျေးဇူးကြောင့်ပဲဗျို့... ငါတို့မမ ဒီ့ထက်ပိုလှပါစေ... ဒီ့ထက် ပိုချမ်းသာပါစေ... ချစ်ခင်နှစ်သက်သူနဲ့ အမြန်ဆုံး ပေါင်းရပါစေဗျား"

'ညီညီ' က အိပ်ချင်၍ တဝါးဝါးသမ်းရင်း လေးကန်သော ခြေလှမ်းများဖြင့် ကားရှိရာလှမ်းရင်း ပြောလိုက်ခြင်းဖြစ်သည်။


www.burmeseclassic.com

www.burmeseclassic.com



## ၁၀

တနင်္ဂနွေနေ့တွင် ဖွားဖွားက အုန်းထမင်းနှင့် ကြက်သားဟင်းချက်စားမည် ဆို၍...

"ဟုတ်ပြီ...သင်တန်းအုပ်စုတွေကိုရော ကျွေးမလား ဖွားဖွား"

"ရတယ်လေ... အေရိုးဗစ်အုပ်စုရော ကြက်တောင်အုပ်စုရော ခေါ်"

"သင်တန်းသားအသစ် တစ်ယောက်လည်း ခေါ်လို့ရမလား"

" 'မောင်မောင်ခင်' ဆိုတာလား"

"ဟုတ်တယ် ဖွားဖွား"

"အင်း ခေါ်ခဲ့လေ... မြင်ဘူးသွားတာပေါ့"

အကြောင်းရှိလျှင် ဆက်သွယ်နိုင်ရန် 'မောင်မောင်ခင်' က ဖုန်းနံပါတ်ပေးထားသဖြင့် ညဘက်ကောက်ဆက်တော့သည်။

" 'မောင်မောင်' လား"

"ဟုတ်ကဲ့ မမ... ဘာများအရေးကြီးလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"အရေးမကြီးရင် မဆက်ရဘူးပေါ့ ဟုတ်လား"

"ကျွန်တော့်လိုကောင်ကို အရေးတယူ အရေးတကြီး ဆက်မယ့်လူမရှိပါဘူး"

"ရှိလို့ အခုဆက်နေပြီရော... တနင်္ဂနွေနေ့ အိမ်မှာ စားဝိုင်းရှိတယ်... လာခဲ့ဖို့ ဖိတ်တာ"

"ဟာ အိမ်ကို လာရမှာလား... မလာချင်ပါဘူး"

"ဟင် ဘာဖြစ်လို့လဲ"

"တော်ပါပြီ... ကိုယ့်နေရာမဟုတ်တော့ မနေတတ်ဘူး"

"'ညီညီ' တို့ 'တူးမာ' တို့နဲ့ ခင်နေပြီပဲ"

"ကျွန်တော် အဲသလို ဟိုပြောဒီပြော မနေတတ်ဘူး... ပြီးတော့ တနင်္ဂနွေဆိုရင် အမေနဲ့ညီမ လာမှာမို့ ကျွန်တော် သူတို့နဲ့တွေ့ဖို့ စောင့်ရမယ့် တာဝန်ရှိနေတယ်"

"သူတို့က အတူမနေဘူးလား"

"အရင်ကတော့ အတူတူပါပဲ... ဟိုတလောက ကြီးဒေါ်ဆုံးသွားတော့ အဲ့ဒီမှာနေမယ့်လူမရှိတော့လို့ သွားနေကြတယ်"

"'မောင်မောင်' က ဘာလို့ လိုက်မသွားတာလဲ"

"ဒီအိမ်မှာပဲ ပျော်လို့"

"ဒါဆို တနင်္ဂနွေ မလာတော့ဘူးဆိုပါတော့... တို့တော့ အရက်ကွဲပြန်ပြီ... ဖွားဖွားကို ခုပဲပြောခဲ့တာ... သင်တန်းသားအသစ်တစ်ယောက်ပါ ခေါ်ကျွေးချင်တယ်လို့... ဖွားဖွားက ခေါ်ခွင့်ပြုထားပြီးမှကွာ... ခဏပဲ လာခဲ့ပေါ့... ပြီးတော့ ကားနဲ့ပြန်ပို့ပေးမယ်"

"ဟာ မလုပ်ပါနဲ့"

"မလာရင် 'တူးမာ' တို့အုပ်စုခေါ်ပြီး မင်းအိမ်မှာ လာဆော်မင်းကျန်းမှာနော်"

"မလုပ်ပါနဲ့ဗျာ... တောင်းပန်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ဘယ်လိုကြီးလဲ... ခေါ်တော့လည်း မလာချင်ဘူး... လာမယ်ဆိုတော့လည်း မခေါ်ချင်ဘူး... ကေန္တတော့ ချိန်းထားတာ ရှိတယ်နဲ့တူတယ်"

အမှန်အတိုင်းပြောရလျှင် 'ကေခိုင်' တို့ရှိတုန်း 'နွယ်' ကို သွားတွေ့ချင်သည်။ 'နွယ်' ထံသွားရန် ရည်ရွယ်ထားပါသည်။

"ကဲ မလာဘူးပေါ့ ဟုတ်လား"

"ဒီတစ်ပတ် တကယ် မအားလို့ပါ... နောက်တစ်ပတ်တော့ ကျွန်တော် လာခဲ့ပါ့မယ်... ဘာမှ မကျွေးချင်လည်းနေပါ... ကျွန်တော် လာခဲ့ပါ့မယ်"

"ပြီးတာပဲ"

'မောင်မောင်ခင်' တနင်္ဂနွေနေ့ နံနက်စောစောတွင် 'နွယ်' အိမ်ရှေ့ ရောက်ခဲ့ပါသည်။ 'နွယ်' အပြင်မထွက်ခင် ဖမ်းမိအောင်လို့ ဖြစ်သည်။

သို့သော် အစောကြီးရောက်နေသော 'မောင်မောင်ခင်' ထက် စော၍ 'နွယ်' အပြင်ထွက်သွားတာလား၊ ဒါမှမဟုတ် ညတည်းက အပြင်ရောက်နေတာလား မသိ။ 'ကိုသန်းဇော်' ၏ ကားပေါ်မှဆင်း သွားတာကို မြင်လိုက်ရသဖြင့် ရင်ထဲတွင် ဖြောင်းဆန်သွားခဲ့သည်။

'နွယ်' နှင့် မျက်နှာချင်းဆိုင်တွေ့ပြီး စကားတွေပြောချင်နေပါသည်။ ကံမကောင်းချင်တော့ မိမိရောက်နေကြောင်း တစ်ယောက်ယောက် သတင်းပို့၍လား မသိ။ 'ဒေါ်တင်နု' က ထွက်ကြည့်ပြီး တံခါးပြန်ပိတ်သွားခဲ့သည်။ ပုန်းနေသူကို စောင့်၍လည်း အချိန်ကုန်ယုံသာ ရှိမည်မှန်းသိ၍ ခြေဦးတည့်ရာ လျှောက်နေမိသည်။

နာရီကိုကြည့်တော့ ဆယ်နာရီ။ 'မေသကြိန်' တို့အိမ်ကိုသွားဖို့ လိုင်းကားစီးလျှင် တစ်နာရီလောက် စီးရအုံးမည်။ မိတော့မိသေးသည်။



www.burmeseclassic.com

www.burmeseclassic.com


"ဟယ် 'မောင်မောင်ခင်' လာတယ်… မမရေ"

'တူးမာ' ခြံဝမှ 'မောင်မောင်ခင့်' ကို တွေ့သူရဲမြင်သလို အော်ခြင်းဖြစ်သည်။

"ဟုတ်ပါရဲ့ဟယ်… တံခါးဖွင့်ပေးလိုက်ကြပါအုံး"

အချိန်မီ ရောက်လာခြင်းဖြစ်သည်။

လူ ၁၅ ယောက်စာ ပြင်ထားသော စားပွဲပေါ်တွင်၊ အုန်းထမင်း၊ ကြက်သားဟင်း၊ ဘာလချောင်ကြော်၊ အချဉ်သုတ်၊ ဟင်းချိုအပြင် လိမ္မော်ရည်တစ်ခွက်စီ၊ ဖရဲသီးနှင့် စပျစ်သီး ပန်းကန်များကိုလည်း တွေ့ရသေးသည်။

" 'မောင်မောင်' သိပ်ဆိုးတယ်နော်… ချော့ခေါ်တာကို မလာဘူးပြောတယ်… မလာဘူးထင်တော့ ရောက်လာတယ်… တကယ့်လူဆိုးပဲ"

အဝါရောင်၊ ဘလောက်စ် ပွပွတိုတို ကားကားလေးနှင့် 'မသကြိန်' က တစ်မျိုးလှနေပြန်သည်။ 'မောင်မောင်ခင်' ရောက်လာသဖြင့် 'သကြိန်' ပုံစံသိသိသာသာ ပျော်ရွှင်မြူးတူးသွားမှန်း အားလုံး သိလိုက်ကြသည်။

"လာ 'မောင်မောင်' ဒီမှာထိုင်"

"ထည့်စားလေ 'မောင်မောင်'… အမြစ်အသည်းကြိုက်လား"

"အီလား… လိမ္မော်ရည် သောက်လိုက်လေ"

သိသိသာသာကြီးကို ဂရုစိုက်မှန်း ရိပ်မိကြသည်။

သူမကိုယ်သူမ လွတ်ထွက်နေမှန်း မသိသော်လည်း ဘေးလူတွေ သိသည်။ ဖွားဖွားလည်း သိသည်။

'မောင်မောင်ခင့်' ကို ခပ်ပြုံးပြုံး ခိုက်ကြည့်ရင်း ဆေးလာနေပါသည်။ အသားဖြူဝင်းခြင်း၊ နှာတံပေါ်ပြီး မျက်ခုံးမျက်လုံးကောင်းခြင်း၊ လိုင်းထသောဆံပင်ကို သေသပ်စွာဖြီးထားခြင်း၊ အဖြူရောင်



www.burmeseclassic.com

www.burmeseclassic.com



စတစ်ကော်လာလက်ရှည်ကို လက်ခေါက်၍ ဝတ်ထားသည်။

နီညိုရောင်ရင့်ရင့် ပိုးတွဲပုဆိုး၊ နီညိုရောင် ကတ္တီပါသဲကြိုး ဖိနပ်နှင့် ကချင်လွယ်အိတ်ကို လွယ်ထားသော 'မောင်မောင်' မှာ လူချောတစ်ယောက်ပါပဲ။

အရောင်တောက်ပြီး ခပ်ရဲရဲကြည့်တတ်သော မျက်လုံးများက စွဲဆောင်မှု ရှိပါသည်။

တစ်ခါတစ်ခါ ပြုံးနေတတ်သော်လည်း တစ်ခါတရံ ခပ်တည်တည် ခပ်တွေတွေ စိုက်ကြည့်တတ်သည်။ 'သကြ်န်' ရူးခပ်ကျွေးနေချိန်တွင် ပြုံးပြီး မျက်နှာတွေနီမြန်းသည်အထိ ရှက်နေမှန်းသိသာပါသည်။

"တိ တိ တိ"

ကားဟွန်းသံကြောင့် ခြံဝကို လှမ်းကြည့်မိကြသည်။ ထမင်းစားခန်းက အမြင့်တွင်ရှိပြီး၊ ဘေးပတ်ပတ်လည်ကို မှန်ပြူတင်းပေါက်အပြည့် တပ်ထားသဖြင့် ဘယ်သူဘယ်ဝါဆိုတာ လှမ်းမြင်နေရပါသည်။

"ဟင် 'ကိုဇော်'တို့ မြေးအဖွားပါလား... ဖိတ်ထားရင် လာချင်မှလာမှာ"

'သကြ်န်'က အံ့ဩသောပုံစံဖြင့် ပြောခြင်းဖြစ်သော်လည်း၊ ဝမ်းသာအားရ ပုံစံကို မပြသည့်အပြင် ဖျတ်ကနဲ 'မောင်မောင်ခင့်' ကို လှမ်းကြည့်ရှာလာပါသည်။

'မောင်မောင်ခင်' က ခပ်မဲ့မဲ့ပြုံးပြသောအခါ 'သကြ်န်' မျက်စေ့ မျက်နှာပျက်နေပါတော့သည်။ ဖွားအေကြီးက သေချာအကဲခတ် ကြည့်နေသောကြောင့် မြေးမ၏ အတွင်းစိတ်ကို သိရှိလိုက်ပါသည်။

"ကြည့်စမ်း ကြည့်စမ်း... ငါတို့ကိုကျတော့ မဖိတ်ဘူးပေါ့



www.burmeseclassic.com

www.burmeseclassic.com


လေ... ဒါမျိုးကြေးလား"

'ဖွားဂွမ်း' က အာပြလျှာပြဖြင့် ပြောခြင်းဖြစ်သည်။ 'ကိုသန်းဇော်' က အလွန်လှပသော နှင်းဆီတစ်ခက်နှင့်အတူ ပါကင်ထုပ်ထားသော စက္ကူဗူးလှလှတစ်ခုကို 'သကြ်န်' လက်ထဲ ပြုံးရွှင်သောမျက်နှာဖြင့် စိုက်ကြည့်ရင်း ပေးခြင်းဖြစ်သည်။

ဖွားအေမျှား အမြင်မှာတော့ 'သကြ်န်' ကို အလွန်မြတ်နိုးသည့် ဟန်ပေ့ါ။ သည်လူ မနက်ခင်းက အခြား မိန်းမပျိုတစ်ယောက်ကို အတည်ကြံမည့်ပုံစံမျိုးဖြင့် မိဘများအိမ်ပြန်ပို့ခဲ့တာ မြင်ခဲ့ရသည့် 'မောင်မောင်ခင့်' ရင်ထဲမှာတော့ ရွံ့ရှာမုန်းတီးခြင်းများဖြင့် ဗလောင်ဆူ၍ နေပါသည်။

'သန်းဇော်' ကို မြင်လိုက်ရသော 'မောင်မောင်ခင့်' မျက်နှာမှာ ခက်ထန်ကြမ်းကြုတ်သွားပြီး၊ အံ့သြစရာကောင်းလောက်အောင် ကြောက်ရွံ့စရာပင် ဖြစ်သွားသည်ဟု 'ဖွားလွန်း' အကဲခတ်လိုက်မိသည်။

'သန်းဇော်' နှင့် 'သကြ်န်' ကို ငယ်ငယ်လေးတည်းထဲက သဘောတူထားတာ သူ မသိလို့လား။

မကြာခင် လက်ထပ်တော့မှာကို သူ မသိလို့လား။

ဒါမှမဟုတ် 'သကြ်န်' လိုက်လျှောလွန်း၍ 'သန်းဇော်' နေရာကို ဝင်လုဖို့ ကြိုးစားနေပြီလား။

မိမိအနေနှင့်ကတော့ 'သန်းဇော်' နှင့်သာ ယူစေချင်ပါသည်။

'သန်းဇော်' ဘက်က 'သကြ်န်' ကို ဂရုစိုက်မည်၊ အလိုလိုက်မည်၊ နေ့စဉ် အဝင်အထွက် ရှိမည်ဆိုလျှင် 'သကြ်န်' စိတ်ကစားမည်မထင်။

ရုပ်ချောတာလေး တစ်ခုနဲ့တော့ အိမ်ထောင်ဘက်ရွေးချယ်သင့်ဘူးဟု ထင်သည်။ 'သန်းဇော်' တို့ မြေအဖွားကို 'သကြ်န်


www.burmeseclassic.com

www.burmeseclassic.com



ဆက်ဆံသည့် ပုံစံကလည်း ယခင်ကထက်ပို၍ သွေးအေးမှန်းသိသာသည်။ မကောင်းတတ်၍ ရယ်မော ခေါ်ပြောနေသည့် ပုံစံမျိုးကြီး။

တစ်ချက်တစ်ချက် 'မောင်မောင်ခင့်' ကို စိုးရိမ်သလို လှမ်းကြည့်တတ်မှန်းလည်း တွေ့ရသည်။ 'မောင်မောင်ခင်' က 'သကြိန်' နှင့် မျက်လုံးခြင်းဆုံအောင်ကြည့်ပြီး မချိုမချဉ် ပြုံးပြတတ်သည်။

ဟုတ်ပါပြီ။ သူတို့ခြင်း ငြိနေကြပြီနဲ့ တူပါရဲ့။

ဒုက္ခပါပဲ။

'ဒေါ်ငွမ်း' က မျက်နှာရိပ် မျက်နှာကဲဖြင့် မီးဖိုဘက်ခေါ်ပြီး...

"မြန်မြန်လက်ထပ် ပေးလိုက်ရအောင်အေ... ညည်းမြေး ဟန်များနေတာနဲ့ သူများလက်ထဲ ပါသွားမယ်"

"အို ဒီတစ်ခါအချိန်ဆွဲနေတာ 'အတာ'လေ... ဘယ်နေ့လုပ်မလဲ... ရက်ရွေးလေ"

"အေး ညကျမှ ဖုန်းဆက်လိုက်မယ်... 'မောင်ဇော်' ကိုလည်း ဒီကိစ္စ ထပ်မရွှေ့တော့ဘူးလို့ ပြောလိုက်တော့"

"ဟုတ်ပြီ... ဟုတ်ပြီ"

ညဘက် အဖွားက ဧည့်ခန်းထဲတွင် ဖုန်းနှင့် အလုပ်ရှုပ်နေသလို၊ 'အတာ' ကလည်း ဆဲလ်ဖုန်းဖြင့် အခန်းအောင်း၍ အလုပ်ရှုပ်နေပါသည်။ သို့သော် ဆယ်နာရီသာ ခွဲသွားသည်။ 'မောင်မောင့်' ဆီ ဖုန်းခေါ်၍မရ။

ပထမတစ်ခေါက်ခေါ်တော့၊ 'မောင်မောင်' လာကိုင်သည်။ 'အတာ့' အသံကြားသောအခါ ဖုန်းချသွားခဲ့သည်။

နောက်တစ်ခါ၊ နောက်တစ်ခါ ထပ်ဆက်လာသောအခါ အိမ်ရှင်က ကိုင်ပေးပြီး 'အတာ့' အသံကြားတိုင်း 'မောင်မောင်ခင်'၏ အိမ်တွင် မအိပ်ကြောင်း ညာပေးခဲ့သည်။ ဖြစ်နိုင်လျှင် ယခုချက်ချင်း ပင်လိုက်သွားပြီး ဘာကြောင့် မိမိကို နှုတ်မဆက်ဘဲ ပြန်သွားသ



www.burmeseclassic.com

www.burmeseclassic.com



နည်းဟု မေးချင်နေသည်။ မိုးလင်းသည်နှင့် အမိဖမ်းပြီး မေးရမည်။

"ဒေါက် ဒေါက် ဒေါက်"

တံခါးခေါက်သံကြောင့် တယ်လီဖုန်းခေါခြင်း ကိစ္စကို ရပ်လိုက်ရသည်။

"အစောကြီး ရှိသေးတယ် အိပ်ပြီလား"

"စာဖတ်နေတာပါ ဖွားဖွား"

"အေး ဖွားဖွားတို့တော့ ရေ့လထဲ ဖိတ်စာဝေဖို့ ရက်ရွေးလိုက်ပြီ"

"ဟင် ဘာဖိတ်စာလည်း ဖွားဖွား"

'သကြဲန့်' မျက်လုံးကြီးများ ဝိုင်းစက်သွားခဲ့သည်။

"ညည်းတို့ မင်္ဂလာဖိတ်စာလေ"

"ဟင် "အတာ' ပြောထားတဲ့ ရက်မရောက်သေးဘူးလေ… ဈေးမပေါစမ်းပါနဲ့ ဖွားဖွားရယ်… ဒီလို သူ့ကိုပစ်ထားလို့ ခုလိုလာဖားနေတာ… ကိုယ့်ဘက်က ပတ်စားပေးလိုက်တာနဲ့ သူ ဂရုမစိုက်တော့ဘူးသာမှတ်"

"အံမယ်လေး… ညည်းတို့နှစ်ယောက် တစ်ယောက်တစ်လှည့် ပညာပေးတာကို စောင့်နေရရင် ကျုပ်တို့သူငယ်ချင်းနှစ်ယောက် သင်္ချိုင်းရောက်သွားလိမ့်မယ်… ဒီတစ်ခါ ဘယ်သူ့စကားမှ နားမထောင်တော့ဘူး"

'သကြဲန်' ဘာမှ ဆက်စောဒက မတက်တော့ပါ။

နောက်တစ်နေ့ နံနက်ခြောက်နာရီတွင် ရေမိုးချိုးပြီး အပြင်ထွက်ဖို့ ပြင်နေသော 'သကြဲန့်' ကို…

"ဟဲ့ စောစောစီးစီး ဘယ်သွားမလို့လဲ"

"အားကစားကလပ်လေ… သူငယ်ချင်းတွေ ဝင်ခေါ်ထုံးမှာ"

'ဒေါလွန်း' မျက်မှောင်ကြုတ်ရင်း ကျန်ရစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားခန်းထဲ မဝင်အားသေးပါ။ လက်ဘက်ရည်တစ်ခွက် သောက်ပြီးသည်နှင့် 'သကြန်' သွားတတ်သည့် အားကစားကလပ်များကို သူမ ရောက်မရောက် စုံစမ်းမည်။



www.burmeseclassic.com

www.burmeseclassic.com


၁၁

"တီ-တီ တီ"

ကားဟွန်းသံကြောင့် 'ကေခိုင်' လှမ်းကြည့်သောအခါ...

"ကားကအပျံစားပဲ... 'ကိုမောင့်' ဆီ ဟိုတစ်ခါလာတယ်ဆို တဲ့ အစ်မပဲဖြစ်မယ်... ဒေါ်သ မဖြစ်နဲ့တော့နော်... ဖြစ်ရင်လည်း အဲ့ဒီ အစ်မပြန်မှဖြစ်နော်... 'ကေခိုင်' တောင်းပန်ပါတယ် 'ကိုမောင်' ရယ်နော်... ရှိခိုးပါတယ်"

အံတကြိတ်ကြိတ်ဖြင့် နံရံကိုလက်သီးဖြင့်ထိုးနေသော 'မောင် မောင်ခင့်' ၏ မြွားဦးက 'သကြန်' ဘက်သို့ လှည့်သွားခဲ့ပြီ။

တဖိတ်ဖိတ်လက်နေသော မျက်လုံးများဖြင့် 'သကြန်' ကို တစ်ချက်လှမ်းကြည့်ပြီး ရုတ်တရက် အိမ်နောက်ဘက်သို့ ထွက် သွားခဲ့သည်။ ထို့နောက် ခြံ၏နောက်ဘက်ဆီသို့ ထွက်သွားခဲ့ပြီ။ မိမိတို့ ခြံနောက်ဘက်တွင် ယာခင်းများသာ ရှိပါတော့သည်။

" 'မောင်မောင်' ရှိလား ရှင်"


www.burmeseclassic.com

www.burmeseclassic.com



"ဩော် အထဲဝင်ပါအုံးရှင့်... 'ကေခိုင်' က 'ကိုမောင့်' ညီမ အရင်းပါ... ဒါက မေမေလေ"

"ဩော် 'မောင်မောင်' အမေ့က ငယ်ငယ်ချောချောပဲ ရှိသေးတာပဲ... ဟိုတစ်ခါလာသေးတယ်... နာရေးရှိလို့... ဟိုမှာသွားနေကြတယ်ဆိုလို့ မတွေ့လိုက်ရဘူး"

"ဟုတ်တယ်... ကြီးကြီး ဆုံးသွားတာလေ... 'ကိုကိုမောင်' ကို ဟိုမှာ လိုက်နေဖို့ခေါ်တာ မရဘူး... ဒီနေရာက မခွာချင်ဘူးလေ"

"သူ့ကောင်မလေးနဲ့ မခွဲချင်လို့ နေမှာပေါ့"

"အဲ့ဒါကြောင့်တော့ မဟုတ်ဘူး မမရဲ့... ကိုကိုက မာနကြီးတယ်... အမွေပေးသွားတဲ့ အိမ်မှာမနေချင်လို့တဲ့... သူတင် မနေချင်တာ မဟုတ်ဘူး... 'ကေခိုင်' တို့ကိုလည်း ဒီမှာပဲ အတင်းနေခိုင်းချင်တာ... ဒီအိမ်က နှစ်ချုပ်နဲ့နေကြတာလေ... ဒီနှစ်ပြီးရင် ပြန်အပ်မယ်ပြောလို့ ဒေါကန်ပြီး ဂျီကျနေတယ်... ဟိုမှာက နှစ်ထပ်တိုက်အကျယ်ကြီးပဲ... ခြံထဲမှာလည်း စားပင် သီးပင်တွေနဲ့ ရေကန်နဲ့ ခြံပြင်မှာလည်း ကြာကန်တွေနဲ့အရမ်းသာယာတာ...

သွေးဆေးနဲ့ လျှက်ဆားလုပ်ငန်းအတွက် ဆေးလုံးတဲ့နေရာ ဆေးလှောင်ရုံ... ဆေးကြိတ်စက်တွေနဲ့ အပြည့်အစုံရှိတယ် မမရဲ့ ကြီးကြီးက အလုပ်အတွက် ကားတစ်စီးသပ်သပ်... လူစီးဖို့ကား တစ်စီးသပ်သပ် အားလုံးထားပေးသွားတာ... မိသားစုစီးတဲ့ကားကို ဒီမှာယူထားပြီး ကိုကိုသုံးဖို့ ပေးတာလည်း မယူဘူး...

ဟိုဘက်တစ်ခန်းက 'ဦးလှသိန်း' ကို ဒရိုင်ဘာခန့်မယ်ဆိုလို့ ဒေါသပုန်ထပြီး ရန်လုပ်နေတာ... မမ ကားလာတာမြင်မှ ဟိုးနောက်ဘက် ခြံထဲထွက်သွားခဲ့တာ"

"မမကို မတွေ့ချင်ဘူးနဲ့ တူပါရဲ့"

'သကြၤန့်'အသံက တိမ်ဝင်သွားသလို၊ မျက်နှာပျက်သွားတာ



www.burmeseclassic.com

www.burmeseclassic.com


လည်း သိလိုက်ကြပါသည်။

"မဟုတ်ပါဘူး မမ... မမသာ ရောက်မလာရင် ကိုကို့ဒေါသက ထိန်းလို့တောင်ရမှာ မဟုတ်ဘူး... မမ ဖျောင်းဖျကြည့်ပါလား 'ဦးလှသိန်း' က မေမေ့ကို လက်ထပ်ခွင့်တောင်းတာကြာပြီ... ကြီးကြီးတို့နဲ့ အခက်အသွယ်ပြတ်နေတဲ့ တစ်ချိန်လုံး 'ဦးလှသိန်း' ပဲ ငွေလိုလို ဘာအကူအညီလိုလို ကူညီနေခဲ့တာ...

အခုလည်း ယောကျ်ားတစ်ယောက် မားမားမတ်မတ် ရှိသင့်လို့ ကားမောင်းခိုင်းမယ်ဆိုတော့ 'ဦးလှသိန်း' မောင်းရင် ကားကိုမီးနဲ့ရှို့ပစ်မယ်တဲ့"

"ဟိုလေ သူ မကျေနပ်ရင်တော့ မယူပါနဲ့လား အစ်မရယ်... တော်ကြာ ပြဿနာတွေ ကြီးကုန်ပါ့မယ်"

"အမေတို့က အရင်တည်းက ယူဖို့ရည်ရွယ်ပြီးသားလေ... 'ကေခိုင်' ကလည်း အပျိုဆိုတော့ မယူဘဲ ဝင်ထွက်ကူညီနေတော့ မသင့်တော်ဘူးမဟုတ်လား... 'ကေခိုင်' လည်း နောက်သုံးလေးနှစ်နေရင် အိမ်ထောင်ပြုမှာပဲ... အမေ့အတွက်အဖော်က လိုကိုလိုတယ်လေ...

အခုနှစ်ပိုင်းအတွင်း မမျှော်လင့်ဘဲ အမေ့ကိုစွန့်ပစ်ထားတဲ့ ဆွေမျိုးတွေက ပြန်လာခေါ်ပြီး အမွေတွေအပုံလိုက်ပေးသွားတော့ 'ဦးလှသိန်း' နဲ့ အမေနဲ့ယူဖို့က ပိုခက်သွားတယ်... မယူရင်လည်း မဖြစ်တော့တဲ့ အခြေအနေမျိုးဆိုတော့"

'သကြာန်' တစ်ယောက် မိမိလာရင်းကိစ္စတောင် ဘယ်ပျောက်သွားမှန်းမသိတော့။ 'မောင်မောင့်' ရင်ထဲမှာ လောဘတွေ၊ ဒေါသတွေ၊ မောဟတွေနဲ့ ဝုန်းဒိုင်းကြဲနေပါရောလား။

"ခုလိုချိန်မှာ သူ မြတ်နိုးတဲ့ သူ့ချစ်သူပေါ့လေ... အနားမှာရှိပြီး ဖျောင်းဖျနိုင်ရင် သူ ငြိမ်သွားမှာပါ... ခေါ်ပေးလိုက်ပါလား"


www.burmeseclassic.com

www.burmeseclassic.com



သား‌အမိနှစ်ယောက် စဉ်းစားသလို လုပ်နေပြီးမှ...

"ရှိမလိုလိုနဲ့ ပြတ်သွားခဲ့ပြီ မမရဲ့... ကိုကို့ထက်သာတဲ့ လူ နောက်ပါသွားတာခဲ့တာလေ... 'မမနွယ်' ဆီကပြန်လာတိုင်း ကိုကို့ ခမြာ အံတကြိတ်ကြိတ်ကြီးနဲ့"

"အပျော်တွဲတာ ဖြစ်ချင်ဖြစ်မှာပေါ့ကွယ်... ငယ်ချစ်ဆိုရင် တော့ သံယောဇဉ် မပြတ်နိုင်ပါဘူး"

"အပျော်တွဲရာကနေ အခု တိုက်တိုက်ပုန်း လက်ထပ်ထားရပုံ ရတယ်"

"ဟင် ဟုတ်လား"

ဒီတစ်ခါ အရှိက်ကို အထိုးခံလိုက်ရသူက 'သကြန်' ပါ။

ဘုရား၊ ဘုရား၊ သူတို့လုပ်ပုံက မိမိက အငယ်ဖြစ်ရမည့် ကိန်းပါလား။

သေသေချာချာ သိချင်သဖြင့် 'မောင်မောင်ခင်' နှင့် တွေ့ဖို့ ဆုံးဖြတ်လိုက်ပြီး...

"'မောင်မောင့်' ကို ခေါ်ပေးလို့မရဘူးလား"

"မခေါ်ဝံ့ဘူး မမ... ဒါပေမဲ့ မမ လိုက်သွားလို့ရပါတယ်... နောက်ဖေးမှာ ယာတောတွေနဲ့ အရမ်းသာယာတယ်... ရောက်ဖူး သွားတာပေါ့... လိုက်သွားပါ မမ"

'သကြန်' ခြေသံကြားသောအခါ 'မောင်မောင်ခင်' က မာန် ဖီသလို ပုံစံဖြင့် လှည့်ကြည့်ခြင်းဖြစ်သည်။ ပတ်ဝန်းကျင်က လေ တဖြူးဖြူးနှင့် တကယ့်ကို သာယာအေးချမ်းသည့် နေရာလေးပါ။

ဒါပေမဲ့ မိမိတို့နှစ်ယောက်လုံး၏ ရင်ထဲတွင် လောင်မြိုက်နေ ကြတာက ခက်လှသည်။

"ဘာကိစ္စ ရှိလို့လဲ... ကျွန်တော် စိတ်ညစ်နေတယ်"

"မလာစေချင်မှန်းသိပါတယ်... ဒါပေမဲ့ အကြောင်းများ ရ



www.burmeseclassic.com

www.burmeseclassic.com



မလားလို့ပါ"

"ကျုပ်ခေါင်းထဲမှာ မီးတောက်နေတယ်... ဘာ အကြံကောင်း ဉာဏ်ကောင်းမှ ထွက်မှာမဟုတ်ဘူး... ဒီအချိန်မှာ ခင်ဗျားစဉ်းစား ရမှာက မင်္ဂလာဆောင်ရင် အားလုံးထက်လှအောင် ဝတ်ဖို့ပဲ"

"'မောင်မောင်' လှောင်နေတာလား"

"ဘာကိုလဲ... လှောင်တာက ခင်ဗျား... ကျုပ်ကို ထမင်းစား အတင်းဖိတ်ပြီး ဒေါက်ဖြုတ်တာ မဟုတ်လား"

"အို မဟုတ်ဘူး 'မောင်မောင်' ရဲ့... မမ အဲ့ဒီကိစ္စကို အရင် ရှင်းချင်တယ်... ဒီကပြန်ရင် ကားမှောက်ပြီး သေရပါစေရဲ့ကွာ... သူ့ကိုလုံးဝ ဖိတ်မထားဘူး... သူ့ကို လုံးဝစိတ်မဝင်စားဘူး... ယုံ လည်း မယုံဘူး... ယူလည်း မယူဘူး"

"အတင်း စီစဉ်နေကြပြီပဲ"

"အို အခုပဲ 'ကေခိုင်' ဆီက သတင်းကြားခဲ့သေးတယ်... 'နွယ်' နဲ့ တိတ်တိတ်ပုန်း လက်ထပ်ထားတယ်ဆို ဟုတ်လား"

"ဟာ ဒီကောင်မလေး... ကိုယ့်ကိစ္စမဟုတ်ဘဲ ဘာလို့လျှော ရှည်ချင်ရတာလဲ မသိဘူး... တောက်"

"မမက 'မောင်မောင်' ချစ်သူအကြောင်းမေးလို့ ... 'နွယ်' ဆို တာကလည်း မပြတ်မသားနဲ့တဲ့... ချမ်းသာတဲ့လူနောက် ပါသွား တယ်တဲ့... အဲ့ဒါ 'ကိုဇော်' ကို ပြောတာမဟုတ်လား"

"သိချင်ရင် ကိုယ့်ဖါသာ စုံစမ်းပေါ့ဗျာ... မသေချာဘဲလျှောက် မစွပ်စွဲနဲ့... 'နွယ်' သိက္ခာကျနေပါ့မယ်"

"အဲ့ဒီ 'နွယ်' ဘဝ မနစ်မွန်းရအောင် 'မောင်မောင်' လည်း ကယ်တင်ရမှာပဲလေ... တိတ်တိတ်ပုန်းဘဝနဲ့ နေရတာထက် ပေါ် ပေါ်ထင်ထင်ဆိုရင် မကောင်းဘူးလား... ဖွားဖွားကို သေချာတဲ့ အ ကြောင်း သက်သေပြလိုက်ရင် ဒီလူ မမကို ထပ်ညာလို့ရမှာတော့ဘူး



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုမှ မလုပ်ရင် 'ကိုဇော်' က 'နှယ်' ကိုလည်း ယူမယ်… မမကို လည်း ယူမယ်…

နေရင်းထိုင်ရင်း အရင်တွေ့တဲ့ မမက ဒုတိယမယား ဖြစ်ရ အုံးမယ်… 'ကိုဇော်' လှူလည်ကျတာကို မမ ခံခဲ့ရတာကြာလှပါပြီ ကွယ်… မမကို ကယ်ပါအုံး 'မောင်မောင်' ရယ်"

ခံပြင်းစိတ်၊ ဝမ်းနည်းစိတ်၊ ရှက်စိတ်၊ မှီခိုလိုစိတ်တွေဖြင့် 'သကြန်' တစ်ယောက် 'မောင်မောင်ခင့်' လက်နှစ်ဖက်ကို ခပ်တင်း တင်းဆုပ်ကိုင်ရင်း ငိုသံဖြင့် ပြောခြင်းဖြစ်သည်။

"မမ လာတာ သူတို့နှစ်ယောက်နေတဲ့ လိပ်စာကို သိချင်လို့ လာတာ"

"ဒီအိမ်ကို စထွက်လာတုန်းက 'မောင်မောင်' စိတ်ကောက်နေ တာကို ချော့မလို့… ညက ဖုန်းဆက်တော့လည်း မကိုင်ဘူး… မမ ကိုက မေတ္တာငတ်တဲ့ မိန်းမပါ… ငယ်ငယ်တည်းက 'ကိုဇော့်' ရဲ့ ပစ်ပယ်ခြင်းကို ခံခဲ့ရတယ်… အခု ခင်တွယ်မိတဲ့ 'မောင်မောင်' ကျ ပြန်တော့လည်း ဘယ်ဘဝက ရန်ညှိုးနဲ့ မုန်းနေမှန်းကို မသိဘူး"

"ခင်ဗျားလို အဖက်ဖက်က ပြည့်စုံနေတဲ့ မိန်းမလှမျိုးရဲ့ မေ တ္တာကို တက္ကသိုလ်ကျောင်းသားဟောင်းတွေက တောင်းခံနေဆဲပါ ဗျာ… ကျွန်တော့်လို အစုတ်အပြတ်ကို ဘာသဘောနဲ့ ရင်းနှီးချင် နေရတာလဲ"

"မမရဲ့ ဖြူစင်တဲ့ ခင်မင်မှုကို 'မောင်မောင်' ပဲ အရောင်ဆိုးခဲ့ တာလေ… မမ သိပါတယ်… 'ကိုဇော်' မင်းအချစ်ကို လုသွားလို့ 'ကိုဇော့်' ကို ပညာပြချင်လို့မဟုတ်လား… 'ကိုဇော်' က မမကိုမှ မချစ်တာ"

"ထင်လား… ခင်ဗျားလို အေးတိအေးစက်ထက် ခွေ့တတ် မြူတတ်တဲ့သူကို သာယာတာ… တကယ်တန်ဘိုးထားပြီးယူရင်



www.burmeseclassic.com

www.burmeseclassic.com



ခင်ဖျားကိုပဲယူမှာ... 'နွယ်' အပေါစားဆန်တာ သူပဲ ခံရမှာပဲ... 'ဖွားဂွမ်း' တို့ဘက်က အသိအမှတ်မပြုရင် သူ အပျော်မယားဘဝ ကနေ တက်မှာမဟုတ်ဘူး... မမ ဘယ်လောက်ငြင်းငြင်းရအောင် ပေးစားကြမှာပဲ"

'သကြ်န်' က သက်ပြင်းရှည်ကြီးချရင်း အံကိုကြိတ်ရင်း...

"မမကို စော်ကားတဲ့လူကို မမ အရှက်ခွဲချင်တယ်ကွာ"

"အဓိပ္ပါယ်မရှိတာ... ဆူးပေါဖက်ကျရင် ဖက်ပဲပေါက်မှာပေါ့"

"အိုး နိုး နိုး... ဒီစကားနဲ့ မိန်းမတွေကို အနိုင်ကျင့်လာတာ ကြာပြီ... သူ့ကို လက်စားချေရမှုကို ကျေနပ်မယ်... တစ်ခုတော့ရှိ တယ်... ဒီကိစ္စကို 'မောင်မောင်' ပဲ သိတာ... ဒီတစ်ခါတော့ မမကို နားလည်ပေးပါ... ပြီးတော့ ဘဝအပြစ်မှမရှိတဲ့ မမကို ရန်မလုပ်ချင် စမ်းပါနဲ့...

ချစ်သူအပြစ်ခံရတဲ့ လူနှစ်ယောက် နားလည်မှုရှိရင်ပိုကောင်း တာပေါ့"

"မနေ့က စိတ်ဆိုးတာက မမ နှစ်ယောက်လုံးကို ဖိတ်ထား တယ်ထင်လို့"

"ရော် အဲသလို ထင်မှာစိုးလို့ ပြာပြာသလဲ ရှင်းပြနေတာပါ ပဲနော်"

"ဘာကြောင့် ထင်မှာစိုးတာလဲ"

"ဟင်..."

ရုတ်တရက် မမျှော်လင့်သော မေးခွန်းကို အမေးခံလိုက်ရသ ဖြင့် မျက်နှာတစ်ခုလုံး နီရဲပြီး ဆွံ့အသွားခဲ့ပါသည်။ အတန်ကြာမှ ခေါင်းငုံ့ရင်း...

"ကိုယ့်ကို ကြိုးရှည်ရှည်နဲ့ လွှတ်ထားပြီး ပွေချင်တိုင်းပွေနေ တဲ့ လူမျိုးရဲ့ မေတ္တာကို မလိုချင်တော့ဘူးလေ... ရိုးရိုးတည်တည်



www.burmeseclassic.com

www.burmeseclassic.com



ကြည်ကြည်နဲ့ သူများပစ္စည်းလည်းမမက်... မာနကြီးတစ်ခွဲသားနဲ့ လူမျိုးကို အထင်ကြီးလေးစားပြီး အဖော်ဖြစ်မလား လက်ကမ်းမိကာမှ အဲ့ဒီလူကလည်း ကိုယ့်ထက်တောင် အဖြစ်ဆိုးနေသေးတယ်...

ကိုယ့်ယူရမယ့်လူက လူရိုးလူဆိုးလေးရဲ့ ချစ်သူကိုအပိုင်စီးထားရတယ်လို့... တိုက်တိုက်ဆိုင်ဆိုင်ကြီး ဖြစ်နေတယ်... ဒါနဲ့ မမကလည်း မရှင်းလို့ ပြန်မေးရအုံးမယ်... ထမင်းစားနေတုန်း 'ကိုဇော်' ရောက်လာတာလည်းမြင်ရော မင်းကဘာဖြစ်လို့ စိတ်တိုရတာလဲ... မမကို ဂျီကန်ရတာလဲ"

"ဒီလူကြီး ကျွန်တော့် ချစ်သူတွေကိုမှရွေးပြီး လိုက်နှောင့်ယှက်နေတာ မမ မသိဘူး... မမဆီ မလာခင် 'နွယ့်' ဆီ ဒီလူကြီးသွားခဲ့တယ်... နားနဲ့မနာ ဖဝါးနဲ့နာပါဗျာ... သွားတာမှ ညတည်းက တစ်နေရာမှာ အတူရှိနေပြီး မိုးလင်းမှအိမ်လာပို့သွားတဲ့ပုံစံကြီး ပြီးတော့ မမ မဖိတ်ကြားထားဘဲ သူကပဲ သိပ်မြတ်နိုးတဲ့ပုံစံနဲ့ ပန်းတစ်ခက် လက်ဆောင်တစ်ထုပ်နဲ့ လာညာတာကို မြင်ရတော့ ကျွန်တော်လုံးဝကို ဟန်မဆောင်ချင်တော့ဘူး"

"ဟုတ်လား... သေချာလား"

"သြော် ကျွန်တော့် မျက်လုံးနဲ့ကို မြင်ခဲ့တာ"

"ဒါဆို 'မောင်မောင်' က မိုးလင်းတည်းက 'နွယ့်' အိမ်ရှေ့ကို ရောက်နေတာပေါ့လေ... မေတ္တာထားတာခြင်းက ကွာလိုက်တာ တို့ကတော့ စိတ်ကောက်သွားမှန်းသိလို့ တစ်ညလုံးဖုန်းဆက်ပြီး ချော့တာတောင် ဖုန်းလာမကိုင်ဘူး... မိုးမလင်းခင် လာချော့တဲ့လူထက် သူများရင်ခွင်ထဲရောက်သွားတဲ့ 'နွယ့်' ကို မင်းက ပိုတန်ဖိုးထားနေတာကိုး"

"အမှန်အတိုင်း ပြောရရင် ကျွန်တော်နဲ့သူ ချစ်သူတွေမဟုတ်သေးဘူး... ငယ်သူငယ်ချင်းအဆင့်ထက်တော့ ပိုပြီး သံယောဇဉ်



www.burmeseclassic.com

www.burmeseclassic.com


ကြီးတာအမှန်ပဲ... 'ကိုဇော်' နဲ့ အဆင်ပြေသွားပြီးတဲ့နောက်ပိုင်း ကျွန်တော့်ကို လုံးဝ အဆက်အသွယ် မလုပ်တော့ဘူး... မနေ့က မနက်အစောကြီးသွားတယ်ဆိုတာလည်း သူ့ကို သွားဆုံးမလို့ သူများတိတ်တိတ်ပုန်းဘဝနဲ့ ဇာတ်မြှုပ်ရဖို့များနေလို့ သတိပေးဖို့ သွားတာ...

ဒါပေမဲ့ သူတို့အခြေအနေက လွန်နေတဲ့ပုံမျိုးကြီးဆိုတော့ 'ကိုဇော်' ဆိုတဲ့လူလည်ကြီးကို မမနဲ့လည်း မရစေချင်တော့လို့ မမ ထမင်းဝိုင်းကို အမီလာပြီး 'ကိုဇော့်' ကို လက်လွှတ်လိုက်ဖို့ လာပြောတာ... ဒါပေမဲ့ လူလည်ကြီးက ပန်းတစ်ခက် လက်ဆောင်ထုပ်နဲ့ မိန်းမလှလေးတွေကို မျက်လှည့်ပြနေတာမြင်တော့ ကျွန်တော် ဘာယ်လိုမှ ဟန်မဆောင်နိုင်တော့ဘူး"

'သကြၤန်' က မဲ့ပြုံးလေးဖြင့်၊ 'မောင်မောင့်' ပခုံးကို ပုတ်ရင်း

"အဲဒီလူကို မမ ပြန်အရှက်ခွဲပြမယ်... မင်းရဲ့ ချစ်သူလည်း ကောင်းစားစေရမယ်... စိတ်ချနေ"

"ဟာ ပေါက်ကရ လျှောက်မလုပ်နဲ့... 'နွယ်' က ဒီလိုဘဝ ကို ကျေနပ်နေပြီးသား... မမပဲ နစ်နာမှာ"

"မိန်းမတွေ ပြတ်သားရင် ယောကျ်ားတွေထက် ခေါင်းမာတယ် 'မောင်မောင်' ရဲ့... ကဲ မမ ပြန်တော့မယ်"

သုံးလေးလှမ်း လျှောက်သွားနေပြီဖြစ်သော 'သကြၤန်' ကို 'မောင်မောင်ခင်' က စူးရဲစွာစိုက်ကြည့်နေပါသည်။ လေတိုက်သဖြင့် 'သကြၤန်' ၏ ဆံပင်တွေ၊ အကျႌတွေ၊ ထမိတွေက လွင့်ချင်သလိုလွင့်နေသည်။ ဖြူဖွေးသော ဂုတ်သားများ၊ ခြေသလုံး သွယ်သွယ်ဝင်းဝင်းလေးတို့ကို မြင်နေရသလို၊ လှပသော ကိုယ်ဟန်အမှု အထစ်တို့ကလည်း ပန်းပုရုပ်တစ်ခုနှယ်။

"မမ..."


www.burmeseclassic.com

www.burmeseclassic.com


"ဟင်"

ခပ်လှမ်းလှမ်းရောက်နေပြီဖြစ်သော 'သကြန်' က သမင်လှည့်ပြန်လှည့်ကြည့်သောအခါ...

"ဒီနေ့ သင်တန်းမတက်ဘူးလား"

"စိတ်ရှုပ်နေလို့ မတက်တော့ဘူးလားလို့... 'မောင်မောင်' တက်မလို့လား... မမ လိုက်ပို့ပေးမယ်"

"ဒါဆို ခဏစောင့်... ရေချိုးလိုက်အုံးမယ်"

"ဟုတ်ပြီ"

'ကေခိုင်' က ရေချိုးအဝတ်အစားလဲနေသော အစ်ကိုဖြစ်သူအား တွတ်ထိုးနေပါသည်။

"မမပုံစံကြည့်ရတာ 'ကိုမောင်' ကို ကြိုက်နေပုံရတယ်နော် မိန်းမကြိုက်တော့ ဆိုက်ဆိုက်လာဖြစ်နေပြီ... ချောလိုက်တာ မှတ်နေတာပဲ... 'မနွယ်' ထက် အဆတစ်ရာမက ကွာတယ်... ချမ်းသာလိုက်တာလည်း ကျိုကျိုတက်... 'ကိုမောင်' နဲ့လည်း အရမ်းလိုက်တာပဲ... 'မနွယ်' ကဖြင့် 'ကိုမောင်' ကို တကယ်ချစ်တာလည်း မဟုတ်ဘဲ သနားနေတာ...

တကယ်ချစ်တာက မမ သိရဲ့လား... မေမေကလည်း မမကို ကြည့်ပြီး မင်းသမီးလေးလို လှလိုက်တာတဲ့... 'ကိုမောင်' နဲ့လည်း သိပ်လိုက်တာပဲတဲ့... မမနဲ့သာ ပေးစားရမယ်ဆိုရင် ကြီးကြီးပေးထားတဲ့ အမွေတွေအကုန် ပုံပေးချင်ပေးရတဲ့"

"ဟာ သူတို့က ဒီလောက်ကို မက်တာမဟုတ်ဘူး... ငါ့လိုကောင်ကို ယူမယ့်အထိ စိတ်ကူးမှာမဟုတ်ဘူး... သူတို့အထက်တန်းလွှာက လူတွေက ပိုက်ဆံရှိတယ်ဆိုပြီး သူတို့ပျော်ရွှင်မှုကို ငွေနဲ့ဝယ်ယူချင်နေကြတာ... 'နွယ့်' လို ဘာမှရှိတဲ့မဟုတ်တဲ့ အသိုင်းအဝိုင်းကတောင် ငါနဲ့ရမှာ ကြောက်နေတာ... မနွယ်တို့ကဆို


www.burmeseclassic.com

www.burmeseclassic.com

ပိုတောင်ဆိုးအုံးမှာပေါ့"

" 'ကေခိုင်' ကတော့ မိန်းမချင်းကိုယ်ချင်းစာလို့ရတယ်... 'ကိုမောင်' သာ ချစ်ခွင့်ပန်ရင် မမ လက်ခံမှာသေချာတယ်... မယုံရင်စမ်းကြည့်လေ"

"တော်စမ်းပါကွာ... ငါ့ကို မိန်းမအတင်းယူခိုင်းပြီး ငါ့ကွယ်ရာမှာ အမေ့ကို လင်ပေးစားမလို့ မဟုတ်လား... ပထွေးလက်ချက် မိချင်လို့လား"

" 'ကေခိုင်' လည်း နောက်သုံးနှစ်ဆို ယောကျ်ားယူမှာ... 'ကိုမောင်' လည်းယူရင် မေမေတစ်ယောက်တည်း ကျန်ခဲ့မှာစိုးလို့ပါ"

"မြေးထိန်းလို့တောင် အားမှာမဟုတ်ဘူး... မေမေ့အသက်က တစ်နေ့တခြားကြီးလာမှာ... ဒီလူကြီးက အတည်ယူရင် အရေးမကြီးဘူး... အမေ့ပစ္စည်းမက်ပြီး သုံးဖြုန်းလို့ဝမှ ပစ်သွားမှာ"

"အမေ ချမ်းသာမှန်း အခုမှသိတာပါ"

"တော်စမ်း တော်စမ်း... ငါ သွားခါနီး ဒေါပွအောင်လာပြောမနေနဲ့... ငါ ဆွဲထိုးမိမှာနော်"

'မောင်မောင့်' အသံကျယ်သွားသဖြင့် မိခင်က လှမ်းအော်ပါသည်။

" 'ကေခိုင်' ဒီကိုလာခဲ့လေ... ဘာလို့ စိတ်တိုအောင်သွားလုပ်နေတာလဲ"

'ဦးလှသိန်း' အကြောင်းပြောလျှင် 'ကေခိုင့်' ကို ဆူတတ်ငေါက်တတ်သော်လည်း၊ ကျန်အချိန်များတွင် ညီမငယ်ကို မဆူရက်၊ မပြောရက်နှင့် အလွန်ချစ်တတ်သူ ဖြစ်သည်။


www.burmeseclassic.com

www.burmeseclassic.com



# ၁၂

ကားမောင်းနေသော 'သကြန်' ကို 'မောင်မောင်ခင်' မကြာခဏ ခိုးကြည့်တတ်မှန်းသိပါသည်။

" 'မောင်မောင်' စိတ်တိုမှာစိုးလို့ မမရဲ့ အကြံအစည်ကို ပြောပြထားမယ်နော်"

ရက်ပိုင်းအတွင်း 'ကိုဇော်' နှင့် လက်ထပ်ဖို့ ရက်ရွေးဖိတ်စာ ရိုက်မည့်အကြောင်း၊ ဖိတ်စာဝေပြီးချိန်တွင် သတင်းစာထဲမှနေ၍ 'ကိုဇော်နှင့် နွယ်' တို့ တိတ်တိတ်ပုန်း လက်ထပ်ထားသဖြင့် 'သကြန်' ဖက်က မင်္ဂလာပွဲ ဖျက်သိမ်းမယ့်အကြောင်း၊ ဒါဆိုလျှင် တစ်ချက်ခုတ် နှစ်ချက်ပြတ်၊ 'နွယ်' လည်း တရားဝင်ဖြစ်သွားကြောင်း။

"ဘယ်လိုလဲ ကျေနပ်မှာလား... 'နွယ်' ကို နှမြောအုံးမှာလား"

"မနှမြောပါဘူး... သူ ခပ်ရှုပ်ရှုပ်မှန်းသိရင် အရင်တည်းက အလာမခံပါဘူး... 'မောင်မောင့်' ကို သူက စကြိုက်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား... ဒါဆို ကွယ်ရာမှာ 'မောင်မောင့်' ကို မမက စကြိုက်တာပါလို့ ပြောအုံးမှာပဲ မဟုတ်လား"

"မမကမှ မကြိုက်တာ... မပြောပါဘူး"

"တော်သေးတာပေါ့... အဟောင်း ဟင်း..."

"ခင်ဗျားတို့သူဌေးတွေကို ကြောက်လွန်းလို့ပါ... ဟန်ဆောင်ကောင်းလွန်းလို့"

"ဟုတ်လား... ဒါကြောင့် 'သကြန်' ဆိုတဲ့ ကောင်မလေးတစ်ယောက် လူလိမ်ခံနေရတာ... အိမ်ကိုဝင်ပြီး အဝတ်အစားလဲလိုက်အုံးမယ်"

"ဒါနဲ့လည်း လှနေတာပဲ... ဘာဖြစ်လို့လူတွေကို အလှသိပ်ပြချင်နေရတာလဲ"

"ကြိုက်မယ့်လူ မရှိလို့လေ"

"ဘာလဲ ဝိုင်းလုပြီး ရိုက်ပွဲသတ်ပွဲ ဖြစ်တာမျိုးကိုမှ ကြိုက်မယ့်လူ ရှိတယ်လို့ခေါ်တာလား"

"'မောင်မောင်' ရယ်... ကိုယ့်ကို ငယ်ငယ်လေးတည်းက ရထားရက်နဲ့ တခြားတစ်ယောက်ကို သံယောဇဉ် ဖြစ်နေတဲ့လူကို"

"ဒီလူ့အကြောင်း မပြောနဲ့တော့... အခု သူ့ကိုအပြတ်ရှင်းပြီးရင် ကိစ္စပြတ်ပြီပဲ... ပြီးရင် မမကို လက်ထပ်ခွင့်တောင်းထားတဲ့ လူတွေရှိတယ် မဟုတ်လား... အဲ့ဒါနဲ့ယူ"

'ဟင် သူတို့မှ မလာတာ"

"မပူနဲ့... သတင်းစာထဲမှာ ဟိုကိစ္စထည့်လိုက်ရင် မမမှာ ဘာအချုပ်အနှောင်မှ မရှိတော့ဘူးဆိုပြီး ရောက်လာကြလိမ့်မယ်"

"ဩော် အေး ဟုတ်သားပဲ... အဲ့ဒီလူတွေ လာရင်တော့ စိတ်မကောက်ဘူးပေါ့ ဟုတ်လား"

'မောင်မောင်ခင်' က ခပ်တည်တည်မျက်နှာဖြင့် အံကြိတ်သ



www.burmeseclassic.com

www.burmeseclassic.com



လို လုပ်နေပါသည်။

"ကဲ အိမ်ပေါ်တက်အုံး... ဖွားဖွားနဲ့ တွေ့လိုက်အုံး"

ကားထဲထိုင်နေလျှင် ရိုင်းရာကျမည်ဆို၍ ဧည့်ခန်းထဲ ဝင်ထိုင်နေလိုက်ရသည်။

"ဟော ငါ့မြေး... ဒီတစ်ခါ တစ်ယောက်တည်းပါလား"

"ဟုတ်ကဲ့... မမနဲ့ လမ်းကြုံလို့ ပါလာတာ"

"သင်တန်းပြီးရင် အလုပ်ဝင်တော့မှာဆို"

"ဟုတ်ကဲ့... မမက သင့်တော်မယ့် နေရာပြောပေးမယ်လို့ ပြောတာပဲ... "

'အလုပ်တွေကတော့ ပေါပါတယ်လေ... ကြိုးစားတဲ့ ရိုးသားတဲ့လူမျိုးဆိုရင် အလုပ်ရှင်တွေက တစ်သက်လုံးတောင် အပိုင်ခန့်ထားချင်ကြတာ... ဘယ်မှာပဲရရ ကြိုးစား ကြားလား... အတာသွင်းပေးရင် နေရာကောင်းကောင်း လခကောင်းကောင်း ရမှာပါ"

"ဟုတ်ကဲ့..."

'ဒေါ်လွန်း' က စကားပြောရင်း 'မောင်မောင်ခင့်' ကို တစ်ချိန်လုံး အကဲခတ်နေခြင်းဖြစ်သည်။ ထုံးစံအတိုင်း 'သကြဲန်' က ရှိုးစမိုးဖြင့် ထွက်လာသည်။

"မနက်က 'ပွမ်း' ဖုန်းဆက်တယ်... ရက်ရွေးပြီးပြီတဲ့"

"ဟုတ်လား... ဘယ်တော့တဲ့လဲ"

"ရှေ့လဆန်း တနင်္ဂနွေပဲ"

"ဖိတ်စာဝေမယ့် ရက်ကရော"

"တစ်ပတ်လောက် စောဝေမှာပေါ့... ဒီကြားထဲအချိန် ၁၅ ရက်လောက်ပဲ ရှိတော့တယ်... အဝတ်အစားကိစ္စတွေ ဘာတွေသိုအုံး"

"ရပါတယ် ဖွားဖွားရဲ့... အခုခေတ်က သတို့သမီးဝတ်စုံ...



www.burmeseclassic.com

www.burmeseclassic.com



သတို့သားဝတ်စုံ အားလုံး အရံသင့်ချုပ်ပြီးသား ပြေးဝယ်ရုံပဲ"

"အရောင်တော့ ရွေးရအုံးမှာလေ… ညကျရင် လာကြလိမ့်မယ်"

ကားပေါ်တွင် မျက်နှာပုပ်ကြီးဖြင့် ပါလာသဖြင့်…

"ဗိုက်ဆာတယ်ကွာ… တစ်ခုခု ဝင်စားရအောင်"

"သင်တန်းမမီတော့ဘူး ထင်တယ်"

"မမီမယ့်အတူတူ အေးအေးဆေးဆေး တစ်ခုခုဝင်စားမယ်"

ကန်တော်ကြီးဟိုတယ်တွင် ဝင်စားကြသည်။

"ဖွားဖွားကို အလုပ်သွင်းပေးဖို့ ပြောထားလား"

"ပြောမိတယ် ထင်တယ်… စားသောက်ပြီးရင် မမတို့ဆိုင်ကို လိုက်ခဲ့လေ… နောက်ထပ် အဒေါ်လိုခင်တဲ့ အစ်မကြီးတစ်ယောက်ရဲ့ အထည်ချုပ်စက်ရုံကို ခေါ်သွားမယ်"

"မမနဲ့နီးအောင် မမတို့ အလုပ်ထဲမှာပဲ ရိုးရိုးသားသား ကြိုးကြိုးစားစားလုပ်တော့မယ်… တခြားပို့ဖို့ စဉ်းစားမနေနဲ့တော့"

"ဟယ် တကယ်လား"

"တကယ်ပြောတာ… ဟိုလူကြီးနဲ့ 'နွယ်' နဲ့ယူပြီးသွားရင် မမအတွက် အနီးကပ်အဖော်ရှိနေပြီဆိုတာ မမေ့မသွားနဲ့"

"နဂိုတည်းက အဖော်မက်တဲ့သူပါကွယ်… ဟောဒီ ဘော်ဒီဂါတ်ရှိပြီဆိုရင် ဘယ်အဖော်မှ မမက်ဘူး"

အချစ်ရူးသမား နှစ်ယောက်၊ အဖော်ကိုယ်စီ ရသွားပြီဖြစ်၍ ကျေနပ်ပျော်ရွှင်နေကြပါသည်။

စားသောက်ပြီးနောက်…

"ပထမဆုံး ဖေဖေ့ ပရိဘောဂဆိုင် ခေါ်သွားမယ်… အဲဒီကပြီးမှ မမအတွက် ဆိုင်ခွဲဖွင့်မယ့် နေရာသစ်ကိုခေါ်သွားမယ်"

"မမ သဘောပဲလေ"



www.burmeseclassic.com

www.burmeseclassic.com



မြို့လည် လူစည်ကားသည့်လမ်းတွင် မမတို့ ပရိဘောဂဆိုင် ကြီးက လေးခန်းတွဲဖွင့်ထား၍ ဟီးထနေသည်။ မှန်ကျယ်ကြီးများ ဖြင့် လမ်းမပေါ်က ကြည့်နိုင်ရန် နှစ်ယောက်အိပ်ကုတင်၊ ဆိုဖာချေ ယာ၊ ဖဲအိပ်ယာခင်းနှင့်ခေါင်းအုံး၊ မှန်တင်ခုံ၊ မှန်ဘီဒိုတွေကို သူ့ အရောင်အသွေးနဲ့သူ ခင်းကျင်းပြသထားသည့်အပြင်...

အမျိုးသမီးနှင့် အမျိုးသား နှစ်ယောက်က ကုတင်ပေါ်တွင် ထိုင်နေပြီး၊ သားနှင့်သမီးက အောက်ဘက်တွင် အရုပ်များနှင့်ဆော့ ကစားနေဟန် ပြသထားခြင်းဖြစ်၏။ အရုပ်များက လူအစစ်နှင့်တူ လှပါသည်။

"ဖေဖေ... ဒါ သမီး အလုပ်ထပ်ခန့်ချင်တဲ့ 'မောင်မောင်ခင်' ပဲ"

"ဟုတ်လား... ဘယ်နေ့ဝင်မလဲ... တစ်ပတ်လောက်တော့ သမီးက လာကူထိုင်ပေးလိုက်လေ... သမီး မအားရင် ဆိုင်ကစာရေး နဲ့ပြခိုင်းလည်း ဖြစ်တယ်"

"'အတော့' ဆိုင်ခွဲဖွင့်ရင်တော့ သူ့ကို ဟိုမှာခိုင်းမှာနော်"

"သဘော သဘော... သမီး သဘောပဲ... သမီးလာတာနဲ့အ တော်ပဲ... ဖေဖေ့ကို သစ်တောရုံးက ဖုန်းဆက်ခေါ်ထားတယ်... တ ကယ်လို့ ဆိုင်ပိတ်ချိန်အထိ ပြန်မလာသေးရင် သမီးပဲပိတ်သွား လိုက်... ညည်းအမေ ချက်ပြုတ်ပြီးပို့ထားတဲ့ဂျိုင့်ထဲမှာ ထမင်းဟင်း အစုံရှိတယ်... ဖေဖေ အပြင်မှာပဲ စားဖြစ်ဖို့များတယ်... သမီးတို့ပဲ စားလိုက်ကြတော့... ကဲ ဖေဖေ သွားမယ်"

"ဟုတ်ကဲ့ ဖေဖေ"

"မမက အဖေ့ဆီက မျက်ခုံးမျက်လုံးနဲ့ နှာတံရပြီး အမေ့ဆီ က အသားနဲ့ အရုပ်ကိုရထားတာပဲ"

"ဘာလဲ... တို့အဖေကို အသားမည်းတယ်လို့ ပြောချင်တာ



www.burmeseclassic.com

www.burmeseclassic.com


ပေါ့လေ... အရုပ်ပုတယ်လို့ ပြောချင်တာပေါ့လေ... ဖေဖေ့ကို ငယ်သူငယ်ချင်းတွေက သီဟိုစေ့လို့ ခေါ်ကြတာလေ... အရုပ်ပုပြတ်ပြတ်... ဖင်ကောက်ကောက် နှဖူးမောက်မောက်လေးမို့လေ... ဖေဖေက ရုပ်သိပ်မလှပေမယ့် ပိုက်ဆံပေါတော့ မေမေ့လို မယ်ဗမာကို ခေါင်းခေါက်ယူထားတာနေ့... မိန်းမတွေက ဖေဖေ့ကို ကြိုက်မှကြိုက်"

"ယုံပါတယ်ဗျာ... ယုံပါတယ်"

"လာ လာ... အလုပ်သမားတွေနဲ့ မိတ်ဆက်ပေးမယ်"

နောက်ဘက်တွင် ရေဘော်ထိုးသူ၊ လွှတိုက်နေသူ၊ ကော်ပတ်စား၊ ဖော့လစ်တိုက်သူတွေကို သူ့အဖွဲ့နဲ့သူ တွေ့ရသည်။

"ဒါတွေ နိုင်ငံခြားပို့မှာ 'မောင်မောင်' ရဲ့"

'မောင်မောင်' ခေါင်းသာ ညိတ်ပြလိုက်ရသည်။ စိတ်ကပျံ့လွင့်နေသည်။ မမလို ပြည့်စုံသူမိန်းမလှကို 'ကိုဇော်' တကယ်စွန့်လွှတ်နိုင်ပါ့မလား။ မမ ကတော့ 'ကိုဇော်' ကို လုံး၀ ပတ်သက်ချင်ပုံမပေါ်တော့။ မိမိကိုတော့ တော်တော် အလေးထားနေရှာသည်။

မိမိနှင့် စတွေ့ပြီးတည်းက သူမကသာ မိမိကိုချော့နေရတာ ခပ်များများ။ မိမိကတော့ သူမကို အသုံးလိုသောအခါ အတင်းဖုန်းဆက်၊ အတင်းလိုက်ခေါ်ပြီး၊ အတင်း လိုက်သွားတတ်သည်။

အမှန်အတိုင်း ဝန်ခံရလျှင် ပထမတုန်းက 'နွယ်' က ဂရုစိုက်သည်။ မိမိအပေါ် နားလည်မှုရှိသည်။ ကြင်နာသည်။ အားပေးသည်။ တိုးတက်မှုအတွက် လမ်းပြသည်ဆိုပြီး 'နွယ်' ကို ပြန်တွယ်တာမိသည်။ မျှော်လင့်မိခဲ့သည်။ 'နွယ်' ကလည်း မိမိချစ်ရေးဆိုလျှင် ပြန်ချစ်မည့်ပုံစံ ရှိသည်။

သို့သော် 'နွယ်' အိမ်က ဖျက်ပုံရသည်။ 'နွယ်' ပေါ်လာတော့။ မိမိကုသိုလ်ကံကလည်း ဆန်းသည်။ မိန်းမလှများ၏ ဂရု


www.burmeseclassic.com

www.burmeseclassic.com



စိုက်ခြင်း၊ ဖေးကူမဆခြင်းကို ခံရဖို့ဓာတာပါပုံရသည်။ တခြား အမျိုးသားတွေထက် မိမိကို ပိုဂရုစိုက်ကြောင်း ခင်တွယ်ကြောင်းသိပါသည်။ 'ကိုဇော်' ဥပေက္ခာရှုမှု၊ ပွေမှုကြောင့် မိမိ ကောင်းစားမှန်းသိပါသည်။

ငွေသိမ်းကောင်တာကြီးကလည်း ဆုံလည်ကုလားထိုင်တွေနှင့် နိုင်ငံခြား ရောက်နေသလိုပါပဲ။

"လာ 'မောင်မောင်'... ဒီမှာထိုင်... မမတို့ စာရင်းဇယားပုံစံတွေပြမယ်... ပစ္စည်းအမျိုးအစားတွေ ပြမယ်"

နှစ်ဦးသားပူးကပ်ထိုင်ပြီး၊ စာအုပ်တွေ ကြည့်ရသည်။ ပုံစံတွေကြည့်ရသည်။ မွှေးပျံ့သော ရနံ့၊ နူးညံ့သော အထိအတွေ့၊ ချိုသာသော အသံတွေက 'မောင်မောင့်' ကို ပင့်ကူမျှင် ရစ်ဖွဲ့သလို တစ်ထပ်ခြင်း ရစ်ခံနေရပါပြီ။

"မမလေး... ဒီအန်တီက မင်္ဂလာဆောင်မယ့် သမီးအတွက် ခန်းဝင်ပရိဘောဂ တစ်စုံစာ ယူမယ်တဲ့... ဈေးညှိချင်လို့တဲ့"

အလုပ်သမားကောင်လေးက လက်ကလေးနောက်ပစ်၍ ခါးလေးညွတ်ပြီး တရိုတသေလာပြောခြင်း ဖြစ်သည်။ 'မေသကြၤန်' က ပစ္စည်းလာဝယ်သူကို ခပ်ပြုံးပြုံးခါးလေးညွတ်၍ နှုတ်ဆက်ပြီး ပေါ့ပါးသွက်လက်စွာပင် လိုချင်သော ပစ္စည်းများကို လိုက်ကြည့်သည်။ ပြီးတော့ ဆိုင်မှပစ္စည်းများ ထပ်မံရောင်းရအောင် အပိုသုံးပစ္စည်းများကို ယူဖို့ဆွယ်တရားဟောသည်။

ထို့ကြောင့် အဝတ်စင်၊ အခန်းထောင့်တွင်ထားသော ထောင့်ချွန်ခုံများ၊ ဖိမ်ခံပက်လက် ကုလားထိုင်၊ နံရံကပ်ဘီဒိုပါးပါးလေးများ မီးဖိုချောင်သုံး စားပွဲဘီဒိုများပါ ထပ်မံရောင်းချလိုက်ရသည်။

အားလုံး ငါးသိန်းကျော်ဖို့။

ထိုတစ်နေ့ခင်းမှာပင် 'မေသကြၤန်' က သိန်းနှစ်ဆယ်ကျော်



www.burmeseclassic.com

www.burmeseclassic.com



ဖိုး ရောင်းနိုင်ခဲ့သည်။ မိမိတို့မှာ ငွေဝင်ဖို့ခက်သလောက် မမက တော့ လက်ဖျားငွေသီးနေပါသည်။

"ကဲ 'မောင်မောင်'... ရေမိုးချိုးအုံးမလား"

"တော်ပြီ မမ"

"ဒါဆို ထမင်းစားပြီးမှ ပြန်နော်... မမ လိုက်ပို့ပေးမယ်"

"မစားတော့ပါဘူး... ညနေတောင် စောင်းနေပြီ"

"ဒါကြောင့် စားခိုင်းတာပေါ့... မနက်တည်းက ဟုတ်တိပတ် တိမှ မစားရသေးတာ... ထမင်းဂျိုင့်ကြီးလည်း ရှိနေတာ... လာပါ"

နားနေခန်းထဲတွင် ရေခဲသေတ္တာ၊ လျှပ်စစ်မီးဖို အစုံရှိသဖြင့် ဟင်းနွေးသည်။ ဖျော်ရည် ဖျော်သည်။ 'မောင်မောင့်' ပန်းကန်ထဲသို့ ကြက်သားတုံး၊ ငါးကြော်နှင့် အစိမ်းကြော်တွေ တစ်ဇွန်းပြီးတစ်ဇွန်း ခပ်ထည့်ပေးနေသဖြင့်...

"မမ ကျွေးတာကြီးပဲ စားနေရတာများပြီ... မမကိုလည်း ပြန်ကျွေးချင်တယ်... ဘာစားချင်လဲ"

"ကိုယ်တိုင် ချက်ကျွေးမလို့လား"

"နောက်အပတ် စနေ တနင်္ဂနွေဆို အမေနဲ့ညီမ ပြန်လာမှာ လေ... မမ ဘာစားချင်လဲ... မေမေက ကုလားစာ တရုတ်စာ အကုန် ချက်တတ်တယ်"

"'မောင်မောင်' ကြိုက်တာပဲ ချက်ပါ... အဲ့ဒီနေ့က 'မောင် မောင်' တို့သားအမိတစ်တွေ စိတ်ကြိုက်ချက်စားတဲ့နေ့ပဲ... မမ လည်း ကြုံတာဝင်စားမှာပေါ့... ဘယ်အချိန်လာခဲ့ရမလဲ"

"မမက အလုပ်များတဲ့သူပဲ... ကြိုက်တဲ့အချိန်လာပါ"

"တော်ကြာ အစောကြီးလာရမလားလို့ ကိုဒေါ်သာ[illegible] နေမှာစိုးလို့... မမ သူ့အိမ်ကိုလာတိုင်း ဘယ်[illegible] ဘူး... မခေါ်ချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com


"အခု ခေါ်နေပြီပဲ… ကဲ မနက်ငါးနာရီလာခဲ့… လမ်းထိပ်က လက်ဘက်ရည်ဆိုင်မှာ စောင့်နေမယ်… အဲ့ဒီမှာ 'မောင်မောင်' ၁ ကာခံမယ်"

"စိတ်ချ လာခဲ့မယ်"


www.burmeseclassic.com

www.burmeseclassic.com



## ၁၃

'မောင်မောင့်' အာရုံက 'မေသကြာ်' ၏ အလှနှင့်ယှဉ်ယှဉ် ကြင်နာမှုအပေါ် စူးစိုက်သွားခဲ့ပြီဖြစ်၍၊ စာခြားကိစ္စများကို မေ့လျော့သွားခဲ့သည်။

ညီမကိစ္စလည်း စိတ်မဝင်စားတော့။

မိခင်အပေါ် တွန့်တိုမှုလည်း စိတ်မဝင်စားတော့။

နေ့စဉ် သင်တန်းမှန်မှန်သွားပြီး၊ 'မေသကြာ်' ကို စောင့်တတ်လာသည်။

မတွေ့ရသောအခါ ပို၍မျှော်ပြီး၊ ပိုတွေ့ချင်သဖြင့် ရှိနိုင်မည့်နေရာများကို ဖုန်းဖြင့်တွေ့နိုင်ရန် ကြိုးစားသည်။

သို့သော် အိမ်ကိုဆက်တော့လည်း မရှိ။ ဆိုင်ကိုဆက်တော့လည်း မရှိ။ ညဘက် လက်ကိုင်ဖုန်းကိုဆက်တော့လည်း ဖုန်းပိတ်



www.burmeseclassic.com

www.burmeseclassic.com



ထားသည်။ ဤမိန်းမ မိမိကို ပြန်၍ အရူးလုပ်နေပြီလား။

သုံးရက်ခန့်စောင့်ပြီး သည်းခံနိုင်သော်လည်း၊ လေးရက်မြောက်သောနေ့တွင် နံနက်ငါးနာရီ မထိုးခင်တည်းက 'သကြန်'၏ အိမ်ရှေ့တွင် ရောက်နေခဲ့သည်။ စောင့်နေခဲ့သည်။

လိုက်ကာတွေ ချထားသဖြင့် အရိပ်အယောင်တောင် မမြင်ရ။

ယခင်ကလို ကြက်တောင်ရိုက်ဖို့ လာသူလည်း မရှိတော့။

ရှစ်နာရီခန့်တွင် 'ကိုဇော်' ၏ကားကို တွေ့လိုက်ရသဖြင့် သစ်ပင်ခြုံကြားတွင် ပုန်းနေလိုက်ရသည်။

ထုံးစံအတိုင်း နှင်းဆီတစ်ခက်နှင့် လက်ဆောင်ထုပ်လေး တစ်ထုပ်ကိုင်၍ ဧည့်ခန်းထဲ ဝင်သွားကြောင်း တွေ့လိုက်ရသဖြင့် 'မောင်မောင်ခင်' လွန်စွာခံစားနေရပါပြီ။ အတန်ကြာသည်အထိ ထွက်မလာသောအခါ အံကြိတ်ပြီး တယ်လီဖုန်းဆက်ရန် ထွက်လာခဲ့မိသည်။

" 'တင်လေးနွယ်' နဲ့ တွေ့ချင်လို့ပါ"

ကံကောင်းထောက်မစွာဖြင့် 'ကိုဇော်' ၏ ကုမ္ပဏီရုံးခန်းတွင် 'နွယ်' နှင့် စကားပြောခွင့် ရသွားခဲ့သည်။

"ဟယ် 'မောင်မောင်' လား... ဝမ်းသာလိုက်တာဟယ်... မတွေ့ရတာတောင် ကြာလှပြီနော်..."

"နင် မတွေ့ချင်လို့ ငါ့ဆီ မလာတော့တာပေါ့"

"မအားလို့ပါဟယ်... အလုပ် သိပ်များတယ်လေ"

"အခု တွေ့လို့ရမလား... အရေးတကြီး ပြောစရာရှိတယ်... နင့်အတွက် အကျိုးရှိမယ့်စကားပဲ"

"ဟုတ်လား... အခု ပြောလိုက်လေ"

"ငါ့အတွက် နာရီဝက်တောင် အချိန်မရှိတော့ဘူးလား... ဖုန်းထဲကနေ ပြောလို့မကောင်းဘူး... နင့်တို့ ကုမ္ပဏီရှေ့နားမှာ လာ



www.burmeseclassic.com

www.burmeseclassic.com



စောင့်နေမယ်… နင် မလာရင် ငါအထဲဝင်ခဲ့မှာ”

“ငါ လာပါ့မယ်… အလုပ်ထဲကို လူဝင်လူထွက်ရှုပ်တာသိပ် မကြိုက်လို့ပါ”

“ဒါဆို နင် ထွက်ခဲ့”

“အေးပါ အေးပါ”

‘မောင်မောင်ခင့်’ ကို ‘နွယ်’ ထွက်စောင့်နေပါသည်။

“လာ ဟို စားသောက်ဆိုင်ထဲမှာ တစ်ခုခုစားရင်း ပြောကြရအောင်”

‘နွယ့်’ ပုံစံက အရင်ကလို ရိုးရိုးယဉ်ယဉ်လေး မဟုတ်တော့သလို စိန်နားကပ်၊ စိန်လော်ကက်၊ စိန်လက်စွပ်နှင့်။

“နင် ထောနေပါလား”

‘နွယ်’ က ပြုံးနေပါသည်။

“နင့်ကို စေတနာနဲ့ ငါ အကြံပေးချင်တယ်… နင် ဒီကုမ္ပဏီကထွက်ပြီး တခြားကုမ္ပဏီမှာလုပ်လဲ ရတာပဲ မဟုတ်လား”

“ဒီမှာက ကြွေးတွေ အများကြီး ထုတ်ထားပြီးသား ဖြစ်နေလို့ပါ”

“နင်နဲ့ ‘ကိုသန်းဇော်’ နဲ့ အတွင်းရေးကရော… ဘယ်အခြေအနေထိ ရောက်နေတာလဲ… ‘ကိုသန်းဇော်’ မှာ လူကြီးတွေသဘောတူထားလို့ ဒီလပိုင်းအတွင်း လက်ထပ်ရတော့မယ်ဆိုတာ နင်သိလား”

“အင်း ဖိတ်စာတွေတော့ ဝေတော့မယ်ထင်တယ်… ဒီနေ့ မနက်ပဲ ကုမ္ပဏီဝန်ထမ်းတွေကို လိုက်ဝေနေပြီ”

“ဟင်…”

ဒီတစ်ခါ ဟန်မဆောင်နိုင်သူက ‘မောင်မောင်ခင့်’ ပါ။ သို့သော် ဟန်ဆောင်ပြီး…



www.burmeseclassic.com

www.burmeseclassic.com



"နင်နဲ့ တိတ်တိတ်ပုန်း လက်ထပ်ထားတာ မဟုတ်လား"

'နွယ်' မဖြေ။ တွေတွေဝေဝေ ဖြစ်နေသည်။

"သူ့မှာ လက်ထပ်ရမယ့်သူ ရှိမှန်းသိလျှက်နဲ့ နင်ဘာလို့ မိုက်လုံးကြီးတာလည်း 'နွယ်'... နင့်မှာ လက်ထပ်ထားတဲ့စာချုပ် ရှိရင် သတင်းစာထဲက ကန့်ကွက်မယ်လို့ ခြိမ်းခြောက်လိုက်... ဒါမှမဟုတ် ကွာရှင်းစရိတ်တောင်းလိုက်"

"ငါ့မှာ ကိုယ်ဝန်ရှိနေပြီ... ကွာရှင်းရင် ငါပဲနစ်နာမှာပေါ့... သူ ပြောပြီးသား... 'မေသကြာ်န်' ကို တစ်နေ့ယူကိုယူရမယ်တဲ့... သူ့အဖွားရဲ့ အမိန့်ကိုမလွန်ဆန်နိုင်ဘူးတဲ့... ငါနဲ့က အနေနီးလို့ သံယောဇဉ်တွယ်ပြီး ငြိစွန်းသွားခဲ့ကြတယ်... သူ့အမှားကိုလည်း သူဝန်ခံတယ်... အဖွားအတွက် သူ တာဝန်ကျေချင်သလို ငါ့အတွက် လည်း သူ့အချစ်နဲ့ ဝတ္တရားတစ်သက်လုံးကို တာဝန်ကျေပါ့မယ် လို့ ကတိပေးထားပါတယ်"

"ဒါဆို နင်က တိတ်တိတ်ပုန်းဘဝနဲ့ပဲ ကျေနပ်နေမယ်ပေါ့ နင့်အတွက် ယောကျ်ားသည်လောက် ရှားနေသလား... သိပ်ကြီး ကျယ်တဲ့ နင့်မိဘတွေကရော ဒုတိယနေရာက ကျေနပ်နေသလား"

"ဒုတိယဆိုပေမယ့် တကယ်တော့ ပထမပါ... တရားဝင်ပါ ငါ မနစ်နာစေရဘူး... အဖွားမရှိတော့ရင် အားလုံးမျှတဖြစ်စေရ မယ်တဲ့"

"ဘာလဲ... ပစ္စည်းခန်းကို ပြောတာလား... သူတို့လက်ထပ် ပြီးသွားရင် နင့်ဆီ မလာတော့ရင်ကော"

"လာမှာပါ... 'မေသကြာ်န်' ထက် ငါ့ကို ပိုမက်မောတယ်ဆို တာ အသိသာကြီးပဲ... ငါ့အတွက် မပူနဲ့... မပိုင်ရင် ခြင်တောင် မရိုက်ဘူး"

ခေါင်းမာစွာ ပြောနေသော 'နွယ့်' ကို စိတ်ပျက်စွာ



www.burmeseclassic.com

www.burmeseclassic.com


ကြည့်သလို၊ လုံးဝ အလိမ်ခံရတော့မည့် မမအတွက် ပြန်စိုးရိမ်မိပြန်သည်။

"ဒါဆို ငါ့ကို တစ်ခုကူညီစမ်းပါ... 'မေသကြံန်' နဲ့ဖုန်းစကားပြောချင်တယ်... ငါ ဖုန်းခေါ်ရင် 'ဖွားလွန်း' က ခေါ်မပေးဘူး 'တူးမာ' ဆိုတဲ့ပုံစံနဲ့ ခေါ်ပေး"

"နင်နဲ့ 'မေသကြံန်' က ဘယ်လိုအခြေအနေရှိနေလို့လဲ... နင်တို့တွဲခုတ်နေတာကို 'ကိုဇော်' သိတယ်နော်"

'မောင်မောင်ခင်' လှောင်သလိုမဲ့ရင်း...

"နင့်ထက်ငါ့အပေါ်မှာ နားလည်မှုရှိတယ်... စေတနာရှိတယ် ကူညီတယ်"

'နွယ်' က နားလည်စွာ ခေါင်းညိတ်ရင်း...

" 'မောင်မောင်' ရယ်... နင်ကောင်းစားမယ်ဆိုရင် ငါ ကျေနပ်ပါတယ်... နင် စဉ်းစားကြည့်လေ... နင့်ကို ငါဘယ်လောက် သံယောဇဉ်ရှိရှိ ပိုက်ဆံမက်တဲ့ ဂုဏ်မက်တဲ့ ငါ့အမေအတွက် ငါ့ဘဝကို 'ကိုဇော့်' လက်ထဲ အပ်ခဲ့တာပါ... ဒုတိယနေရာကပဲ ရတာတောင် တိုက်တစ်လုံး ကားတစ်စီးနဲ့ လက်ဖျားငွေသီးနေတယ်လေ... ကံကောင်းရင် ပထမနေရာ ရချင်ရသွားမှာပဲ...

ငါ ကောင်းစားတာကို နင် ကျေနပ်ရမှာပေါ့... ငါ့လို ဘာမဟုတ်တဲ့ ကောင်မလေးကို သံယောဇဉ် တွယ်နေမယ့်အစား 'ကိုဇော်' တို့ထက် ချမ်းသာတဲ့ 'မေသကြံန်' ကို နင် ရအောင် ယူသင့်တယ် နင် ရအောင် ယူနိုင်တယ်ဆိုတာလည်း ငါသိတယ်... တကယ်တော့ ငွေဆိုတာ ဘယ်လောက်တန်ဘိုးရှိတယ်... လိုအပ်တယ်ဆိုတာ နင် အသိဆုံးပါ... သူတို့နှစ်ယောက်ကိုရတဲ့ ဘူတွေဟာ ငွေဘုံ[illegible] မှာစံနေယုံပဲလေ... ကဲ ကဲ... 'မေသကြံန်' နဲ့ နင်နဲ့ အဆက်အသွယ် ရအောင် ငါ လုပ်ပေးမယ်နော်"


www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးသံဖြင့် ဆက်သဖြင့် 'မေသကြွန်' နှင့် စကားပြောခွင့်ရသည်။

"မမ ဘာဖြစ်လို့ ရှောင်နေတာလဲ... ကျွန်တော့်ကို အရူးလုပ်တာလား... စိတ်မထိန်းနိုင်ရင် အိမ်ထဲကို အတင်းဝင်မှာနော်... အခုတွေ့ချင်တယ်ဗျာ... မလာရင် ဖြစ်ချင်တာဖြစ်ပဲ"

"သင်တန်းကို လာခဲ့မယ်"

အဖွားနှင့် 'ကိုဇော်' မရိပ်မိအောင် စကားကိုထိန်းပြောနေရခြင်းဖြစ်သည်။ အဖွားက သိပ်လည်သည်။ 'မောင်မောင်ခင်' နှင့်တွဲနေမှန်းသိ၍ လုံးဝအပြင်ပေးမထွက်တော့။

'ကိုဇော်' ကို ခုတုံးလုပ်၍ ထွက်ရတော့မည်။

"ဖိတ်စာဝေရင်း ပစ္စည်းနည်းနည်း ထွက်ဝယ်အုံးမယ်... ပြီးရင် 'တူးမာ' တို့ဆီ ဖိတ်စာဝင်ပေးလိုက်အုံးမယ်"

" 'မောင်ဇော်' ရေ... မင်းခေါ်သွားတာ မင်းပဲ အိမ်ရောက်အောင်လာပြန်ပို့ပေး ရမယ်နော်... ဖိတ်စာတွေလည်း ပြီးပြတ်အောင် ဝေခဲ့အုံး"

"စိတ်ချပါ ဖွားဖွား... ဖိတ်စာဝေဖို့ ငါးအိမ်လောက်ပဲ ကျန်ပါတော့တယ်... အဲ့ဒါတွေအရင် ဝေပြီးမှ သင်တန်းသွားလိုက်မယ်"

'သကြွန်' ချီတုံချတုံ ဖြစ်နေသေးသည်။

ဖိတ်စာဝေပြီးလျှင် 'မောင်မောင်ခင့်' ထံ သွားရကောင်းနိုး၊ မကောင်းနိုး။

ကားမောင်းနေသော 'သန်းဇော်' ကိုလည်း အံ့ဩသလို မကြာခဏလှမ်းကြည့်မိသည်။ မိမိလို မိန်းမလှလေးကို လွန်ခဲ့သည့် နှစ်ပေါင်းများစွာတည်းက တွေ့ရှိခွင့်၊ ချစ်ခွင့်၊ လက်ထပ်ခွင့်တွေ ရှိခဲ့ပါလျှက် ဂရုမစိုက်၊ တန်ဘိုးမထားဘဲ၊ လိမ်လည်လှည့်ဖြားနေခဲ့သည်။ ကိုယ်မယူချင်ရင်လည်း အပြတ်မငြင်းဘဲ ရအောင်ယူဖို့



www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားနေပြန်သည်။ 'နွယ်' နှင့်လည်း တိတ်တဆိတ် လက်ထပ်ထားသည်။

ဘာတွေလဲ။ ကေန္တ မိမိ၏ ချမ်းသာကြွယ်ဝမှုကို မက်၍လား မိမိနှင့်ယှူပြီးလျှင် ဖွားဖွားမရှိလျှင်၊ မိဘများမရှိလျှင်၊ မိမိပစ္စည်းများကို အပိုင်စီးပြီး မယားငယ်များ နောက်မိန်းမများနှင့် ပျော်ပါးနေလျှင် မိမိ ဘာလုပ်ရမည်နည်း။

"ဟိတ် လူကို ဘာခိုး,ခိုးကြည့်နေတာလဲ... အတူနေရတော့မှာများ တစ်နေကုန် မြင်နေရမယ့် မျက်နှာလေ... တစ်သက်လုံး မြင်နေရမယ့် မျက်နှာလေ"

"ဩော် မချစ်ဘဲယူကြတာဆိုတော့ ပျော်ပါ့မလားလို့"

"တို့နှစ်ယောက်က ချစ်တယ်ဆိုတာထက် သံယောဇဉ်ကပိုမယ်ထင်တယ်... အတူနေတော့လည်း ချစ်လာမှာပေါ့"

"အတူနေရတယ် ဆိုပေမယ့် အလုပ်ကိုယ်စီနဲ့ဆိုတော့ အနေနီးမယ် မထင်ပါဘူး... 'ကိုဇော်' ကလည်း အလုပ်ကိစ္စနဲ့ ခဏခဏခရီးထွက်ရ... 'အတာ' ကလည်း သစ်ကိစ္စနဲ့ ခရီးထွက်ရနဲ့"

"ဟာဗျာ... လက်ထပ်ပြီးရင်တော့ ဇနီးမယားတစ်ယောက်အနေနဲ့ အိမ်ထောင့်တာဝန်ကိုပဲ ထမ်းဆောင်ပါတော့ဗျာ... 'အတာ' တို့ဘက်က စီးပွားရေးကိုလည်း ကိုယ့်အဖွား ကိုယ့်မိဘတွေရဲ့ စီးပွားရေးလို့ သဘောထားပြီး ကိုယ်ဦးစီးလုပ်ပေးမှာပေါ့... 'ဖွားလွန်း' ရော အန်ကယ်နဲ့အန်တီကပါ ကိုယ်ရောက်လာမယ်ဆိုလို့ ပျော်နေကြတာ"

ထိုစကားတွေကြောင့် 'အတာ' က 'ကိုဇော်' မျက်နှာကို ခပ်ပြုံးပြုံး လှမ်းကြည့်နေပါသည်။

သို့သော် ရင်ထဲမှာတော့ လှောင်ပြုံးပြုံး—

အဟင်း ဟင်း... ရှင် ကျွန်မကို နှစ်ရှည်လများစောင့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်ဖို့ ကြိုးစားတာဟာ အချစ်မပါဘဲ ကျွန်မပစ္စည်းကိုမက်လို့ဆိုတာ သိပြီးသွားပါနော်။

"ကဲ 'ကိုဇော်'... ခဏစောင့်နော်... 'အတာ' သင်တန်းက သူငယ်ချင်းတွေကို ဖိတ်စာလိုက်ဝေအုံးမယ်... ဆယ်စောင်လောက်ပါပဲ" ဟု

သစ်ပင်အောက်မှ 'မောင်မောင်ခင့်' ကို မြင်လိုက်ပါသည်။

ပထမ အပေါ်ထပ်ကို တက်သွားခဲ့ပါသည်။ 'မောင်မောင်ခင့်' ကို ကားဂိတ်မှစောင့်ရန် လှမ်းပြောခဲ့သည်။ အပေါ်ထပ်မှနေ၍ 'ကိုဇော်' မမြင်အောင် လစ်ထွက်ဖို့ အခြေအနေကို အကဲခတ်နေရသေးသည်။

"ဖွားဖွားလား..."

"အေး 'ဇော်' လား"

"ဟုတ်တယ်... 'အတာ' အိမ်ပြန်ရောက်နေလား"

"မရောက်သေးဘူး"

"သူ့ကို ရှာမတွေ့ဘူး... သင်တန်းအောက်က စောင့်နေတာ တစ်နာရီလောက် ရှိပြီ... ဆင်းမလာလို့ အပေါ်လိုက်သွားတော့ 'တူးမာ' တို့ဆီလည်း ရောက်မလာဘူးတဲ့"

"ဟယ် ဒါဆို ဟိုကောင့်နောက်ပါသွားပြီ ထင်တယ်... မင်းသိပ်အတာပဲကိုး... အမြန်ရှာ... မရ,ရအောင်ရှာ... မရမချင်းရှာ... ဘယ်နှစ်ရက်ကြာကြာ ရအောင်ပြန်ခေါ်ခဲ့... မင်းမယူချင်တော့ဘူးဆိုရင်တောင် 'မောင်မောင်ခင်' ဆိုတဲ့ ကောင်နဲ့တော့ မပေးစားနိုင်ဘူး... တခြားတစ်ယောက်နဲ့ပဲ ပေးစားမယ်"

"ဘယ်က 'မောင်မောင်ခင်' လည်း..."

"မင်း ခုမှမေးမနေနဲ့... ခုလိုဖြစ်တာ မင်းကြောင့်... မင်းဂရုမစိုက်လို့ မင်းပစ်ထားလို့ အစွဲ့တိုက်ပြီး ဖြစ်သွားတာ ဟီး ဟီး"



www.burmeseclassic.com

www.burmeseclassic.com


"မငိုပါနဲ့ ဖွားဖွားရယ်... ဖွားဖွား ကျွန်တော့်အပေါ်ထားတဲ့ မေတ္တာစေတနာတွေကို ကျွန်တော် ငယ်ငယ်လေးတည်းက သိရှိနား လည်ပေးပြီးသားပါ... 'အတာ' ကိုရအောင် ပြန်ရှာပြီး လက်ထပ် ပါ့မယ်... နားနဲ့မနာ ဖဝါးနဲ့နာပါ ဖွားဖွား... ကျွန်တော် ပွေခဲ့ဘူး ပါတယ်... ဒါပေမဲ့ 'အတာ' ကို ကျွန်တော် ယူမယ်လို့ ဆုံးဖြတ်ပြီး သားဆိုတာ ဖွားဖွားတို့အသိပါ...

'အတာ' ကို ချမ်းသာမှန်းသိလို့ အချောင်စောင့်နေတဲ့ အ ကောင်ကို ပညာပေးရမှာပေါ့... ကျွန်တော် လူမျိုးအစစ်မဟုတ်ဘူး ဆိုတာ 'အတာ' သိထားလို့ ကျွန်တော့်ကို အထင်သေးနေပေမယ့် သူ အမျိုးမစစ်ဘူးဆိုတာ သိခဲ့ရင်တောင် ဖွားဖွားရဲ့စေတနာတွေ ငယ်ပေါင်းဆိုတဲ့ အကြင်နာတွေနဲ့ ကျွန်တော် တစ်သက်လုံးပေါင်း သွားမှာပါ"

"အံမယ်လေး... ခုမှပဲ စိတ်ချမ်းသာသွားတော့တယ်... ဘာပဲဖြစ်ဖြစ် ဒီနေ့ပြန်တွေ့ရင် ပိုကောင်းတာပေါ့ကွယ်... မြန်မြန် သာ ရအောင်ရှာခဲ့ကွယ်"

"စိတ်ချပါ ဖွားဖွား"


www.burmeseclassic.com

www.burmeseclassic.com


## ၁၄

"ကဲ 'မောင်မောင်' ရေ… လွတ်အောင်သာ ပြေးကြစို့နော်… သူတို့ကတော့ လုံးဝကို အပျောက်မခံတော့တာ"

"ဘယ်ကို ပြေးမှာလဲ"

"ဩော် သူတို့ရှာမတွေ့နိုင်တဲ့ နေရာပေါ့ကွာ… ပြီးတော့ ရပ်ကွက်ရုံးမှာ ဖြစ်ဖြစ် နှစ်ဦးသဘောတူ လက်မှတ်ထိုးထားမှဖြစ်မယ်"

"ဟာ မမက ကျွန်တော့်လိုလူကို ယူဝံ့လို့လား"

"မင်း မယူရင် သူ ယူတော့မှာလေ… မယူချင်လည်း နေကွာ"

စိတ်ပျက်သလို ငိုမလို ပုံစံလေးဖြင့်ပြောနေသဖြင့် 'သန်းဇော်' လက်ထဲတော့ လုံးဝအရောက်မခံနိုင်ပါ။ 'နွယ်' ကိုလည်း ယူထားပြီးပြီပဲ။ မိမိ၏ မိန်းကလေးများကိုသာ လိုက်ဖျက်စီးချင်သူကို ပညာပေးရမည်။

"လာ လာ… 'မောင်မောင့်' အိမ်ကိုလိုက်ခဲ့"


www.burmeseclassic.com

www.burmeseclassic.com



"ဟာ အဲ့ဒီအိမ်ကို 'တူးမာ' တို့သိတယ်။ တခြားလုံခြုံတဲ့ နေရာကို ပြေးမှဖြစ်မှာပေါ့"

"ဟာ ဟုတ်ပြီ… ရှိတယ် ရှိတယ်… လုံခြုံတဲ့နေရာရှိတယ်"

အငှားကားတစ်စီးပြီး တစ်စီး တမင်ပြောင်းစီးခဲ့ပြီး၊ မြို့စွန် ဆိတ်ငြိမ်ရပ်ကွက်ကြီး တစ်ခု၏ အစွန်ဆုံးနေရာတစ်ခုသို့ ရောက် ခဲ့ပါသည်။

လုံခြုံသည်မှ လမ်းအသွယ်သွယ် ကွေ့ပတ်ဝင်ခဲ့ရပြီး ခြံ ကျယ်ကြီးတစ်ခု၏ အစွန်ဆုံးနေရာတစ်ခုသို့ ရောက်ခဲ့ပါသည်။

လုံခြုံသည်မှ လမ်းအသွယ်သွယ် ကွေ့ပတ်ဝင်ခဲ့ရပြီး ခြံ ကျယ်ကြီးတစ်ခု၏ အစွန်ဆုံးဖြစ်သည်။ ထိုခြံပြီးလျှင် ရေကန်သာ ရှိတော့သည်။

"ဟယ် သားနဲ့ မမတို့ပါလား… မလာစဖူး ဝမ်းသာလိုက် တာကွယ်"

"သူ့ကို ကျွန်တော် ခိုးလာတာ"

"ဟယ် ဟုတ်လား… ဝမ်းသာလိုက်တာ… ချွေးမချောလေးရ ပြီပေါ့… လာလာ"

" 'ကေခိုင်' ရော မေမေ… သူ့ကိုခိုင်းစရာတွေ ရှိတယ်… ကျွန်တော်တို့ ရပ်ကွက်မှာ လက်မှတ်ထိုးချင်တယ်… သတင်းစာ ထဲထည့်ချင်တယ်"

"အေး အေး… အားလုံးအစဉ်ပြေစေရမယ်… ရပ်ကွက်လူကြီး ကလည်း ကိုယ့်ရပ်ဆွေရပ်မျိုးပဲလေ… စိတ်အေးအေးသာထားပြီး နေကြ… 'ကေခိုင်' လည်း ညနေမစောင်းခင် ပြန်ရောက်လာမှာပါ"

ခြံကျယ်ကြီးတွင် အိမ်တွေက လေးငါးလုံး။ ရေကန်အစပ်ရှိ အလုံခြုံဆုံး တစ်ထပ်ခွဲတိုက်လေးကို ချက်ချင်းစီစဉ်ပေးလိုက်သဖြင့် သီးခြား ကမ္ဘာလေးတစ်ခုကို ရရှိလိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေရာလေးက သာယာအေးချမ်းလိုက်တာ 'မောင်မောင်' ရယ်... ဒီနေရာ ရှိလျှက်နဲ့များ ဘာလို့ မင်္ဂလာဒုံမှာ သွားနေရတာ တဲ့လဲ"

"အမွေရတဲ့ နေရာမို့မနေချင်လို့ အခုတောင် မမကြောင့် ရောက်လာတာ"

"မမကို တကယ်ရောလက်ခံချင်လို့လား 'မောင်မောင်' ရယ် ဟိုလူ မကြင်နာလို့ပွေလို့ မယူဝံ့လို့ 'မောင်မောင့်' နောက်ကို အရဲ စွန့်ပြီး လိုက်လာခဲ့ရတာ...'မောင်မောင်' ကပါ တကယ်မချစ်ရင် တော့ ဒုက္ခပါပဲ"

"ကျွန်တော့်ကို မယုံရင် လက်မထပ်ချင်ရင် မထပ်ပါနဲ့... ဟို လူနဲ့တော့ မယူပါနဲ့ဗျာ... 'နွယ်' နဲ့ကိုယ်ဝန်တောင် ရှိနေပြီ"

"ဟုတ်လား... သတင်းစာထဲကနေ သူနဲ့လက်ထပ်မယ့်အစီ အစဉ်ဖျက်ဖို့ ပြန်ထည့်ရအုံးမယ်... နက်ဖြန်ပဲ ပါချင်တယ်"

"စိတ်ချပါ... 'ကိုဇော်' နဲ့ကိစ္စကိုလည်း ဖျက်ပေးမယ်... ကျွန် တော်နဲ့ နှစ်ဦးသဘောတူ လက်ထပ်ပြီးတဲ့ အကြောင်းလည်း တစ် ခါထဲပါစေရမယ်"

"တကယ် လက်ထပ်ချင်လို့လား... မချစ်တတ်တဲ့ လူမျိုးကို တော့ မယူချင်ဘူးနော်"

"လက်မထပ်ထားရင် လာပြန်ခေါ်သွားမှာပေါ့... ပြန်လိုက် သွားချင်လို့လား"

"ဟင့်အင်း..."

ထိုစဉ် ခြံထိပ်တွင် လူရိပ်မြင်သဖြင့် လှမ်းကြည့်လိုက်သော အခါ 'ကေခိုင်' နှင့် အမျိုးသားတစ်ယောက်။

"ဟင် 'ကိုဇော်' နဲ့တူလိုက်တာ... ပြေးမှထင်တယ်"

'မောင်မောင်ခင်' က မျက်မှောင်ကြုတ်၍ ကြည့်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com


သချာကြည့်တော့၊ အရုပ်အမောင်း၊ ဆံပင်ပုံစံ၊ ဝတ်ပုံစားပုံ တူခြင်းဖြစ်သည်။ ယခုကောင်လေးက နည်းနည်းပိုငယ်သည်။ ညီမငယ်ကို သူစိမ်းအမျိုးသား တစ်ယောက်နှင့် တွေ့လိုက်ရသဖြင့် 'မောင်မောင်ခင်' ကျွဲမြီးတိုသွားသည်။ မည်သူ မည်ဝါဆိုတာ စုံစမ်းချင်လာ၍ ခြံထိပ်သို့ ထွက်ကြည့်ဖို့ ဆုံးဖြတ်လိုက်သည်။

"အို 'မောင်မောင်' ဘယ်သွားမလို့လဲ... အပြင်လူတွေ မမြင်စေချင်သေးဘူး"

စိုးရိမ်တကြီး ဆွဲခေါ်ထားသဖြင့် 'ကေခိုင်' လက်ထဲ တစ်စုံတစ်ခုထည့်ပြီး ပန်းလေးကိုပုတ်၍ ထွက်သွားသော လူငယ်ကိုအနီးကပ်တွေ့ခွင့် မရတော့ပေ။

"'ကေခိုင်' ငါ့ဆီကို ခဏလာစမ်းပါ"

ကျယ်လောင်မာကြောသော အသံလာရာဆီသို့ 'ကေခိုင်' ဖျတ်ကနဲ လှမ်းကြည့်ရင်း...

"ဟင် 'ကိုကိုမောင်' ရောက်နေတာလား"

"ဒီကို မြန်မြန်လာစမ်း"

တိုက်အောက်ထပ်ရောက်လာသော 'ကေခိုင့်' လက်ထဲမှ အရာဝတ္ထုတစ်ခုကို မြင်ရသောအခါ၊ စောစောက စိတ်တိုနေသလိုပုံစံမှ ဒေါသတကြီးဖြင့်...

"ခုနက ခြံထိပ်မှာ နင်နဲ့ရပ်စကား ပြောနေတာ ဘယ်သူလဲ ဒီ နှင်းဆီပန်းတစ်ခက်ကရော ဘာကိစ္စပေးသွားတာလဲ"

"ဟို ဟိုလေ... မမေ့ကိုပဲ မေးကြည့်ပါတော့နော်... မမေကလည်း 'ကိုမောင်မောင်' နဲ့တွေ့ရင် အဲ့ဒီလူအကြောင်း ပြောပြမလို့ပါပဲ... သူ့နာမည်က 'ကျော်သူရ' ပါ... ဟို ဟို"

"တော်စမ်း... ဟိုကောင် ဒီကောင်ပေးတဲ့ ပန်းလည်းမယူနဲ့, လက်ဆောင်ပစ္စည်းလည်း မယူနဲ့... ဒီတစ်ခါနောက်ဆုံး ဖြစ်ပစေ


www.burmeseclassic.com

www.burmeseclassic.com


ကြားလား"

"ဟုတ်"

'ကေခိုင်'က ခေါင်းလေးကုတ်ရင်း ပန်းခက်ကို နောက်ဖက်တွင် ဖွက်ထားပါသည်။

"ကဲပါ 'မောင်မောင်' ရယ်... ညီမလေးက နောက်မဖြစ်စေရဘူးလို့ ကတိပေးနေပြီပဲ... ဒေါသတွေကို လျှော့လိုက်တော့နော်... လာ 'ကေခိုင်'... မမတို့ကို ကူညီအုံး... သတင်းစာတိုက်မှာ ကြော်ငြာထည့်ပေးစမ်းပါနော်"

"ဟုတ် မမ... ဘာကြော်ငြာချင်လို့လဲ"


www.burmeseclassic.com

www.burmeseclassic.com



"နှစ်ဦး၊သဘောတူ လက်ထပ်ပြီးစီးခြင်း"

ကျွန်တော် မောင်မောင်ခင် နှင့် ကျွန်မ မေသကြိန်

(ခ) အတာ

ထိုသတင်းကို ဖတ်လိုက်ရသည့် 'ဖွားဂွမ်း' နှင့် 'ဖွားလွန်း' တို့ ခမြာ အရုပ်ကြိုးပြတ်လို ဖြစ်သွားကြတော့သည်။

'သန်းဇော်' တို့ မြေးအဖွား ချက်ချင်းရောက်လာကြပြီး...

"ဘယ်လို လုပ်ကြမလဲ"

'ဖွားလွန်း' က ပစ္စည်းတွေ ပစ်ပေါက်ပြီး ဒေါသူပုန်ထနေတော့သည်။

"ရုပ်ကလေးပြပြီး ငါ့မြေးကို အပိုင်စီးတယ်... လူထက်ပစ္စည်းကိုမက်တာ... ခုလိုဖြစ်တာ မင်းကြောင့်... မင်းရုပ်လို့ ပွေလို့ ဥစ္စာပြုထားလို့"

"ဖွားဖွား စိတ်အေးအေးထားလေ... ကျွန်တော် ပြောထားပြီးပြီပဲ... တန်မှမတန်တာ ပြန်ခွဲပေါ့... ပြီးတော့ ဖွားဖွား စိတ်တိုင်းကျ



www.burmeseclassic.com

www.burmeseclassic.com


တဲ့ မင်္ဂလာပွဲမျိုး ဆင်နွှဲပေးပါ့မယ်"

"အို မဖြစ်နိုင်တော့တာ သူများရဲ့ တရားဝင်မယားဖြစ်သွားမှ မင်းသွားလုရင် အချုပ်ခန်းထဲ ရောက်သွားမှာပေါ့"

'ဖွားဝွမ်း' ကတော့ တကယ်တမ်းကျတော့ အပို့မဟုတ်တော့ သဖြင့် တန်ဘိုးမထားချင်တော့ မေးနှင့် မပေးစားချင်တော့။

" 'မိလွန်း' ညည်း လုပ်ရမှာက အပိုင်ကြံတဲ့ကောင်အတွက် အမွေပြတ်စွန့်လွှတ်တဲ့သတင်း ပြန်ထည့်ဖို့က အရေးကြီးတယ်"

'သန်းဇော်' က အဖွားနှစ်ယောက်လုံး စိတ်အေးအေးထားရန် နှစ်သိမ့်သည်။

"ဒီကိစ္စကို ကျွန်တော် ကိုင်တွယ်ဖြေရှင်းပါ့မယ်"

"မင်းက ခုမှ ဘာ့ဖြေရှင်းချင်နေတာလဲ... လက်ထပ်ဖိတ်စာ တွေက ဝေပြီးထားပါပြီ... ဒါ ငါတို့ကို သက်သက်အရှက်ခွဲတာ"

"သိတယ်လေ... ကိုယ့်ကို ပညာပြမှတော့ ကိုယ်ကလည်း ပြ ရတော့မှာပေါ့"

"ကလင် ကလင် ကလင်"

"ကလင် ကလင် ကလင်"

တယ်လီဖုန်းအသံကြောင့် အငြင်းအခုန် ရပ်လိုက်ရပြီး...

"ဟုတ်ကဲ့ပြောပါ... 'မေသကြာန်' တို့အိမ်က ဟုတ်ပါတယ်"

"ကျွန်မ သိထားတာ တစ်ခု ပြောပြချင်လို့ပါ... 'မောင်မောင် ခင်' နဲ့ 'မေသကြာန်' ဟာ လုံးဝမတန်ပါဘူး... 'မောင်မောင်ခင်' ဟာ လူသတ်မှုနဲ့ ထောင်ဆယ်နှစ် ကျခဲ့ဖူးတဲ့ လူတစ်ယောက်ပါ"

"အံမယ်လေး ဘုရား ဘုရား"

'ဒေါ်လွန်း' ဖုန်းခွက်ကြီး ပြုတ်ကျပြီး၊ ပျော့ခွေကျသွားသဖြင့် 'သန်းဇော်' တို့ မြေးအဖွား ပြာယာခတ်သွားတော့သည်။ မိသားစု ဆရာဝန်ကို အမြန်ပင့်ပေးရသည်။


www.burmeseclassic.com

www.burmeseclassic.com



"သွားပါပြီ… ငါ့မြေးလေးဘဝ ရေတိမ်နစ်ပါပြီ… အီး ဟီး ဟီး"

"ဖုန်းဆက်တာ ဘယ်သူလဲ… ဘာပြောလိုက်လို့လဲ"

"ဘယ်သူလဲတော့ မသိဘူး… 'မောင်မောင်ခင်' ဟာ လူသတ်မှုနဲ့ ထောင်ဆယ်နှစ်ကျဘူးတယ်တဲ့… ဒါတွေ 'မိတာ' သိတာမဟုတ်ဘူး… သိရင် သူ ယူဘို့မှာမဟုတ်ဘူး"

"ကဲ ကဲ… စိတ်အေးအေးထားကြပါ… ကျွန်တော် ကြည့်စီစဉ်ပါ့မယ်"

နောက်တစ်နေ့ သတင်းစာထဲတွင်…

**အမြန်ပြန်လာပါ**

**မေသကြာ်နံ (ခ) အတာ**

**ဖွားဖွား စိတ်ပူနေသည်။ အတာ့ စိတ်တိုင်းကျစီစဉ်ပေးမည်။**

ထိုသတင်းကို သုံးရက်ဆက်တိုက် ထည့်ခဲ့ခြင်းဖြစ်သည်။

ဤရက်အတွင်း 'သန်းဇော်' က နည်းမျိုးစုံဖြင့် စုံစမ်းရှာဖွေနေခဲ့သည်။

'တူးမာ' ပြောပြ၍ မင်္ဂလာဒုံအိမ်ကို ရောက်ခဲ့ကြသည်။

'ဦးလှသိန်း' ပြောပြ၍ ယခုလက်ရှိ အမွေရထားသော ခြံနေရာကို ရှာဖွေနိုင်ခဲ့သည်။

'နွယ်' မိခင် 'ဒေါ်တင်နု' ကြောင့် 'မောင်မောင်ခင်' ၏ နောက်ကြောင်းရာဇဝင်ကို အားလုံးသိခဲ့ရသည်။

"'ဖွားလွန်း' ရဲ့ မြေးကို ရအောင်သာ ပြန်ချော့ခေါ်ပေတော့ ဒီအိမ်ကို ပြန်ရောက်လာလို့ ကျွန်တော့်ကို မယူချင်ဘူးဆိုရင်တောင် ဟိုကောင်နဲ့တော့ ဘယ်သောအခါမှ မပေးစားပါနဲ့လို့ ကျွန်တော် တောင်းပန်ပါတယ်… 'အတာ့' လို မိန်းကလေးဟာ 'မောင်မောင်ခင်'



www.burmeseclassic.com

www.burmeseclassic.com



လိုကောင်နဲ့ လုံးဝမတန်လို့ပါ”

“ဘာတွေဖြစ်ခဲ့လို့လဲ ‘မောင်ဇော်’ ရယ်... မြန်မြန် ပြောပြစမ်းပါ”

“ဒီကောင်က ငွေသိပ်မက်တာ... ဘကြီးအရင်းကို သူဟောင်းတဲ့ ပိုက်ဆံမပေးရကောင်းလားလို့ ဓါးနဲ့အပိုင်းပိုင်း ခုတ်သတ်ခဲ့တာ...”

“အံမယ်လေး... ဘုရား ကယ်တော်မူပါ... ကယ်တော်မူပါ”

တုန်တုန်ရီရီဖြင့် လက်အုပ်ချီရင်း ပျော့ခွေသွားပြန်သဖြင့် ဆရာဝန် ပင့်ရပြန်ပါသည်။

ပြီး



www.burmeseclassic.com

www.burmeseclassic.com


"မောင်"

"ဟင် ဘာလဲ မမ"

"ဖွားဖွား တစ်ယောက်တော့ အတော်လွမ်းနေပုံရတယ်"

"ပြန်ချင်လို့လား... မ သဘောနော်"

"ဟင် ပြန်ခွင့်ပြုတယ် ဟုတ်လား... ခွဲနိုင်တယ်ပေါ့လေ... မကို မချစ်ဘူးပေါ့... ဟုတ်လား"

'မောင်မောင်ခင့်' ရင်ခွင်မှ ရုန်းထွက်ရင်း၊ စိုးရိမ်တကြီးမေးနေခြင်း ဖြစ်သည်။ ခပ်ပြုံးပြုံးမျက်နှာဖြင့် ရေပြင်ကို စိုက်ကြည့်နေသဖြင့်...

"ပြော ပြော... ဘယ်သူ့ကို အချစ်ဆုံးလဲ"

ခင်ပွန်းသည်၏ နှာခေါင်းချွန်ချွန်ကို မလွတ်တမ်း ဆွဲလှုပ်ရင်း စိတ်တိုသလို မေးနေခြင်းဖြစ်သည်။

"ပြောပါဆိုကွာ... ဘယ်သူ့ကို အချစ်ဆုံးလဲ... နွယ်' လား"


www.burmeseclassic.com

www.burmeseclassic.com



"မောင် အချစ်ဆုံးကတော့ 'ကေခိုင်' ပဲ"

"ဟာ ၅၂၈ မဟုတ်ဘူး... ၁၅၀၀ ကိုပြောတာ"

ထိုမေးခွန်းကြောင့်ရယ်ရင်း ချစ်မမကို ခပ်ကြမ်းကြမ်းဆွဲဖက်ရင်း...

"ပြောစရာမှ မလိုတာ... မချစ်ရင် ဒီအိမ်အထိ ခိုးပြေးမလာဘူး... ဒီအိမ်ဒီခြံကို ဒီတစ်သက် မနင်းဘူးလို့ ဆုံးဖြတ်ထားတာ"

"ဘာဖြစ်လို့လဲ မောင်ရဲ့... ဒီလောက် ကောင်းတဲ့နေရာ ဒီလောက်တန်ဘိုးရှိတဲ့နေရာ... ကာလပေါက်ဈေးနဲ့ဆိုရင် ဒီခြံကြီးရဲ့ပေါက်ဈေးဟာ သိန်းပေါင်းသောင်းချီ ရနိုင်တယ်နော်... မောင်ကသာ ကိုယ့်ကိုယ်ကို ဆင်းရဲပါတယ်... မွဲပါတယ် ပြောနေတာ... မောင့်ရုပ်ကိုကြည့်ရင် ဆင်းရဲသားလို့ကို မထင်ဘူး"

"ဆင်းရဲသားဆိုရင်တော့ မကြိုက်ဘူးပေါ့ ဟုတ်လား"

"ချမ်းသာတဲ့ လူပျိုရဲ့ လုံလည်ကျခြင်းကို ခံနေရတော့ ကိုယ့်ဘဝအဖော်မှန်ဖြစ်ဖို့ ကိုယ့်ကို ပျော်ရွှင်အောင်ထားဖို့ လူဟာ ဆင်းရဲချမ်းသာမှုဆိုတာ မတွေးမိတာ အမှန်ပဲ... မောင့်ကို ပိုက်ဆံမရှိမှန်း သိသားပဲ... ဒါပေမဲ့ အထင်မှမသေးခဲ့တာ... ကိုယ့်ကုသိုလ်ကိုက ငမွဲနဲ့မတွေ့ဖို့ ကံပါလာတာပဲလေ"

"သိပ်လည်း အထင်မကြီးနဲ့အုံးလေ... ကြမ်းကျံုးရင် နှုတ်လို့ရတယ်... စကားကျံုးရင် နှုတ်လို့မရဘူးဆိုတဲ့စကားအတိုင်း မောင်စကားကျံုထားပြီးပြီ... အဖိုးအဖွားပိုင်တဲ့ ဒီခြံတွေ တိုက်တွေရောဘကြီးနဲ့ ကြီးဒေါ်ပိုင်တဲ့ ဒီခြံကြီးထဲက မြန်မာ့ဆေးဝါးလုပ်ငန်း အမွေအနှစ်နဲ့ အတွင်းပစ္စည်းအားလုံးကို 'ကေခိုင်' တစ်ယောက်တည်းပဲ ခံစားခွင့်ပေးပြီးသွားခဲ့ပြီ"

"အံ့မယ်လေး ပေးလိုက်စမ်းပါ မောင်ရယ်... မမအခွက်ကလည်း သိတဲ့အတိုင်း... အဖွားအမွေ မိဘအမွေတွေ နောက်ဘဝ



www.burmeseclassic.com

www.burmeseclassic.com


အထိသုံးမကုန်ပါဘူးနော်... မမက်ပါဘူးနော်... ဖိနပ်တစ်ရံဝယ်မစီးနိုင်မှန်းသိလျှက်နဲ့ ချစ်ခဲ့တဲ့သူပါနော်"

"ဟာ ပေါ်ပြီ... အဲ့ဒီအချိန်တည်းက ချစ်နေတာပေါ့လေ"

"ဟင့်အင်း... အဲ့ဒီအရင်တည်းက ဝရံတာမှာထိုင်ပြီး လူကိုအူကြောင်ကြောင်နဲ့ ကြည့်နေတည်းက ချစ်နေခဲ့တာ.. ပြော မောင်ကရော ဘယ်အချိန်က စချစ်ခဲ့တာလဲ"

"မမ ထက်ပိုစောတယ်... ဝရံတာပေါ်ကနေ ကားပေါ်ကခြေနှစ်ဖက်ချလိုက်တဲ့ အချိန်တည်းက စိတ်ဝင်စားပြီး... ဟိုလူဒီလူတွေ ပန်းစည်းပန်းခက်တွေ လိုက်ပေးတာမြင်ရတည်းက သဝန်တိုခဲ့ရတာ"

"တော်ပါ... ခုမှ လာပိုမနေပါနဲ့... အစတုန်းကဖြင့် မခုတ်တတ်တဲ့ ကြောင်လိုလိုဘာလိုလိုနဲ့"

"ခုတော့ စားနေကျ ကြောင်ပါးကြီးလို့ ထင်သွားပြီလား"

"ဟင် မောင်က ဘယ်နှစ်ကောင် စားဖူးလို့လဲ"

"ဒီတစ်ယောက်တောင် ချောလဲရောထိုင် မိတာပါ... ပွဲလန့်တုန်း ဖျာဝင်ခင်းမိတာပါ"

"ကဲ 'နွယ်' ကိုကျတော့ အချစ်ဦးမို့ မြေဦးရတဲ့အထိ မမေ့ဘူးဆိုရင်ကော"

"အချစ်ဦးလည်း မဖြစ်ဖူးဘူး... အချစ်လည်း မရှုးခဲ့ဖူးဘူး— သူကသာ ကိုယ့်အပေါ် အတင်းတွယ်တာခဲ့ပြီး ကိုယ့်ထက်သာတဲ့ လူနောက် ပါသွားခဲ့တာ"

"ဘာပဲဖြစ်ဖြစ် မမကတော့ 'ကိုဇော်' ကို လုံးကြီးတွေအတင်း စီစဉ်လို့ စောင့်မျှော်မိခဲ့တာကလွဲရင် လာလို့လဲရင်မခုန်ဘူး— လာလို့လည်း ရင်မတုန်ဘူး"

"မောင့်ကို ကျတော့ရော"


www.burmeseclassic.com

www.burmeseclassic.com



"ဝေးရမှာ ကြောက်လွန်းလို့ ဖြစ်ချင်ရာဖြစ်ဆိုပြီး မိုက်လုံးကြီးခဲ့တာ လက်တွေ့ပဲလေ"

"နောင်တရနေတာလား... အတင်းလာပြန်ခေါ်သွားရင်လိုက်သွားမှာလား"

"အပျိုမှ မဟုတ်တော့တာ... လက်ထပ်ပေးမယ်ဆိုရင်တော့ လိုက်မှာပေါ့"

"ညာခေါ်သွားပြီး ခွဲပစ်ရင်ကော"

"ဘယ်ရမှာလဲ... ပြန်ထွက်ပြေးလာမှာပေါ့... မောင်နဲ့တွေ့မှ မချစ်တတ်လာတာ... ရင်ခုန်လာတာ"

"ဟုတ်လား... ဘယ်နားက ခုန်တာလဲ... နားထောင်ကြည့်ရအောင်"

မိန်းမဖြစ်သူ၏ ဘယ်ဘက်ရင်အုံကို နားဖြင့်ဖိကပ်ထားပြီး နားထောင်နေစဉ်...

" 'ကိုကိုမောင်' ရေ... ခြံရှေ့မှာ အဖွားကြီးတစ်ယောက် လာချောင်းနေတယ်တော့"

ထိုအသံကြောင့် လင်မယားနှစ်ယောက် အပေါ်ထပ်မှပြန်ချောင်းကြည့်ကြသောအခါ...

"ဟယ် ဟုတ်ပါရဲ့... ဖွားဖွားပါလား"

ထွက်တွေ့ဖို့ ပြင်နေသဖြင့်...

"ထွက်တွေ့လို့ ဖြစ်ပါ့မလား မ ရာ... 'ကေခိုင်' ရေ မရှိဘူးလို့... ဟန်းနီးမွန်းထွက်သွားကြတယ်လို့ ပြောလိုက်"

ယောကျ်ားလုပ်သူက အတင်းဆွဲခေါ်ပြီး၊ တံခါးပိတ်ထားလိုက်သဖြင့် ဖွားအေကို တွေ့ချင်ပါသော်လည်း၊ မျက်ရည်သုတ်ရှိုက်ငိုမိနေလိုက်ရသည်။ 'မောင်မောင်ခင်' က ခြံရှေ့ရှိ မြင်ကွင်းကိုချောင်းနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



'ကေခိုင်' ပြောနေတာကို 'ဖွားလွန်း' ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေပြီးနောက်၊ 'ဖွားလွန်း' က 'ကေခိုင့်' ကျောကလေးကို ပွတ်လိုက်၊ ခေါင်းကလေးကို ပွတ်လိုက် လုပ်နေသလို၊ 'ကေခိုင်' က လည်း ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေပါသည်။

"ဩော် မမ ငိုနေတယ်ဟုတ်လား... ဖွားဖွားနဲ့ သိပ်တွေ့ချင် နေရင်လည်း တွေ့ပါ... မငိုပါနဲ့"

လင်ဖြစ်သူ၏ စိတ်ဓါတ်ကို တစ်ပတ်လောက်ပေါင်းသင်းယုံ သုံးလခန့် ခင်မင်ယုံဖြင့် နည်းနည်းတော့ အကဲခတ်မိသည်။ သူ မကြိုက်တာလုပ်လျှင် မျက်လုံးတွေ တဖျတ်ဖျတ်လက်ပြီး နှုတ်ခမ်း တင်းတင်းစေ့ပြီး၊ အရွဲ့တိုက်တတ်သူ။

'သကြ်န့်' ကို အတင်းဆွဲခေါ်နေသဖြင့်...

"ဟင့်အင်း... မောင် မတွေ့စေချင်ရင် မတွေ့တော့ပါဘူး"

"ဟာ တွေ့စေချင်လို့ တွေ့ပါလို့ ပြောနေပြီပဲကွာ... လာလာ"

'သကြ်န့်' လက်ကို အတင်းဆွဲခေါ်ခဲ့သလို...

" 'ကေခိုင်' ရေ... ဖွားဖွားကိုခေါ်လိုက်... ဖွားဖွားနဲ့ ပြောစရာ ရှိတယ်"

ထို အသံကျယ်ကြီးကြောင့် ဖွားဖွား ဝမ်းသာအားရဖြင့် 'သကြ်န်' တို့ရှိရာ ပြေးလာခဲ့ပါသည်။

" 'အတာ' ရယ်... ဖွားဖွား လွမ်းနေမယ်... စိတ်ပူနေမယ်ဆို တာ မသိတော့အောင်ဘဲလားကွယ်"

'သကြ်န့်' ကို ဖက်၍ ငိုနေပြီးမှ...

"ရှိတာမှ ဒီမြေးလေးတစ်ယောက် ရှိတာကွယ်... ဖြစ်ကတတ် ဆန်း ရုံးမှာလက်မှတ်ထိုးတာလေးနဲ့တော့ ဘယ်ပြီးနိုင်ပါမလဲ... ခမ်းခမ်းနားနား လုပ်ပေးချင်သေးတယ်"

"တော်ပါပြီ ဖွားဖွားရယ်... ပေါင်းရမှာက မောင်နဲ့ 'အတာ'



www.burmeseclassic.com

www.burmeseclassic.com



နဲ့ပါ... တစ်ယောက်ကိုတစ်ယောက်ချစ်ပြီး ပတ်ဝန်းကျင်က အကြင်လင်မယားအဖြစ် အသိအမှတ်ပြုရင် ပြီးတာပါပဲ... 'အတော့' ကိုလွှမ်းရင် ဖွားဖွား ဒီမှာလာနေလည်း ရတယ်... နေ့တိုင်းလာလည်း ရတယ်... တစ်ပတ်တစ်ခါလာလည်း ရတယ်"

"မဟုတ်တာ... သမီးတို့လင်မယား ဟိုမှာလိုက်နေရင် ပြီးတာပဲ မဟုတ်လား... အခုတစ်ခါတည်းပဲ လိုက်ခဲ့ကြလေ"

လင်မယားနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် လှမ်းကြည့်မိကြသည်။

"လိုက်မှာလား မောင်"

"ဒီမှာလည်း နေစရာတွေ အများကြီးပါ ဖွားဖွား... မ ကိုတွေ့ချင်ရင် နေ့တိုင်းလွှတ်ပေးပါ့မယ်... အိမ်တက်သမက်တော့ မလုပ်ပါရစေနဲ့... ပစ္စည်းမက်တယ်လို့ အပြောမခံနိုင်လို့ပါ"

"မာနမကြီးပါနဲ့ကွယ်... ယူပြီးမှတော့ ကိုယ့်မြေးပဲပေါ့... ဒီလိုလုပ်လေ... ဟိုတစ်ပတ် ဒီတစ်ပတ်နေကြပေါ့... မင်္ဂလာဆောင်ကို အကြီးအကျယ် မလုပ်ချင်ရင်တောင် နည်းနည်းပါးပါးတော့ လုပ်ကြပါကွယ်... နက်ဖြန်အိမ်ကို လာလည်ကြလေ... ညဘက်မှ ပြန်ကြပေါ့"

"ဟုတ်ကဲ့ ဖွားဖွား"



www.burmeseclassic.com

www.burmeseclassic.com


## ၁၅

အဖွားနှင့်မိဘများက မိမိယောက်ျားကို ကြည်ဖြူစွာ လက်ခံကြသဖြင့် 'အတာ့' ရင်ထဲတွင် ကျေနပ်ပြီး၊ ပျော်နေပါသည်။

မနက်ဆိုလျှင် အိမ်ကကားလွှတ်ပေးသည်။ ညနေဆို ပြန်ပို့ပေးသည်။ ပထမ သုံးလေးရက် 'မောင်မောင်ခင်' လိုက်သော်လည်း နောက်ပိုင်း မလိုက်ဖြစ်တော့။

လဝက်ပင် ကျိုးခဲ့ပြီ။

ခါတိုင်းနေ့တွေလို 'မောင်မောင်ခင်' က ခြံထဲတွင် လမ်းလျှောက်ရင်း မိန်းမပြန်လာမည့် ဂိတ်ဝကိုမျှော်နေပါသည်။

'သကြ်န်' တစ်ယောက်၊ ပိတ်ဆို့ခြင်းကို ခံနေရပြီဆိုတာ 'မောင်မောင်ခင်' မှ မသိရှာပဲကိုး။

မိဘနှစ်ပါးနှင့် အဖွားအပြင်…


www.burmeseclassic.com

www.burmeseclassic.com



'ကိုဇော်' ၏ မိဘနှစ်ပါးနှင့် အဖွားကပါ ထွက်ပေါက်မရှိအောင် ပိတ်ဆို့ထားကြခြင်းဖြစ်သည်။ 'သကြင်န်' က မျက်ရည်ပေါက်ကြီးငယ်ဖြင့် လက်အုပ်ချီရင်း...

"ဒီကိစ္စကတော့ လုံးဝမဖြစ်နိုင်တော့လို့ပါ... 'ကိုဇော်' အတွက် 'အတာ' အချိန်တွေ အများကြီးပေးခဲ့ပြီးပြီပဲ... သူများ မယားဖြစ်မှ ပြန်လုတာ မကောင်းပါဘူး... ပြီးတော့ 'အတာ' မှာ ကိုယ်ဝန်ရှိနေလို့ပါ"

မိခင်ဖြစ်သူ 'ဒေါ်မေပွင့်' က ညှော်ခန်းထဲတွင် ခေါင်းတုံ့ခေါက်ပြန်လျှောက်နေရင်း...

"သမီးလေး လိမ္မာပါတယ်ဆိုပြီး အလို လိုက်ထားခဲ့တာ ယောင်းမမြင်းစီးထွက်သွားလိုက်တာ... မိဘမျက်နှာတွေလည်း မထောက်ဘူး... အဖွား မျက်နှာလည်း မထောက်ဘူး... လုပ်ချင်တာ လုပ်ပြီးပြီပဲ... ကျေနပ်တော့ပေါ့အေ... ပျက်ရင်အစဉ် ပြင်ရင်ခဏတဲ့... ကိုယ်ဝန်ဆိုတာကလည်း ထိန်တာလောက်ပဲ ဖြစ်မှာပါ...

ဆေးထိုးရင်ရတာပဲ... ဒီအချိန်ထိ ဘာကြောင့်အတင်းဖျက်နေရသလဲဆိုတာ သမီးသိအောင် ပြောပြမယ်... လူမှာအမျိုး ကြက်မှာအရိုးဆိုတဲ့စကားလည်း သမီး ကြားဖူးတာပဲ... သမီးယောကျ်ားဟာ သာမန် ဆင်းရဲတာမျိုးဆိုရင် သဘောမတူစရာ မရှိပါဘူး... ငါ့သမီးသိပ်ချစ်ရင် ပေးစားလိုက်ယုံပဲ... ကိုယ့်မှာ လုပ်ငန်းကြီးတွေ ရှိနေတာပဲ... ဝင်လုပ်ခိုင်းလိုက်ယုံပဲ"

"သူတို့ မဆင်းရဲဘူး မေမေရဲ့... ချမ်းသာတယ်"

'ဒေါ်မေပွင့်' က ဆက်မပြောရန်၊ လက်ရော ခေါင်းပါခါပြရင်း...

"တကယ်တော့ ချမ်းသာတိုင်းလည်း လက်မခံနိုင်ဘူး သမီးရဲ့ မေမေတို့ထက် အဆပေါင်းများစွာ ချမ်းသာခဲ့ရင်တောင် သဘောတူ



www.burmeseclassic.com

www.burmeseclassic.com


လို့မဖြစ်ဘူး သမီးရဲ့... ဘာဖြစ်လို့လဲဆိုတော့ 'မောင်မောင်ခင်' ဟာ လူသတ်မှုနဲ့ ထောင့်ကျခဲ့ဖူးလို့ပဲ... ဆယ်နှစ်ကျတာ... ရှစ်နှစ်နဲ့ပြန်ထွက်လာခဲ့တယ်...

သူသတ်တဲ့လူကလည်း ဘကြီးအရင်း... သူ တောင်းတဲ့ပိုက်ဆံ မပေးရကောင်းလားလို့ ဓါးနဲ့အပိုင်းပိုင်း ခုတ်သတ်ထားတာ အိမ်နီးနားချင်းတွေ အပြောအရ 'မောင်မောင်ခင်' ဟာ တစ်ခါတစ်ခါ ကြောက်စရာကောင်းလောက်အောင် စိတ်ဖောက်ပြန်တတ်တယ်တဲ့"

'ဟင် မဖြစ်နိုင်ဘူး... မယုံနိုင်ဘူး... ဒါ လုပ်ကြံပြောတာ"

"ခက်ပါလား 'အတာ' ရယ်... ငါ့သမီးက ရုပ်နုနုကလေးကိုပဲ မြင်တာကိုး... စိတ်ကြမ်းတာကိုတော့ အကဲမခတ်မိဘူးထင်တယ် ဟိုတစ်ခါ အိမ်မှာ အုန်းထမင်းချက်စားတုန်းက သူ ရောက်လာတယ် မဟုတ်လား... ရောက်လာကာစကတော့ ဖွားဖွားလည်း သူ့ရုပ်ကို မြင်ရပြီး... ငါ့မြေးနဲ့လိုက်တယ်လို့ ထင်မိခဲ့တယ်...

ငါ့မြေးစိတ်ချမ်းသာရင် ပြီးတာပဲ... ကြိုက်ချင်လည်း ကြိုက်ပစေလို့ တွေးမိခဲ့တယ်... ဒါပေမဲ့ ခဏပဲခံတယ်... ရုတ်တရက် 'မောင်ဇော်' ရောက်လာတဲ့အချိန်မှာ သူ့ရဲ့မျက်လုံးတွေက ကြောက်စရာကောင်းလောက်အောင် ပြောင်းလွဲသွားခဲ့တယ်... သူ့ရဲ့နှုတ်ခမ်းအနေအထားကလည်း တစ်ခုခုကို မကျေနပ်မှန်း သိနေရတယ်...

သူ့ရဲ့လက်ချောင်းတွေထဲမှာ လက်မထိပ်ပိုင်းဟာ ကြမ်းတမ်းတဲ့ စရိုက်ကို ဖော်ပြနေတယ်"

"ဟာ ဖွားဖွားတို့က ချဲထိုးသလို ဖြစ်နေတာပဲ... ပေါက်မှပေါ်ကုန်တာပဲ... သူများဆီက နားစွန်နားဖျားကြားရတာလေးနဲ့ ဒီလိုလို့ပြောလားဘာလား မသိဘဲနဲ့... သူများသားသမီးကို မြီးခြုတ် မပြောပါနဲ့... ဘယ်သူပြောမယ်ဆိုတာလည်း 'အတာ' သိ


www.burmeseclassic.com

www.burmeseclassic.com



တယ်"

"ကဲ ဘယ်သူပြောတယ် ထင်လို့လဲ"

"'နွယ်'... 'တင်လေးနွယ်'... ဟောဒီ 'ကိုဇော်' နဲ့တိတ်တိတ်ပုန်းလက်ထပ်ထားတဲ့ 'နွယ်'"

ရန်စွယ်ငေါငေါလေးနှင့် စွာနေသော 'အတာ' စကားကြောင့် အားလုံးက ခေါင်းခါပြပြီး...

"'နွယ်' မဟုတ်ပါဘူး... အခု 'မောင်မောင်ခင်' တို့နေတဲ့ ရပ်ကွက်က တရားသူကြီးဟာ 'မောင်ဇော်' တို့နဲ့ အမျိုးမကင်းဘူးလေ... 'အတာ' တို့လက်ထပ်ထားတာလည်း တရားမဝင်ပါဘူး... 'မောင်မောင်ခင်' ရဲ့ နောက်ကြောင်းကို သိထားလို့ မိန်းကလေး နစ်နာမှာစိုးလို့ စာချုပ်အတုပဲ လုပ်ပေးလိုက်တာ...

'နွယ်' ကိစ္စက လည်း တိတ်တိတ်ပုန်းဘဝနဲ့ပဲ ပြီးသွားမှာပဲ... အစတည်းက 'အတာ' နဲ့ ပေးစားမယ်လို့ ပြောထားပြီးသားပဲ... သူမိုက်ရင် သူခံပေါ့"

"အို 'အတာ' တော့ 'မောင်မောင်"က လွဲရင် ဘယ်သူနဲ့မှ မယူနိုင်ဘူး... တစ်ယောက်ဆို တစ်ယောက်ပဲ... အတင်းစီစဉ်ရင် ထွက်ပြေးမှာပဲ... သတင်းစာထဲမှာလည်း ကြေငြာပြီးပြီပဲ"

"ကိုယ့်အလှည့်ကျတော့ မကြေငြာယုံပဲ ရှိတော့တာပေါ့... နှစ်ဖက်ဆွေမျိုးတွေ သိရင်ပြီးတာပဲ"

"အို မဖြစ်နိုင်တာ... လုံးဝ လက်မခံဘူးနော်... သတ်သေပစ်မှာ"

'ကိုဇော်' ၏ မိခင် 'ဒေါ်တင်နုရွှေ' က ပိုက်ဆံအိတ်ကိုကောက်ကိုင်ရင်း ...

"အင်း လောကမှာ တန်မှရကြတာလေ... ငယ်ငယ်ပေးတည်းက တန်မယ်ထင်လို့ စီစဉ်ခဲ့တာ... 'မောင်ဇော်' ကလည်း ပေါက်



www.burmeseclassic.com

www.burmeseclassic.com


လို့ပဲစားမကို ယူတယ်... 'အတာ' ကလည်း တန်တာကို ရှာယူတယ် ဓိကုတ်ပြီး နတ်ပြည်တင်ပေးတာတောင်မှ မြင့်တယ်ထင်ပြီး ခုန်ချချင်ကြတော့ မတတ်နိုင်ဘူး...

ကဲ ကဲ ကာယကံရှင် မကျေနပ်ရင် ဖွတ်မလုပ်ပါနဲ့... သူ့အဖော်နဲ့သူပဲ ကောင်းပါတယ်"

'ဒေါ်တင်နွှေ' ကိုယ်တိုင်လည်း 'အတာ့' ပုံစံကို သိပ်မကြိုက် 'မောင်မောင်ခင်' နှင့် တွေ့ပြီးနောက်ပိုင်း 'မောင်ဇော်' ကို အကပ်မခံတော့တာလည်း ကြားသိထားသည်။

"ကဲ မေမေရေ... မေမေလည်း မြေးချွေးမအဖြစ် 'နွယ်' ကိုသာ လက်ခံလိုက်ပါတော့... 'နွယ်' ကံပေါ့... မေမေ ဘယ်လောက်ချစ်ချစ် 'အတာ' ကမှ လက်မခံတာ... ပြန်ကြရအောင်ပါ"

'ဒေါ်လွန်း' က ဒေါသပုန်ထပြီး...

"'မိတင်နွှေ'... ညည်း ညည်း လွယ်လွယ်လေးနဲ့ ပြောလို့ မရဘူးအေ့... ညည်းသားလည်း လူပျိုမဟုတ်ဘူး... ငါ့မြေးလည်း အပျိုမဟုတ်ဘူး... သဘောမတူရင်ခွဲပြီး ပြန်ပေးစားလို့ရတယ်... ဒီကိစ္စမှာ ညည်းဝင်မပါနဲ့"

'ဒေါ်ဂွမ်း' ကလည်း...

"ဟုတ်တယ်... ငါ 'နွယ်' နဲ့လုံးဝ သဘောမတူဘူး... ဒီကောင်မ အပိုင်ဖမ်းတာ လက်မခံနိုင်ဘူး... 'မောင်ဇော်' ကလည်း 'အတာ' ကိုပဲ လူသိရှင်ကြားလက်ထပ်ယူမယ်လို့ ကတိပေးပြီးသား... ဟုတ်တယ်မဟုတ်လား"

'သန်းဇော်' က ခေါင်းကုတ်၍ ရယ်ရင်း...

"ကျွန်တော်က ဖွားဖွား စိတ်ချမ်းသာစေချင်တာ အမှန်ပဲ... ဒါကြောင့် ဘယ်တော့မှ မငြင်းခဲ့ဘူး"


www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလည်းပြီးရောလေ... ကဲ 'တင်နုရွှေ'... ညည်းတို့လင်မယား ပြန်ချင်ပြန်ကြတော့"



www.burmeseclassic.com

www.burmeseclassic.com



မိုးချုပ်သည်အထိ မိန်းမပြန်မလာသဖြင့် 'မောင်မောင်ခင်' အိမ်ကကားဖြင့် လိုက်ခေါ်ပါသည်။

'မေသကြာန်' တို့ခြံထဲတွင် 'သန်းဇော်' တို့ကားကို မြင်လိုက်ရသဖြင့် ရင်ထဲတွင် တင်းကနဲ ဖြစ်သွားရတော့သည်။

သို့သော် ကားကလေး ပြန်ထွက်သွားရာတွင် 'သန်းဇော်' ၏ မိဘနှစ်ပါးသာ ပြန်ပါသွားသဖြင့် စိတ်အေးသွားသည်။ မိတ်ဆွေတွေဖြစ်၍ လာလည်ပုံရသည်။

ခြံထဲသို့ ကားဝင်လာသံကြားသဖြင့် 'ဒေါ်လွန်း' ပြာယာခတ်သွားသည်။

"ဟဲ့ ဟဲ့ ဟိုကောင်လာနေပြီ… 'မောင်ဇော်' နဲ့ 'အတာ' ကို ဖွက်ထားလိုက်စမ်း"

"'ဖွားလွန်း' ကလည်း ဘာပုန်းနေစရာလိုလဲ… ဒါကိုယ့်အိမ်ပဲ… ပြန်မထည့်နိုင်တော့ဘူး ပြောလိုက်ပေါ့… ကျွန်တော်နဲ့ပဲ လက်



www.burmeseclassic.com

www.burmeseclassic.com



ထပ်ဖို့ စီစဉ်ပြီးသားမို့ မဖျက်နိုင်တော့ဘူးလို့ ပြောလိုက်ပေါ့"

ထိုစဉ် 'အတာ' အိမ်ရှေ့သို့ထွက်ပြေးဖို့ပြင်သဖြင့် ...

"ဖမ်းထား... မိအောင်ဖမ်း... ဒါကြောင့် မင်းကို အိမ်ထဲမြန်မြန်ဝင်လို့ ပြောနေတာပေါ့... ကျန်တာ ငါကြည့်ပြောမယ်"

'အတာ' ရုန်းကန်အော်ဟစ်နေသဖြင့် 'ကိုဇော်' က ပါးစပ်ကို အဝတ်နှင့်စည်းပြီး လက်တွေ၊ ခြေတွေကိုပါ ချည်နှောင်ထားလိုက်သည်။

"ကျွန်တော့် မိန်းမကို လာခေါ်တာပါ ဖွားဖွား"

"ဟင် 'အတာ' ပြန်သွားပြီပဲ... ဒီနေ့ စောစောပြန်မယ်ဆိုလို့ ပြန်ပို့ပေးလိုက်တယ်လေ"

"ဟင် ဟုတ်လား... ရောက်မလာဘူး ဖွားဖွား... သူ့ကိုခြံထဲထိရောက်အောင် လာမပို့တာတော့ အမှန်ပဲ... ကျွန်တော့် တစ်နေကုန် ခြံမှာရှိနေတာပဲ"

"ဒီကလေးမ ဘာစိတ်ကူးပေါက်ပြီး ဘယ်တွေလျှောက်သွားနေလဲ မသိပါဘူး... မင်းတို့အိမ်များ ပြန်ရောက်နေပြီလား မသိပါဘူး... သွား ကြည့်လိုက်ပါအုံး... ဖွားဖွားလည်း သူ့အပေါင်းအသင်းတွေ အိမ်လိုက်စုံစမ်းပြီး တွေ့ရင်ပြန်လွှတ်ပေးမယ် ကြားလား"

'မောင်မောင်ခင်' အိမ်ကို ပြန်ရောက်လာသည်။

မိန်းမ ပြန်မရောက်သေးသဖြင့်၊ စောစောကထက် ပိုစိတ်ပူသွားသည်။ မမသည် ဤအချိန်ထိ လည်ပတ်မည့်သူ မဟုတ်။ မိမိမျှော်နေမှာကို သိသည်။ ပြီးတော့ မိမိနှင့် တခဏလေးပင် ခွဲချင်သူမဟုတ်။ သူ့မိဘအိမ်မှာ လိုက်နေဖို့ ခေါ်ဖူးသည်။ ညမအိပ်ချင်လျှင်လည်း တစ်နေကုန်နေပြီး ညကျမှ အတူပြန်ဖို့ အမြဲပြောသည်။ မိမိကလည်း သူများအိမ်တွင် မနေလို။ ပစ္စည်းမက်၍ယူသည်ဟု အပြောမခံနိုင်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် 'ဖွားလွန်း' နှင့် ယောက္ခမများက သဘောကောင်းကြသည်။ ရှေ့လဆန်းတွင် မိမိတို့လင်မယားကို ဆိုင်သစ်တွင်ထိုင်ဖို့ ပြောနေကြပြီ။ မိမိကတော့ ဘိုးဘွားလက်ငုတ်လက်ဖြစ်သည့် ဆေးလုပ်ငန်းကိုသာ ပြန်လုပ်ချင်သဖြင့် မမက စိတ်ကောက်နေသည်။

ဤကိစ္စကြောင့် စိတ်ကောက်နေတာများလား။

ယခင်က မိန်းမတစ်ယောက်ကို ယခုလိုတွယ်တာ မက်မောတပ်မက်မိမည်ဟု မထင်ခဲ့ပါ။ ယခုတော့ တွေ့ချိန်တန်မတွေ့ရသဖြင့် ရင်တွေပူနေပြီ။ စိတ်တွေ အရမ်းလှုပ်ရှားနေပြီ။ ညဦးနက်သည်အထိ ပြန်မလာဘူးဆိုသော ဖြစ်ရပ်က မိန်းမ၏ ပင်ရင်းစိတ်ဓါတ်မဖြစ်နိုင်ပါ။

သူမ မိမိကို မည်မျှချစ်သည်ဆိုတာ မိမိအသိဆုံး။ အခုပိုပြီးသိနေရတာကတော့ သူမကို မိမိမည်မျှတွယ်တာတပ်မက်နေပြီဆိုတာပါပဲ။ သူမကို မတွေ့ရသဖြင့် စိတ်တွေလှုပ်ရှားပြီး ထိုင်၍ပင်မရ။

" 'ကိုကိုမောင်' ထမင်းလာစားလိုက်အုံးလေ"

"ဟာ တစ်ညနေလုံး ထမင်းပဲစားခိုင်းနေတာပဲ... မစားဘူးတာကျနေတာပဲ... ဒီမှာ မိန်းမပြန်မလာလို့ စိတ်မောနေတယ်ဆိုတာ နားမလည်ဘူးလား"

"မေမေက ဗိုက်ဆာရင် ပိုစိတ်တိုမှာစိုးလို့တဲ့... တစ်ခုခုစားထားရင် စိတ်လှုပ်ရှားတာ သက်သာတယ်တဲ့"

"ဟာကွာ... မစားပါဘူးဆိုတာ တယ်လျှာရှည်ပါလား... ငါ ထိုးမိတော့မယ်နော်"

လက်သီးပါရွယ်နေသဖြင့် 'ကေခိုင်' မျက်နှာလေး ထိတ်လန့်ကြောက်ရွံ့မှုကြောင့် ဖြူဖွေးသွားသလို...

"ဟဲ့ 'မိကေ'... လာ လာ သူမစားဘူးဆိုလည်း နေပစေတော့



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့တော့"

သမီးဖြစ်သူ အိမ်ထဲရောက်သည်နှင့် 'ဒေါ်ခင်သန်းဆင့်' က တံခါးကို ဂျက်ချထားလိုက်တော့သည်။

"သူ့မိန်းမ ပြန်ရောက်မလာရင်တော့ ဘုန်းကြီးအမှု ရွာပတ်တော့မှာပဲ... မနက်မိုးလင်းလို့မှ ပြန်ရောက်မလာရင် ငါတို့သားအမိ မင်္ဂလာဒုံအိမ် သွားနေမှထင်တယ်... ဟိုမှာက အရေးအကြောင်းရှိရင် 'ကိုလှသိန်း' က ကူညီဖော်ရသေးတယ်"

"အံမယ်လေး... မသွားပါနဲ့ အမေရာ... အမေ့ကို 'ဦးလှသိန်း' နဲ့ရောတာမှ မကြိုက်တာ... တစ်ပူပေါ် နှစ်ပူဆင့်နေပါအုံးမယ်"

"ဒုန်း ဒုန်း ဒုန်း"

"ဟဲ့ ဘယ်သူလဲ"

"ကျွန်တော်ပါ... ဘာဖြစ်လို့ တံခါးပိတ်ထားတာလဲ"

သားအမိနှစ်ယောက် တံခါးဖွင့်ဖို့ ကြောက်နေကြသည်။

"ဖွင့်ပေးလေဗျာ"

သမီးကို အပေါ်ထပ်တွင် တံခါးပိတ်၍နေရန် ပြောပြီးမှဖွင့်ပေးခဲ့သည်။

"ဘာလဲ 'မောင်မောင်'... ဘာလိုချင်လို့လဲ"

"ကျုပ်မိန်းမ ပြန်မလာဘူး... မရှိသားဘူး... အမေတို့ သူမနေချင်အောင်များ လုပ်လိုက်သလား"

"ဟယ် ကြံကြီးစည်ရာ... ငါတို့က မင်းမမကို ဒီလောက်ချစ်တာ"

"ချစ်ရင် လိုက်ကူရှာပေးလေဗျာ"

"အမေတို့ဖြင့် မမအိမ်ကိုတောင် သိတာမဟုတ်ဘူး... မနက်ကျလို့မှ ပြန်ရောက်မလာရင် မမတို့ မိဘတွေနဲ့ တိုင်ပင်ပြီး သက်ဆိုင်ရာတွေကို အကြောင်းကြားပြီး ရှာဖွေကြည့်ခိုင်းအုံး"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့် စိတ်ထင်တော့ သူတို့အိမ်ကများ အချိုသတ်နဲ့ ခွဲလိုက်တာလား မသိဘူး"

"ဟုတ်ပါ့မလား... မင်းတို့ပေါင်းနေတာ နှစ်လာတောင်ပြည့်တော့မယ်"

"တချို့ နှစ်ချီပြီးရင်တောင် ခွဲသေးတာ"

"ဒါဆိုလဲ မင်းဘာလို့ ဟိုကိုလွှတ်လိုက်သေးလဲ သားရယ်... စိတ်မချရင် ကိုယ့်မိန်းမကို ကိုယ်နဲ့အတူ ပြန်ခေါ်လာခဲ့ရမှာပေါ့"

"ဟုတ်တယ်နော်... ကျွန်တော်ကို အယုံသွင်းပြီးမှ သတ်တာ ကျွန်တော် သဘောပေါက်ပြီ... ဒါမျိုးလုပ်လို့တော့ ဘယ်ရမလဲ... အခု လိုက်သွားမယ်"

အရူးတစ်ယောက်လို အော်ဟစ်ပြောပြီး၊ ပြေးထွက်သွားသဖြင့်

"သားရေ... သူများအိမ်မှာ သွားမသောင်းကျန်းနဲ့နော်... ကိုယ့်ပိုင်နက်မဟုတ်ရင် အဖမ်းခံရမှာ... စိတ်အေးအေးထားပြီး ဖြေရှင်းနော်"

မိခင်ကြီး၏ အော်သံကို 'မောင်မောင်ခင်' ဂရုမစိုက်တော့ပါ။ ပြေးထွက်ပျောက်ကွယ်သွားခဲ့ပြီ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



# ၁၆

"ငါ့မြေးလေး ကလောက အမျိုးတွေဆီမှာပဲ စိတ်ပြေလက်ပျောက် သွားနေလိုက်အုံး... ဗုဒ္ဓဘာသာမို့ လူ့အသက်တစ်ချောင်းကို ဘယ်သတ်ချင်ပါ့မလဲ... သမီးကိုယ်ဝန်ဆိုတာက ထိန်တာလေးကပ်ပဲ ရှိသေးတယ်... အသက်မဖြစ်သေးဘူး... 'ဖော့' ကို မယူချင်ရင်လည်းနေ... 'မောင်မောင်ခင့်' ကိုတော့ လုံးဝ ပြန်မပေါင်းနဲ့တော့နော်...

လူသတ်ဖူးတဲ့လူဟာ နောက်တစ်ခါ ပြန်မသတ်ဘူးလို့ မပြောနိုင်ဘူး... သတ်ရဲသွားပြီလေ... ဘကြီးအရင်းကိုတောင် သတ်ရဲတယ်ဆိုတော့ သွေးသားအရင်းအခြာတွေကိုရော သူနဲ့ပတ်သက်နေတဲ့သူတွေကိုရော သူ့စိတ်ထဲမှာ မကျေနပ်တဲ့အချိန်ဆို ထပ်မလုပ်ဘူးလို့



www.burmeseclassic.com

www.burmeseclassic.com


မပြောနိုင်ဘူး...

ဒီလို လူကိုဆက်ပေါင်းရင် မြေးအတွက် အမြဲစိတ်ပူနေရတော့မှာ... ဒီအတွက် ခွဲရတာပါကွယ်... ငါ့မြေး နှစ်သက်နေမှန်းသိလို့ ဆင်းရဲမှန်းသိတာတောင် ဖွားဖွား အိမ်ထဲအဝင်ခံခဲ့တာပဲ မဟုတ်လား"

"ဖွားဖွားရယ်... ကိုယ်ယူမိတဲ့ ယောကျ်ားဟာ ကိုယ့်လက်ထဲရောက်မှတော့ နူနူဝဲဝဲ ကျိုးကျိုးကန်းကန်း ဆိုးဆိုး ကိုယ့်ကံပါပဲ... အတင်းမခွဲပါနဲ့... သူ့ကို မတွေ့ရရင် မနေနိုင်လို့ပါ... သူလည်း ခုလောက်ဆို ရှာမတွေ့လို့ ဒေါသူပုန်ထနေလောက်ပြီ"

"သူ့အကြောင်းတော့ တွေးမနေနဲ့တော့ 'အတာ'... ဖွားဖွားတို့ လုံးဝ စိတ်မဝင်စားဘူး... မနက်ဖြန် သတင်းစာထဲမှာ သူနဲ့ကွာရှင်းတဲ့သတင်းပါလာရင် သဘောပေါက်သွားမှာပါ"

"ဟင် ဘာတွေလျှောက်လုပ်တာလဲ ဖွားဖွား ရဲ့"

"ဟုတ်တယ်... ငါလက်နဲ့ရေးတာကို ညည်းလည်း ခြေနဲ့ဖျက်ခဲ့တာပဲ မဟုတ်လား... မိဘဘိုးဘွားမျက်နှာကို လွယ်လွယ်လေးနဲ့ အိုးမဲသုတ်ခဲ့တာပဲလေ... ဖိတ်စာတွေဝေပြီးမှ ညည်း အရှက်ခွဲခဲ့တာလေ... ငါ့ မေတ္တာကို ညည်း မစော်ကားနဲ့... ခု လူသတ်သမားထောင်ထွက်နဲ့ ရခဲ့ပေမယ့် ညည်းတစ်သက်လုံး မျက်နှာငယ်စိတ်ဆင်းရဲနေရမှာကိုတော့ ငါ မလိုလားဘူး"

"အိုး 'အတာ' ကတော့ မျက်နှာမများဘူးနော်... 'ကိုဇော်' ကို လုံးဝမယူဘူး... ငရုပ် ငပွေကြီး"

"ရတယ် မယူနဲ့... လူသတ်သမားနဲ့လည်း ပြန်မပေါင်းနဲ့... နက်ဖြန် ကလောသွားရမယ်... ထွက်ပြေးဖို့ မစဉ်းစားနဲ့... အစောင့်တွေရှိတယ်"

ဟုတ်ပါသည်။ အိမ်ခန်းပြတင်းများကို လိုက်ကြည့်သူတွေချောင်း


www.burmeseclassic.com

www.burmeseclassic.com



သော့တွေခတ်ထားသည်။ အိပ်ခန်းတံခါးမကြီးကိုလည်း သော့ခတ်ပြီး စက်ရုံမှ အလုပ်သမားလင်မယားကို ခေါ်စောင့်ခိုင်းထားသည်။

'သကြ်န်'က အလုပ်သမားတွေကို နည်းမျိုးစုံနှင့် စည်းရုံးနေကြောင်း ကြားရသည်။ အပြင်ထွက်ပြေးဖို့ အကြမ်းကိုင်သဖြင့် ဖွားဖွားက မိသားစုဆရာဝန်ခေါ်ပြီး အကျိုးအကြောင်း ရှင်းပြသည်။

စိတ်ငြိမ်ဆေးတိုက်ရန်၊ အားဆေးထိုးပေးရန် စီစဉ်သောအခါ ရုန်းကန်သတ်ပုတ်သလို လုပ်လာသဖြင့် ချုပ်နှောင်၍ ထိုးကြရသည်။ ဆေးရှိန်တက်လာမှ ငြိမ်သွားတော့သည်။

'မောင်မောင်ခင်' ရောက်လာတော့ ညတစ်နာရီခွဲ ရှိပြီ။

'မေသကြ်န်' တို့ အိမ်ရှေ့တည့်တည့်ရှိ သစ်ပင်ကြီးအောက်တွင် ငြိမ်သက်စွာ ထိုင်နေခဲ့သည်မှာ နာရီဝက်ပင် ရှိခဲ့ပြီ။

ကားတစ်စီး ဝင်တာ၊ ထွက်တာတွေ့ရသည်။

အခြေအနေ စောင့်ကြည့်နေသေးသည်။ ဆေးအိပ်ကို မြင်ရသဖြင့် ဆရာဝန်မဆိုဂာ တွေးမိပြီး၊ မိန်းမဖြစ်သူများ နေမကောင်း၍လားဟု ထူပူပြီး ချက်ချင်း ခြံဝရောက်သွားခဲ့သည်။ ခြံစောင့်ကအဝင်မခံသောအခါ ဒေါသကို မထိန်းနိုင်တော့ပါ။

"ငါ့မိန်းမ ဒီအိမ်ထဲမှာရှိတာ ငါသိတယ်... ငါ့မိန်းမနဲ့ လာတွေ့တာ... မနက်ကျမှ လာခိုင်းရအောင် ငါကလူစိမ်းလား... ဒီအိမ်ထဲ နေ့တိုင်းဝင်ထွက်နေတဲ့ ကောင်ကွ"

"ဟုတ်ကဲ့... ကျွန်တော်ထပ်ပြီး သွားပြောပေးပါ့မယ်... 'ကိုမောင်မောင်ခင်' ခဏစောင့်နေပါနော်"

"ဒီတစ်ခါပြန်လာလို့ တံခါးဖွင့်မပေးရင်တော့ ငါ ခြံကျော်ပြီး ဝင်မှာနော်"

အထဲဝင်သွားသော ခြံစောင့်က တော်တော်နှင့် ပြန်ထွက်မလာသဖြင့်၊ သည်းမခံနိုင်တော့ဘဲ 'မောင်မောင်ခင်' ခြံကို ကျော်တက်ပါ



www.burmeseclassic.com

www.burmeseclassic.com



တော့သည်။

"ဟော့လူ… အခု ပြန်ဆင်းပါ… ညကြီးအချိန်မတော် သူများခြံကို ကျော်ဝင်ရင် ဘာဖြစ်မလဲဆိုတာ မသိဘူးလား"

"ကျုပ် ဒီအိမ်က သားမက်ဗျ"

"အဲ့ဒါ ရုံးခန်းကျမှ ရှင်းကြပါ… ဒီအိမ်က ဖုန်းလှမ်းဆက်ထားတယ်… တွေ့ချင်ရင် မနက်ကျမှလာခဲ့ဖို့ ပြောထားတယ်… ဒီညတော့ တံခါးဖွင့်ပေးမှာ မဟုတ်ဘူး… ရုံးခန်းမှာပဲ လိုက်အိပ်ပါ"

"ဟာ အဓိပ္ပါယ်မရှိတာဗျာ… သားမက်တစ်ယောက်ကိုတော့ တံခါးဖွင့်မပေးဘူးဆိုတာ ဘာသဘောလဲဗျ"

ကားပေါ် အတင်းဆွဲတင်ကြရင်း…

"အိမ်ရှင်တွေက သူတို့မှာ သားမက်မရှိဘူးတဲ့… သူ့မြေးက မပေါင်းချင်တော့ဘူးဆိုပြီး ဒီမှာပြန်လာနေတာ ကြာပြီတဲ့… နက်ဖြန် သတင်းစာထဲမှာ ကွာရှင်းသတင်း ပါလာလိမ့်မယ်တဲ့"

"ဟာဗျာ… အဓိပ္ပါယ် မရှိတာဗျာ… ဒါ သူတို့လုပ်ကြံပြောတာဗျ… ဖယ်ဗျာ ဖယ်"

"ဟော့လူ… ကျုပ်တို့က တာဝန်နဲ့လုပ်နေတာနော်… ထိုးလားကြိတ်လား မလုပ်နဲ့… အပြစ်မရှိဘဲ အချုပ်ထဲရောက်သွားလိမ့်မယ် ခင်ဗျားကို သနားလို့အကြံထပ်ပေးလိုက်အုံးမယ်… သူတို့မကျေနပ်ဘဲ ခြံထဲကျော်ဝင်တာတို့ အိမ်ထဲအတင်းဝင်တာတို့ဘာတို့ သွားမလုပ်နဲ့… ခင်ဗျား ထောင်ထဲရောက်သွားလိမ့်မယ်…

ခင်ဗျားမိန်းမ ခင်ဗျားကိုချစ်ရင် ချက်ချင်း ရောက်မလာရင်တောင် သူ့နည်းသူ့ဟန်နဲ့ လစ်ထွက်လာလိမ့်မယ်… ဒါမျိုးကိစ္စတွေက လောလို့မရဘူး… စိတ်ရှည်ရှည် ထားရလိမ့်မယ်"

'မောင်မောင်ခင်' သဘောပေါက်ပါသည်။

မိမိကို အချုပ်ထဲပို့ဖို့ ကြိုးစားနေကြပြီ။



www.burmeseclassic.com

www.burmeseclassic.com



အံကိုကြိတ်ပြီး ရပ်ကွက်ရုံးတွင် တစ်ညအိပ်လိုက်ရသည်။

"ကဲ ကိုယ့်လူ... ပြန်ချင်ပြန်တော့နော်... ရန်မဖြစ်ဖို့တော့ မှာလိုက်မယ်"

သံယောဇဉ်ကြောင့် မိန်းမ၏အိမ်ရှေ့သို့ ဖြတ်လျှောက်ဖို့ စိတ်ကူးမိသည်။ ရင်ထဲတွင် ခွဲခွာရမည့်အရေးတွေးပြီး စိုးရိမ်သောကတွေကြောင့် မုန်တိုင်းထန်နေပါသည်။

မတွေ့ရဘူးဆိုလေမှ ပို၍ တွေ့ချင်နေပါပြီ။

"ဟင်..."

သူမတို့အိမ်ရှေ့ မရောက်ခင် 'ကိုဇော်' ကားလေးခြံထဲဝင်သွားကြောင်း တွေ့ရသဖြင့် ရမ်းပုံမီးကျဖြစ်ပြီး၊ ခြေကုန်ပြေးလာမိသည်။ ခြံရှေ့နားရောက်ချိန်တွင် 'ကိုဇော်' က ကားပေါ်မှဆင်းသည်။ နှင်းဆီတစ်ခက်နှင့် လက်ဆောင်တစ်ထုပ်ကို ထုံးစံအတိုင်း ကိုင်သွားသည်။

'မောင်မောင်ခင့်' နှလုံးခုန်သံ၊ အသက်ရှူသံတွေက ညံနေပါသည်။ ခြံထဲကိုဝင်ဖို့လုပ်ပြီးမှ ရပ်ကွက်ရုံးက ဆုံးမသံကို ပြန်ကြားပြီး နောက်ပြန်ဆုတ်လိုက်မိသည်။

မိမိကို အချုပ်ထဲ၊ ထောင်ထဲပို့ဖို့ စီစဉ်နေလောက်ပြီ။

သတင်းစာထဲတွင် မိမိကို ကွာရှင်းကြောင်း ပါလာပြီးလျှင် မိမိဘဝသည် မမနှင့်သာ၍ ဝေးဖို့သာရှိတော့သည်။

နှုတ်ခမ်းကိုတင်းနေအောင်စေ့ပြီး၊ လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင်ဆုပ်၍၊ လမ်းလျှောက်နေသော 'မောင်မောင်ခင်' ၏ ပုံစံမှာ နဂိုပုံစံမဟုတ်တော့ပါ။

မျက်လုံးများက အရောင်တဖျတ်ဖျတ်လက်ပြီး၊ ပြုံးသလိုလို လှောင်သလိုလို ဖြစ်လာသည်။

သူ၏ မျက်လုံးထဲတွင် 'နွယ့်' ကို နှင်းဆီတစ်ခက်အမြဲဆက်သော 'ကိုဇော့်' ဟန်ပန်တွေက လှောင်ပြောင်နေသလို...



www.burmeseclassic.com

www.burmeseclassic.com



ကာမပိုင် လင်ယောကျ်ားရှိနေမှန်းသိလျှက်နှင့် ပန်းလက်ဆောင် လာပေးသည့် မြင်ကွင်းကတော့ အသည်းကိုဓါးနှင့်ထိုးတာထက် နာပါသည်။ မိမိနှလုံးသားတွေကို ဆွဲချေပစ်သလို နာပါသည်။

"ဟဲ့ သား... တစ်ညလုံးဘယ်ပျောက်နေတာလဲ... အမေ့ဖြင့်စိတ်ပူလိုက်တာကွယ်"

ခြံဝမှသားကို ပြေးကြိုရင်း ပြောခြင်းဖြစ်သည်။

'မောင်မောင်ခင်' က မိခင်ကို ခပ်ပြုံးပြုံး တစ်ချက်လှမ်းကြည့်ရင်း သူတို့လင်မယားနေသည့် တိုက်ဆီသို့ သွားနေပါသည်။

"သား လက်ဘက်ရည်နဲ့ ထမင်းကြော်လာပို့ပေးရမလား"

ခေါင်းခါပြပြီး အထဲဝင်သွားခဲ့ပြီ။ တံခါးဂျက်ထိုးသံလည်း ကြားရသည်။

"ဟယ် မေမေရေ... ဒီမှာ ကြည့်ပါအုံး... ဘယ်လိုဖြစ်ကုန်တာတုန်း"

'မေသကြိန်'(ခ) အတာက 'မောင်မောင်ခင့်' ကို ကွာရှင်းပြတ်စဲခြင်းသတင်းကို မြင်လိုက်ရသော 'ဒေါ်ခင်သန်းဆင့်' လည်း ပါးစပ်ဟောင်းလောင်း ဖြစ်သွားပြီး...

"ဘုရား ဘုရား... ဒုက္ခပါပဲ... ညည်းအစ်ကို ဒီသတင်းသိပြီး ပြီထင်တယ်... မျက်နှာ မကောင်းဘူး... ဘာပဲဖြစ်ဖြစ် သတင်းစာ ဖွက်ထားလိုက်ရင် ကောင်းမယ်"

"ဟုတ်"

သားအမိနှစ်ယောက် မီးဖိုထဲတွင် ငိုင်နေကြစဉ်...

"သတင်းစာလာပြီလား 'ကေခိုင်' "

"အိမ်ရှေ့မှာ ရှာကြည့်လေ... မတွေ့ရင်တော့ မလာသေးလို့ ဖြစ်မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ခါတိုင်း ဒီအချိန်ဆို လာပါပြီ"

ဝရံတာတွင် ထိုင်ပြီး ခြံဝဆီလှမ်းကြည့်နေကြောင်း တွေ့ရသည်။

နာရီဝက်ခန့် ကြာသောအခါ...

"ဟိတ် 'မိကေ'... နင် သတင်းစာ ဖွက်ထားတယ် မဟုတ်လား"

"မဖွက်ပါဘူး 'ကိုမောင်' ရဲ့... တကယ် မလာသေးတာပါ"

"အေးနော်... ဒီနားက အိမ်တွေမှာလိုက်မေးလို့ လာပြီဆိုရင် နာပြီသာမှတ်"

ခြေလှမ်းကျဲကြီးများဖြင့် ထွက်သွားသော အစ်ကိုဖြစ်သူ၏ ပုံစံကိုကြည့်ပြီး 'ကေခိုင့်' မျက်နှာလေး ဖြူဖတ်ဖြူလျှော်ဖြစ်သွားခဲ့သည်။

"အမေ အမေ သမီးကြောက်တယ်... ပြန်လာရင် တစ်ခုခုလုပ်လိမ့်မယ် ထင်တယ်... ဘယ်မှာပုန်းရမလဲ ဟင်... လုပ်ပါအုံး"

"သိပ်ကြောက်ရင်လည်း ဆေးမြစ်စုံတွေလှောင်တဲ့ ဂိုဒေါင်ထဲမှာ လုံအောင် ပုန်းချင်ပုန်း... လုံးဝမထွက်နဲ့"

"အမေရော... အမေရော"

"အင်း အမေကတော့ သူ စိတ်ပြေအောင် ဖျောင်းဖျရမှာပေါ့ကွယ်... ဟော ဟိုမှာ သတင်းစာကိုင်ပြီး ပြန်လာနေပြီ... ပုံစံမမှန်ဘူး... အိမ်နောက်ဘက်က မြန်မြန်ပြေးတော့"

ဆေးမြစ်စုံ ခြင်းတောင်းကြီးတွေကြားတွင် ပိပြားနေအောင် ပုန်းနေခဲ့ပြီဖြစ်သော်လည်း နားကိုတော့ စွင့်ထားမိပါသည်။

"ဘာလို့ ကျွန်တော့်ကို ညာတာလဲ... 'ကေခိုင်' ရော ထွက်ခဲ့စမ်း"

"မင်း စိတ်ဆင်းရဲမှာ စိုးလို့ပေါ့ကွယ်... မင်းကို ကြောက်လို့



www.burmeseclassic.com

www.burmeseclassic.com


ထွက်ပြေးသွားပြီ"

"ဘယ်ကို ထွက်ပြေးတာလဲ"

"မင်္ဂလာဒုံအိမ်ကို"

"ဟာ အဲ့ဒီမှာနေလို့ ဘယ်ဖြစ်မှာလဲ... 'ဦးလှသိန်း' ဆိုတဲ့လူက သမီးလိုလို အမေလိုလို ရတာ ယူမယ့်လူ... မဖြစ်ပါဘူး... ကျုပ်လိုက်သွားမှ ဖြစ်မှာပါ"

လောလောဆယ် ဤအိမ်တွင်မရှိလျှင် ပြီးရောဟု ပြောလိုက်ခြင်းဖြစ်သည်။ 'ကိုလှသိန်း' နှင့် ရန်ဖြစ်နေလျှင် ဒုက္ခ။

သူတို့လင်မယားနေသည့် အိမ်တွင်းဝင်သွားပြီး ဘာလုပ်နေသည်တော့ မသိ။

ထိုစဉ် ခြံတံခါးဝမှ...

" 'ကေခိုင်' ရေ 'ကေခိုင်' "

"ဟင် ဒုက္ခပါပဲ... ဒီနေ့ကျမှ တိုက်တိုက်ဆိုင်ဆိုင် ရောက်လာရတယ်လို့ 'ကျော်သူရ' ရယ်... 'ကေခိုင်' များ ထွက်လာရင်တော့ ဒုက္ခပါပဲ... ဘုရား ဘုရား"

'ဒေါ်ခင်သန်းဆင့်' ခြံဝသို့ ပြေးထွက်ပြီး ပြန်နိုင်းမည်လုပ်နေစဉ်...

နှင်းဆီပန်းခက်ကလေးနှင့် ရောက်လာသော 'ကျော်သူရ' ဆီသို့ အရင်ပြေးထွက်သွားသူက 'မောင်မောင်ခင်'။

"ဟေ့ကောင် အတင့်ရဲလှချည်လား... ငါ့မိန်းမကို ပန်းပေးလိုက်... ငါ့နှမကို ပန်းပေးလိုက်နဲ့ မိန်းကလေးတွေကို လိုက်နှောင့်ယှက်ဖျက်ဆီးနေတဲ့အကောင်... ကဲ သေပေတော့ကွာ... သေပေတော့"

ခြံထဲတွင် ထောင်ထားသော မြက်ခုတ်သည့်ဓါးဖြင့် အားရပါးရ ခုတ်လိုက်ခြင်းဖြစ်သည်။


www.burmeseclassic.com

www.burmeseclassic.com



ဖြူဖြူသန့်သန့်၊ အရပ်မြင့်မြင့် ခပ်ချောချော 'ကျော်သူရ' ခမြာ ဝင်လာကာစက ပျော်ပျော်မြူးမြူး တက်တက်ကြွကြွနှင့် ပြုံးရွှင်စွာ ဝင်လာခဲ့ခြင်းသည်...

ယခုတော့ မထင်မှတ်ဘဲ အစွပ်စွဲခံလိုက်ရသဖြင့် ပါးစပ်ဟောင်းလောင်း၊ မျက်လုံးအပြူးသားကြည့်နေရာမှ မထင်မှတ်ပဲ ယူလာသော ဓါးဖြင့် ခုတ်ချခြင်း ခံလိုက်ရသဖြင့် အားကနဲအော်ရင်း လဲကျသွားတော့သည်။

"ဟဲ့ သား မလုပ်ပါနဲ့ကွယ်... ဒါ 'ကိုဇော်' မဟုတ်ဘူးလေ မင်းညီမရဲ့ချစ်သူ 'ကျော်သူရ' လေ"

"အံမယ်လေး ဘယ်လိုလုပ်လိုက်တာလဲ 'ကိုမောင်' ရယ်... 'ကိုကျော်' တော့ သေပြီထင်တယ်... 'ကိုကျော်' 'ကိုကျော်' "

ပုန်းနေရာမှ အော်သံဟစ်သံများကြောင့် ပြေးထွက်လာသော 'ကေခိုင်' တစ်ယောက်၊ သွေးအိုင်ထဲတွင် လဲနေသော ချစ်သူကိုမြင် လိုက်ရသောအခါ...

'အံမယ်လေး... ဖြစ်မှဖြစ်ရလေ 'ကိုကျော်' ရယ်... 'ကေခိုင်' ကို ချစ်မိလို့ 'ကိုကျော်' ဘဝဆုံးပါပြီ... အီး ဟီး ဟီး"

'ကေခိုင်' လည်း 'ကျော်သူရ' ကိုယ်ပေါ်သို့ ပျော့ခွေကျသွားပါပြီ။ 'ဒေါ်ခင်သန်းဆင့်' က အံကြိတ်ရင်း...

"မင်းလို လူသတ်သမားကို မွေးထားမိလို့ ငါ့အစ်ကိုလည်း သေရပြီ... 'ကျော်သူရ' ဟာ အမေအိုကြီးကို ရှာဖွေကျွေးမွေးနေတဲ့ လူလိမ္မာလေးကွ... မင်းညီမ အဆင်မပြေတုန်းကလည်း သူပဲ ထောက် ပံ့ခဲ့တာ... မင်းလိုကောင်ကို လူ့လောကမှာ ဆက်ထားရင် အများကြီး အန္တရာယ်ရှိတယ်...

မင်းကို ငါကိုယ်တိုင် သတ်မယ် သတ်မယ်"

'ဒေါ်ခင်သန်းဆင့်' က သားဆီက ဓါးကိုလုယူနေစဉ် ခြံထဲ



www.burmeseclassic.com

www.burmeseclassic.com


သို့ ဆေးခတ်ဖို့ဝင်လာသော အလုပ်သမားတစ်ဦးကို မြင်သဖြင့် 'မောင်မောင်ခင်' က လှစ်ကနဲ ပြေးထွက်သွားတော့သည်။


www.burmeseclassic.com

www.burmeseclassic.com



# ၁၇

"ဟဲလို ဖွားဖွားလား"

"အေး 'မောင်ဇော်'... ဒီနေ့ ဘာလို့ပေါ်မလာသေးတာလဲ"

"လာလို့ မဖြစ်ဘူးထင်တယ်"

"ဟဲ့ ဘာဖြစ်လို့တုန်း"

"'မောင်မောင်ခင်' တို့ရပ်ကွက်ထဲက ကျွန်တော်တို့နဲ့ ဆွေမျိုးမကင်းတဲ့ တရားသူကြီးကို သိတယ် မဟုတ်လား"

"အေးလေ... 'အတော့' တို့ လက်မှတ်သွားထိုးတဲ့ တရားသူကြီးကို ပြောတာမဟုတ်လား"

"ဟုတ်တယ်... စောစောက သူ ဖုန်းဆက်တယ်... 'မောင်မောင်ခင်' လူသတ်ပြီး ထွက်ပြေးသွားပြီတဲ့"

"ဟဲ့ ဘယ်သူ့ကို သတ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com


"သူ့ ယောက်ဖလောင်းတဲ့... ကျွန်တော်နဲ့ အရမ်းတူလို့လူမှားပြီး သတ်တာတဲ့"

"အလို ဘုရားရေ... ဒါဆို မင်းကို ထပ်သတ်အုံးမယ်ထင်တယ် မြန်မြန်မိအောင် ဖမ်းခိုင်းလေ"

"သူ့ကို သက်ဆိုင်ရာက လိုက်ရှာနေကြပါပြီ... ဒါပေမဲ့ ကျွန်တော်တို့ အားလုံးတော့ သတိဝီရိယနဲ့ နေကြမှ ဖြစ်တော့မယ်"

"ကိုယ့်အိမ်ထဲ ကိုယ်နေရင်တော့ စိတ်ချရတယ် မဟုတ်လား"

"သူက အဲ့ဒီအိမ်ထဲ အဝင်အထွက်ရှိဘူးတော့ ခိုးကြောင်ခိုးဝှက်နဲ့ ဝင်လာနိုင်တယ်လေ... ပြီးတော့ 'အတာ' ကလည်း သိပ်ယုံရတာမဟုတ်ဘူး... တံခါးတွေဘာတွေ ဖွင့်ပေးချင်ဖွင့်ပေးမှာ... အကောင်းဆုံးကတော့ သူ့ကိုမမိမခြင်း ခြေရာဖျောက်ထားရင် ကောင်းမယ်... ကျွန်တော်လည်း ခရီးထွက်တော့မယ်"

"ဟဲ့ ဘယ်ကိုသွားမှာတုန်း... အဆက်အသွယ်လည်း လုပ်အုံး"

"ဟုတ်ကဲ့... ရောက်တဲ့နေရာက ဖုန်းဆက်ပါ့မယ်... 'အတာ' နဲ့ယူဖို့ ကိစ္စကိုတော့ ကျွန်တော် စိတ်ပျက်သွားပြီ ဖွားဖွား... ဖူးစာမပါတော့ဘူးလို့သာ သဘောထားလိုက်ပါတော့"

"ဟင်..."

ဖုန်းချသွားပြီဖြစ်၍ 'ဒေါ်လွန်း' မျက်လုံးပြူးကြီးဖြင့် ငိုင်နေပါတော့သည်။ ခဏကြာမှ ပြတင်းပေါက်လိုက်ကာတွေ အကုန်ပြေးပိတ်ပြီး လမ်းမပေါ်ကိုချောင်းလိုက်၊ ခြံထဲကိုချောင်းလိုက်နှင့် ချွေးပင်ပြန်နေပါပြီ။

"ကလင် ကလင် ကလင်"

"ဟင်..."

လန့်ပြီး ရင်ပတ်ကိုပင် ဖိထားလိုက်မိသည်။ တုန်တုန်ရီရီဖြင့်

"ဟယ် လို..."


www.burmeseclassic.com

www.burmeseclassic.com



"ဖွားဖွား ကျွန်တော် 'မောင်မောင်ခင်' ပါ"

"အံ့ဓမယ်လေး"

အသံတိတ် အော်ခြင်းဖြစ်ပါသည်။

"မမနဲ့စကားပြောချင်တယ်… ခေါ်ပေးစမ်းပါ"

" 'အတာ' တို့ ခရီးထွက်သွားကြတယ်ကွဲ့"

"ဘယ်ကို သွားတာလဲ… လိပ်စာပေးပါ"

"မင်း လူသတ်တယ် သတင်းကြားလို့ သူလည်း ကြောက်လန့်ပြီး ခြေရာဖျောက်သွားတာပဲ"

"ကျွန်တော် မယုံပါဘူး… ကောင်းပြီလေ… ဒီနေ့ည ကျုပ်မိန်းမကို ကျုပ်ခေါ်ထဲ လာမပို့ရင် 'ဒေါ်မေပွင့်' အလောင်းကို ခင်ဗျားခြံထဲလာပို့မယ်"

"ဟင် နင် ဘာစကားပြောတာလဲ… နင် လုပ်တိုင်းရမယ် ထင်သလားဟဲ့… 'မေပွင့်' ရေ… 'မေပွင့်' "

'ဖွားလွန်း' ဖုန်းခွက်ကို ပြန်ချပြီး သမီးကို ရှာသည်။

" 'အန်တီပွင့်' ဈေးသွားပါတယ် ဖွားဖွား"

"ဟင် ကြာပြီလား"

"ကြာပါပြီ… ခါတိုင်းဆို ဒီအချိန် ပြန်ရောက်ပြီ"

"ဟဲ့ ဈေးထဲသွားရှာစမ်း… 'အတာ' အဖေရော"

"အန်ကယ်လည်း အလုပ်ကိစ္စရှိလို့ အပြင်ထွက်သွားပါတယ် 'အန်တီပွင့်' ကို ဈေးမှာဝင်ချပေးမယ်လို့ ပြောသွားတာပဲ"

"ဒါဆို 'မေပွင့်' အပြန်မှာ တစ်ယောက်တည်းပေါ့"

"ဟုတ်ကဲ့"

"ဒုက္ခပါပဲ… သွား သွား… 'မေပွင့်' နောက်ကို လိုက်ကြစမ်း"

'ဒေါ်လွန်း' ယက်ကန်းစင်ကလွန်းလို ဧည့်ခန်းထဲတွင် ဖြတ်ကာ ဖြတ်ကာ ပြေးလွှားနေပါတော့သည်။ အကြံဉာဏ်တွေလည်း ထုတ်



www.burmeseclassic.com

www.burmeseclassic.com



နေမိသည်။ မြွေမသေ၊ တုတ်မကျိုး။ မြွေမသေ၊ တုတ်မကျိုး။

ဟုတ်ပြီ။ ဒီတစ်ခါ ဖုန်းလာလျှင် သူ့မိန်းမကို ညနေဘက် ခြံထဲအရောက်လာပို့ပေးမည်ဟု ပြောလိုက်မည်။ 'မေပွင့်' ကိုလည်း အိမ်ပြန်ပို့ပေးခိုင်းမည်။ မွန်းလွဲသည်အထိ 'မေပွင့်' ပေါ်မလာသဖြင့် 'ဒေါ်လွန်း' ယောက်ယက်ခတ်နေရှာသည်။

'သန်းဇော်' ဆီ ဖုန်းဆက်တော့လည်း ခရီးထွက်သွားပြီဟု ပြောကြသည်။

"ကလင် ကလင် ကလင်"

ဝမ်းသာအားရ ပြေးကိုင်မိသည်။

"မမနဲ့ စကားပြောချင်တယ်"

"မင်း ငါ့သမီးကို ဘယ်မှာဖွက်ထားသလဲ"

"ညနေကျရင် ပြန်ပို့ပေးမှာပါ... မမကိုသာ ကျွန်တော့်ခြံထဲ ပြန်ခိုင်းလိုက်ပါ... လောလောဆယ် မမနဲ့ စကားပြောချင်တယ်... သူနဲ့ပြောပြီးမှ ကျန်တာဆုံးဖြတ်နိုင်မှာ"

'မေသကြင်န်' နှင့် စကားပြောခွင့် ပြုလိုက်ရသည်။

'ဖွားလွန်း' က 'မောင်မောင်ခင့်' စကားသံကို ကြားနိုင်ရန် စပီကာကို ဖိထားလိုက်သည်။

"မမလား..."

"ဟုတ်တယ်"

"'ဖွားလွန်း' က အတင်းပြန်ခွဲနေပြီရော... သတင်းစာထဲမှာလည်း ကွာရှင်းသတင်းထည့်ထားတာ မမ သိလား"

"အင်း သူတို့ထည့်မယ် ပြောနေကျတာပဲ... နေမကောင်းလို့ အိပ်ယာထဲခွေနေတာ ရောက်စတည်းကပဲ"

"ကျွန်တော် မျှော်နေလွမ်းနေမယ်ဆိုတာ မသိဘူးလားဗျာ... ရက်စက်လှချည်လား"



www.burmeseclassic.com

www.burmeseclassic.com



"ပြန်မလွှတ်ကြတော့ဘူး... အခန်းထဲ သော့ခတ်ထားတာလေ"

"ညနေကျရင် မောင့်အိမ်ကို ပြန်လာခဲ့... သူတို့လွှတ်လိမ့်မယ် မောင် မလာမချင်း မောင်တို့အိမ်လေးမှာပဲ စောင့်နေ... ဘယ်မှမသွားနဲ့... ကိုယ့်ယောက်ျားစကားနားမထောင်ဘဲ သူများစကားနားထောင်မယ်ဆိုရင် ဝေးသထက်ဝေးဖို့ပဲ ရှိတယ်... ဖွားဖွားကိုလည်း ပြောလိုက်အုံး... မမကို ပြန်ရဖို့လူတွေအများကြီး သတ်မပစ်ချင်ဘူးလို့ ကြားလား"

"အင်းပါ... မမကို သူတို့ဖမ်းချုပ်ထားကြလို့ မလာနိုင်တာပါ... မမချစ်တာ မောင့်ကိုပါ... တခြား ဘယ်သူ့ကိုမှ မယူဘူးဆိုတာယုံနော်"

"ယုံပါတယ်... သူတို့ မဖမ်းချုပ်ရဲတော့ပါဘူး... မောင့်အိမ်ကိုသာ ပြန်လာခဲ့... မောင် ဒီရက်ပိုင်း ရောက်မလာသေးရင်လည်း မေမေတို့ 'ကေခိုင်' တို့နဲ့ အတူနေနော်"

"စိတ်ချပါ မောင်"



www.burmeseclassic.com

www.burmeseclassic.com



ဈေးပြန် 'ဒေါ်မေပွင့်' ကို လူရှင်းသည့်နေရာတွင် ခါးနှင့်ထောက်၍ ကားနောက်ဖုံးထဲတွင် ကြိုးတုတ်ပြီး ထည့်ထားခြင်းဖြစ်သည်။

ထို့နောက် မင်္ဂလာဒုံဘက်ရှိ အိမ်သို့မောင်းခေါ်ခဲ့သည်။ အိမ်၏ နောက်ဘက်နားတွင် ကားကိုရပ်ထားပြီး အိမ်ထဲတွင် တရေးတမောအိပ်သေးသည်။

"ဟာ 'မောင်မောင်' ပါလား… မိန်းမရော မပါဘူးလား"

'ဦးလှသိန်း' ၏ အသံကြောင့် 'မောင်မောင်ခင်' မျက်လုံးပြူးသွားပြီ။

"ပါလာတယ်… လမ်းမှာ ရန်ဖြစ်ပြီး စကားများလွန်းလို့ ကားနောက်ဖုံးထဲ သော့ပိတ်ပြီးထည့်ထားတယ်"

"ဟာ ဟော့ကောင်… သနားပါတယ် မလုပ်ပါနဲ့"

'ဦးလှသိန်း' ကားရှိရာ သွားနေသဖြင့် 'မောင်မောင်ခင်' ပါ



www.burmeseclassic.com

www.burmeseclassic.com


ကားရှိရာ လိုက်သွားခဲ့သည်။

"ဟာ ဘယ်သူ့ကားလဲ... မင်းတို့ခြံထဲကကားလည်း မဟုတ် 'မေသကြၤန်' တို့အိမ်က ကားလည်း မဟုတ်"

"မမတို့အိမ်မှာ ကားတွေ လေးငါးစီး ရှိတာဗျာ"

ထိုအချိန်တွင် ဤကားပိုင်ရှင်က ကားအလုခံထားရသဖြင့် တိုင်ချက်ဖွင့်နေချိန်ဖြစ်သည်။ ကားနောက်ဖုံးထဲမှ အော်သံ၊ ထုရိုက်သံတွေလည်း ကြားနေရသည်။

"သနားပါတယ်ကွာ... မွန်းပြီးသေသွားအုံးမယ်... ဖွင့်ပေးလိုက်ပါ"

"ခင်ဗျား နေရာတကာ တယ်လျှာရှည်ပါလား... ကိုယ့်ကိစ္စမဟုတ်တာ ဝင်မပါနဲ့ဗျာ... ကျုပ် အေးအေးဆေးဆေး နေချင်တယ်"

'ဦးလှသိန်း'ကလည်း အမြဲရန်လိုနေသူနှင့် စကားဆက်မပြောလိုတော့ပါ။ ယခုအချိန် 'ခင်သန်းဆင့်' ထံသွားလျှင် လွတ်လွတ်လပ်လပ်တွေ့ခွင့် ရနိုင်သဖြင့် ကားမောင်းပြီး ထွက်ခဲ့သည်။

'မောင်မောင်ခင်' က တစ်ဖက်ခြံတွင် အေးအေးဆေးဆေး ဖုန်းစကားပြောလိုက်သေးသည်။ တယ်လီဖုန်းပြောအပြီး ပြန်အထွက်တွင် မိမိအိမ်ဘက်သို့ ရဲကားတစ်စီးမောင်းသွားပြီး၊ ရဲများဆင်းသွားကြောင်းတွေ့ရသဖြင့် 'ဦးလှသိန်း' သတင်းပေးပို့လိုက်ခြင်းဟု တပ်အပ်စွပ်စွဲမိသည်။

အမှန်တော့ 'ကျော်သူရ' ကို သတ်မှုဖြင့် ရဲက 'မောင်မောင်ခင်' သွားတတ်သည့်နေရာများကို လိုက်လံရှာဖွေနေပြီဖြစ်သည်။ 'မောင်မောင်ခင်' တခြားတစ်ဖက်သို့ လစ်ထွက်ခဲ့သည်။ တစ်နေကုန် ရွှေတိဂုံဘုရားကြီး၏ ချောင်တစ်ချောင်တွင် မျက်လွှာချ၍ ပုတီးစိပ်နေလိုက်သည်။

ရဲကားတစ်စီး ခြံထဲဝင်လာသဖြင့်၊ 'ဖွားလွန်း' ခမြာ မျက်လုံး


www.burmeseclassic.com

www.burmeseclassic.com



ပြူးကြီးဖြင့် စောင့်ကြိုနေရှာပါသည်။ ကားထဲမှ 'မေပွင့်' ဆင်းလာတာကို မြင်ရသဖြင့် ဝမ်းသာအားရ ပြေးထွက်လာမိသည်။

"ကံကောင်းလို့ မသေတာ အမေရယ်... နောက်နာရီဝက်သာ ဆက်နေရရင် အသက်ရှုကြပ်ပြီး သေဖို့ပဲရှိတော့တယ်... ဒီကောင်လေး စိတ်ဖောက်ပြန်နေတယ်လို့ တွက်ဆနေကြတယ်"

"အံမယ်လေး တော်ပါသေးရဲ့... ညည်းသာ စောစောပြန်ရောက်မလာရင် ညည်းနဲ့အလဲအထပ်လုပ်ဖို့ 'အတော့' ကို ညနေဘက်သူ့ယောက်ျားဆီ ပြန်ပို့ပေးတော့မလို့"

"သွားစရာ မလိုတော့ပါဘူး... သူ့ကို ဖမ်းဖို့အားလုံး စီစဉ်နေကြပြီ... ငါ့သမီးလေး အဖြစ်ကဆိုးလိုက်တာကွယ်... စိတ္တဇလူသတ်သမားနဲ့မှ ချစ်မိရတယ်လို့"

"အို ကွာရှင်းပြီးပြီပဲ... ဘာမှ မဆိုင်တော့ပါဘူး"

'မေသကြိန်' က တင်းမာသော မျက်နှာဖြင့်...

"'အတော့' ကို သူ့ဆီမလွှတ်ရင် အဖွားတို့ကို တစ်မျိုးမဟုတ်တစ်မျိုး ရန်ရှာနေမှာပေါ့"

"အလွန်ဆုံး တစ်ပတ်ပေါ့အေ... ပြီးရင် ထောင်ကျမှာပဲ... ထောင်ထဲရောက်ရင် အေးတာပဲ"

"အို 'အတာ' ကတော့ ထောင်ကထွက်တဲ့ရက်ကို စောင့်မှာပဲ"

"အေး စောင့် စောင့်... ညည်းသဘောပဲ"

'ဦးလှသိန်း' မောင်းလာသည့်ကားက ထုံးစံအတိုင်း အသံမျိုးစုံမြည်ပြီး အိမ်အပြန်လမ်းကြားထဲ ချိုးကွေ့ဝင်လာခဲ့သည်။ ရုတ်တရက် လူတစ်ယောက် လှမ်းတားသဖြင့် လက်ခါပြမိသည်။

"မအားဘူး... ကားသိမ်းပြီး ပြန်လာတာ"

"သိပါတယ်... အိမ်အထိပဲ လိုက်စီးမှာပါ"

"ဟာ ဟော့ကောင် မင်းမိန်းမရော"



www.burmeseclassic.com

www.burmeseclassic.com



'မောင်မောင်ခင်' က ကားထဲဝင်ထိုင်ရင်း၊ လွယ်အိတ်ထဲမှ ပြောင်လက်စူးရှသော ဓါးမြှောင်ကိုထုတ်၍ 'ဦးလှသိန်း'၏ နံကြားကို ထောက်လိုက်ပါသည်။

"ဟော့ကောင် ဘာလုပ်တာလဲ… ဓါးပြတိုက်တာလား"

"ခင်ဗျား တစ်နေကုန် ဘယ်သွားနေတာလဲ"

"အိမ်က ထွက်တုန်းကတော့ မင်းအမေဆီသွားပြီး မင်းအကြောင်းသွားပြောမလို့ပဲ… ဒါပေမဲ့လမ်းထိပ်ရောက်တော့ ပဲခူးကို အော်ဒါငှားလို့ ဝမ်းသာအားရ လိုက်သွားခဲ့တာ"

"ကျုပ်ကိုလည်း × × × လမ်းဘက် လိုက်ပို့ပေးစမ်းပါ"

"ဟာကွာ ငါ အိပ်ချင်ပြီ… မင်း ကားယူချင်ယူသွားလိုက်… ဆီတော့ ကုန်ခါနီးပြီ"

"ခင်ဗျား ကားစုတ်ကြီး ခင်ဗျားပဲ မောင်းပို့ဗျာ… ကောင်းကောင်းပြောတာ နားမထောင်ရင် ကျုပ်က တကယ်ထိုးမှာ"

တကယ်ထိုးသဖြင့် ဗိုက်သားပင် ရှသလို ဖြစ်သွားခဲ့သည်။

'ဦးလှသိန်း' တစ်ယောက် မိမိအကြောင်း ဘာမှ မသိသေးပါလား။

ကောင်းလေစွ။ ဓါးထောက်ထားသဖြင့် ကြောက်နေပုံရသည်။

"ရပြီ… ဟော ဟို သစ်ပင်အောက်မှာ ရပ်လိုက်တော့"

နာရီဝက်ခန့် ရပ်နေရသဖြင့် 'ဦးလှသိန်း' က ဂျီကန်လာသည်။

"ခင်ဗျား ပါးစပ် မပိတ်ဘူးလား… ပိတ်အောင် လုပ်လိုက်ရမလား"

"တကယ် ထိုးရဲလို့လား… ထောင်ကျချင်လို့လား… ငါက ပထွေးလောင်းမို့ မင်းကို မဖမ်းစေချင်ရင်တောင် အပြစ်ရှိရင်တော့ ရဲကဖမ်းမှာပဲ"

"ပထွေးလောင်းတော့ မဖြစ်ဘူး… မသာလောင်း ဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com



မယ်”

“အား ဟော့ကောင်… တကယ် အသားကို ထိုးမိနေပြီကွ”

ထိုအချိန်တွင် ‘မောင်မောင်ခင်’ မျက်လုံးများ မီးဝင်းဝင်း တောက်သွားကြောင်း တွေ့လိုက်ရသည်။

‘ကိုဖော်’ ၏ကားကို တွေ့လိုက်ရသောကြောင့် ဖြစ်သည်။

ရုတ်တရက် ‘ဦးလှသိန်း’ ၏ ပါးစပ်ထဲသို့ လက်ကိုင်ပုဝါတစ်ထည် လုံး၍ထည့်လိုက်ပြီး၊ လက်နှစ်ဖက် ခြေနှစ်ဖက်ကို ကြိုးတုတ်လိုက်သည်။ ထို့နောက် ‘သန်းဖော်’ ၏ ကားကို စောင့်ကြည့်နေပါသည်။ ကားထဲမှ ‘သန်းဖော်’ နှင့် ‘နွယ်’ တို့ ဆင်းသွားကြပြီးနောက် ‘သန်းဖော်’ တစ်ယောက်တည်း ပြန်ထွက်လာချိန်တွင် ‘မောင်မောင်ခင်’ ရုတ်တရက် ပြေးဆင်းသွားတော့သည်။

‘သန်းဖော်’ ကားထဲရောက်သည်နှင့် ‘မောင်မောင်ခင်’ ကားတံခါးကို ဆွဲဖွင့်ပြီး ဓါးဖြင့်ထိုးနေကြောင်း တွေ့ရသည်။ ပါးစပ်ကို ပိတ်ထားသဖြင့် အော်သံသဲ့သဲ့သာ ကြားရသည်။

လေးငါးချက်ထိုးပြီးမှ ‘ဦးလှသိန်း’ ထံ ပြန်ပြေးလာခဲ့သည်။ ‘ဦးလှသိန်း’ ကို နေရာ ရွှေ့ခိုင်းပြီး ကားကိုကိုယ်တိုင်မောင်းသည်။ အိမ်ရောက်သောအခါ ‘ဦးလှသိန်း’ ကို အိပ်ယာထဲတွင် သေချာသိပ်သည်။ စောင်ပင် ခြုံပေးလိုက်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



'မောင်မောင်ခင်' အံ့သြသွားသည်။

'သန်းဇော်' ကိုသတ်ပြီးနောက် ထုံးစံအတိုင်း လူရှင်းသည့် စေတီတစ်ခု၏ ဂူငယ်လေးတွင် နှစ်ရက်တိတိ ပုတီးစိပ်နေခဲ့ပါသည်။ ယနေ့ မိုးချုပ်ချိန်တွင် မိန်းမဖြစ်သူကို တွေ့ရလို တွေ့ရငြား အသည်းနှလုံးနှင့် သွေးသားက တောင်းဆိုသဖြင့် နေဝင်ချိန်ကျမှ ရောက်လာခဲ့ခြင်း ဖြစ်သည်။

အိမ်ထဲမှ မီးရောင်ကြောင့် 'မေသကြာ်နီ' ၏ ပုံရိပ်များက ခန်းဆီးစတွင် အရိပ်ထင်နေပါသည်။ 'မောင်မောင်ခင်' တစ်ယောက် ဖြစ်ချင်ရာဖြစ်ဆိုပြီး ခြံထဲဖွတ်ဝင်ဖို့ ဆုံးဖြတ်လိုက်သည်။ ခြံစောင့်မသိအောင် ကျော်ဝင်ဖို့ ဆုံးဖြတ်လိုက်သည်။

ခြံစည်းရိုးပေါ် ကျော်တက်နေစဉ်၊ ရုတ်တရက် ကားတစ်စီးရောက်လာသဖြင့် လှမ်းကြည့်လိုက်သောအခါ 'သန်းဇော်' ၏ ကား



www.burmeseclassic.com

www.burmeseclassic.com


ဖြစ်နေသဖြင့် အံ့ဩသွားခြင်း ဖြစ်သည်။

ပို၍ အံ့ဩသွားပြီး၊ တုန်လှုပ်ချောက်ခြား သွားရသည့် မြင်ကွင်းကတော့ ကားထဲမှထုံးစံအတိုင်း နှင်းဆီပန်းတစ်ခက်နှင့် ပစ္စည်းတစ်ထုပ်ကိုင်၍ ဆင်းလာသော 'သန်းဇော်' ကို မြင်လိုက်ရသောကြောင့်ဖြစ်သည်။

ဧကန္တ မိမိ၏ ခါးချက်များက ဆေးလောက်အောင် မပြင်းထန်ဘူးထင်ပါရဲ့။ ဆင်ဝင်အောက်ဆီသို့ ရောက်ကာနီးပြီဖြစ်သော 'သန်းဇော်' ရှိရာ တစ်ရှိန်ထိုးပြေးသွားပြီး ခါးကြားတွင်ထိုးထားသော ဓါးမြှောင်ဖြင့် ဒေါသတကြီး လှမ်းထိုးတော့သည်။

'သန်းဇော်' က ရှောင်သည်။ 'မောင်မောင်ခင့်' လက်ကို နောက်ပြန်ဆွဲလိမ်ထားစဉ် 'မောင်မောင်ခင့်' ခြေတစ်ဖက်က 'သန်းဇော်' ၏ ဆီးစပ်ကို လှမ်းကန်လိုက်နိုင်သဖြင့် 'သန်းဇော်' ယိုင်လဲသွားစဉ် 'မောင်မောင်ခင်' ထွက်ပြေးသွားသည်။

"မီးထွန်း မီးထွန်း"

ခြံထဲရှိ မီးများလင်းသွားသည်။

ခြံနောက်ဘက်သို့ ပြေးထွက်သွားသော 'မောင်မောင်ခင့်' နောက်သို့ ရဲအဖွဲ့က ပြေးလိုက်ကြသည်။

ရဲသုံးလေးယောက် ဝိုင်းဖမ်းသည့်ကြားက 'မောင်မောင်ခင်' က ဓါးဖြင့် ကာကွယ်ရင်း လွတ်မြောက်သွားသည်။

"မလွတ်စေနဲ့ဟေ့... အမိသာဖမ်း"

ရဲတစ်ယောက် ဝင်လုံးသောအခါ ရဲကိုဓါးဖြင့် လှမ်းထိုးသဖြင့် လက်မောင်းကို ထိသွားခဲ့သည်။

"ကဲ သိပ်ကြမ်းလာရင်တော့ ပစ်ဖမ်းမှဖြစ်တော့မယ်ဟေ့... လုံးဝ အလွတ်ခံလို့ မဖြစ်ဘူး... စိတ်အရမ်း ဖောက်နေပြီ... စိတ်လင်တိုင်း လိုက်သတ်နေတော့မယ်"


www.burmeseclassic.com

www.burmeseclassic.com



ခြံထောင့်ကို ခုန်တက်လွတ်မြောက်တော့မည်ဖြစ်၍...

"ပစ် ပစ်"

"ဒိုင်း'ဒိုင်း"

'မောင်မောင်ခင်' ခြံစည်းရိုးပေါ်မှ နောက်ပြန်ဘက်သို့ လန်ကြသွားပါသည်။

ဝေဒနာခံစားရင်းက စခန်းမှူး၏ မျက်နှာနှင့် ပုံပန်းသဏ္ဌာန်ကို မြင်လိုက်သောအခါ တစ်ခါတည်း အသက်ပျောက်သွားပါတော့သည်။

စခန်းမှူး၏ မျက်နှာ၊ ဆံပင်နှင့် ကိုယ်လုံးကိုယ်ထည်၊ အရပ်အမောင်းတို့မှာ 'သန်းဇော်' နှင့် အတော်လေးဆင်နေသောကြောင့် ဖြစ်သည်။

ဟုတ်ပါသည်။

'မောင်မောင်ခင်' ကို ယခုလို ဖမ်းနိုင်ဖို့အတွက်၊ 'သန်းဇော်' နှင့်တူသော ရဲတပ်ဖွဲ့ဝင်များ၊ စခန်းမှူးများကို နှင်းဆီတစ်ခက်စီပေး၍ နေရာချပြီး စောင့်ဖမ်းနေကြခြင်းဖြစ်သည်။

မိခင်နှင့် နှမ 'ကေခိုင်' တို့ ခြံထဲတွင် တစ်ဖွဲ့။

'မေသကြိန်' တို့အိမ်တွင် တစ်ဖွဲ့။

မဖမ်း၍က မဖြစ်တော့။ 'မောင်မောင်ခင်' ၏ စိတ်ဖောက်ပြန်မှုက တစ်နေ့တခြား ပြင်းထန်လာခဲ့ပြီ။

နှင်းဆီတစ်ခက် ကိုင်လာသူများကိုမြင်တိုင်း အထင်မှားအမြင်မှားဖြစ်ပြီး၊ လိုက်သတ်နေလျှင် အပြစ်မဲ့သူတွေကို ဆုံးရှုံးရပေလိမ့်မည်။

ယခုပဲ ကြည့်လေ။ ဘာမျှ အပြစ်မရှိသော 'ကျော်သူရ' ခမြာ အသက်ပျောက်ခဲ့ရပြီ။

လူပွေ၊ လူရှုပ်ကြီး 'သန်းဇော်' လည်း ဆေးရုံအရောက်တွင်



www.burmeseclassic.com

www.burmeseclassic.com



သေဆုံးသွားခဲ့သည်။

ကာယကံရှင် 'မောင်မောင်ခင်' လည်း နေရာတွင် ပွဲချင်းပြီး သွားခဲ့ပါပြီ။

အဖော်မဲ့၍ လွမ်းကျန်ရစ်ခဲ့ကြသူများကတော့ ချစ်သူကိုလက်လွှတ်ဆုံးရှုံးလိုက်ကြရသူများကတော့ 'မေသကြိန်' ရယ်၊ 'တင်လေးနွယ်' ရယ်၊ 'ကေခိုင်' ရယ်ပါပဲ။

သေနတ်သံကြောင့် 'မေသကြိန်' အောက်ထပ်သို့ ပြေးဆင်းခဲ့ပါသည်။ အိမ်ရှေ့သို့ ထွက်ခဲ့ပါသည်။

ချစ်ခင်ပွန်း၏ ရုပ်အလောင်းကို နောက်ပြန်ဆွဲ၍ ခေါ်သွားကြခြင်းဖြစ်သည်။

'မောင်မောင်ခင်' ၏ စူးရှနက်မှောင်သော မျက်လုံးအစုံက 'မေသကြိန်' ကို စိုက်ကြည့်သွားပါသည်။

'မောင်မောင်ခင်' နှုတ်ခမ်းက ပြုံးနေသလိုပါပဲ။

မိမိ ချစ်သူ၊ မိမိ ခင်ပွန်းသည် နောက်ဆုံးထွက်သက်အထိ မိမိကို ချစ်သွားခဲ့သူပါလားဆိုသည့် အတွေးကြောင့် 'မေသကြိန်' ရင်ထဲတွင် တစ်သက်လုံး ဆွေးနေရတော့မှာပါ။ လွမ်းနေရတော့မှာပါ။

BURMESE CLASSIC

စာဖတ်ပရိတ်သတ်များကို
အစဉ်လေးစားလျက်
ဆွေဆွေအောင်



www.burmeseclassic.com